# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၁)


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)

## ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိစေဖို့ နိုင်ငံတစ်ဝန်းမှာ အလုပ်အကိုင်ရှာဖွေရေးရုံး (၈၃)ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ၂၀၁၈ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယဟာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများကို အလေးအနက်ထားဂုဏ်ပြုတဲ့ အလုပ်သမားနေ့ အခါသမယဖြစ်ပါတယ်။ အခုလို သမိုင်းဝင်နေ့ထူးနေ့မြတ်မှာ ပြည်တွင်းပြည်ပမှာ ရှိနေကြတဲ့ မြန်မာအလုပ်သမားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လုပ်ငန်းဆောင်တာများ အောင်မြင်ကြပါစေ၊ လုပ်ငန်းခွင် အေးချမ်းသာယာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

အခု ရာစုနှစ်အတွင်းမှာ အလုပ်သမားတွေအနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ယခင်ကထက် ပိုမိုရရှိလာပြီဆိုတာ မငြင်းနိုင်ပေမယ့် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတွေရဲ့ရေခံမြေခံ အခြေအနေ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အခြေအနေနဲ့ သက်ဆိုင်ရာ နိုင်ငံအစိုးရနဲ့ ပြည်သူတွေအပေါ် မူတည်ပြီး နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ အလုပ်သမားအခွင့်အရေးတွေမှာ မတူကွဲပြားမှုတွေ ရှိနေတာကိုလည်း လက်ခံရမှာဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတကာအလုပ်သမားရေးရာ စံသတ်မှတ်ချက်တွေကို ထည့်သွင်းစဉ်းစားပြီးတော့ သက်ဆိုင်ရာနိုင်ငံရဲ့အလုပ်သမားရေးရာ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်တွေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို အလုပ်သမားတွေ ရရှိခံစားနိုင်ဖို့၊ ပိုမိုကောင်းမွန်တဲ့ အခွင့်အရေးတွေရရှိပြီး လူမှုစီးပွားဘဝတွေဖွံ့ဖြိုးတိုးတက်စေဖို့၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေဖို့အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ အမြဲစောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## နေရပ်စွန့်ခွာသူများအား ဆောလျင်စွာပြန်လည်လက်ခံရေးမှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် ပြောကြား

**နေပြည်တော် ဧပြီ ၃၀**

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာဘက်မှ

*စာမျက်နှာ ၄ ကော်လံ ၁* ✤

### လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဧပြီ ၃၀**

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ် နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ မြန်မာ့အလင်း

### မြောက်နှင့်တောင် ပေါင်းစည်းခြင်းအတွက် စံတော်ချိန် ပြန်လည်သတ်မှတ်မည်

နိုင်ငံတကာသတင်း စာ » ၁၄

# ၂၀၁၈ ခုနှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။




မြန်မာ့အလင်း

# လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်၏ လူဦးရေသုံးပုံနှစ်ပုံခန့် မှီခိုအားပြုနေရသောကဏ္ဍ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ဤသို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးကိုဆောင်ရွက်ရာ၌ တိုင်းပြည်၏ ပြောင်းလဲလာသော ရာသီဥတုကို အလေးအနက်သုံးသပ်ရန် လိုအပ်သကဲ့သို့ ဈေးကွက် အလားအလာရှိမည့် သီးနှံတို့ကိုလည်း ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။ မွေးမြူရေးကဏ္ဍသည်လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဆက်နွယ်နေသည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးကိုပါ ပူးတွဲအကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြောင်းလဲလာသောဈေးကွက်အပေါ် အခြေခံ၍ သက်ဆိုင်ရာဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အမျိုးမျိုးအဖုံဖုံသော လယ်ယာ၊ သားငါးထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးကို ဦးတည်ဖော်ဆောင်လျက်ရှိပါသည်။ ဤကဲ့သို့ စိုက်ပျိုးထုတ်လုပ်ရာ၌လည်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝရေးနှင့် လယ်ယာအခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများ ထွန်းကားရေးအပေါ် အလေးအနက် အာရုံစိုက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သည့်အခါ ကျေးလက်ဒေသပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကွက်ငယ်လယ်သမားတို့၏ အမှန်တကယ် ဝင်ငွေတိုးရေးကို မဖြစ်မနေဖော်ဆောင်ရမည် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် လယ်ထွန်စက်နှင့် ကောက်ရိတ်သိမ်းစက်ကဲ့သို့သော ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကိုလည်း တွန်းအားပေးဖော်ဆောင်လျက်ရှိပါသည်။ အလားတူပင် ထွက်ရှိလာသော စိုက်ပျိုးရေးထွက်ကုန်တို့ကို နိုင်ငံတကာဈေးကွက်သို့ အဆင့်အတန်းမီမီ တင်ပို့နိုင်ရေးအတွက် ခေတ်မီဆန်စက်များနှင့် သစ်သီးဝလံသန့်စင်စက်များအပါအဝင် ခေတ်မီထုပ်ပိုးစက်များ အသုံးပြုနိုင်ရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ အထက်၌တင်ပြထားသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ဘဏ္ဍာငွေကြေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား စိုက်ပျိုးမွေးမြူရေးကဏ္ဍတစ်ရပ်လုံးကို ဘဏ္ဍာငွေကြေးပံ့ပိုးပေးသည့် ဘဏ်အဖြစ် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအနှံ့အပြား၌ ဘဏ်ခွဲပေါင်း ၂၃၀ ခန့်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို Digital စနစ်သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် Banking Software System ကိုလည်း စတင်စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရှုထောင့်ပေါင်းစုံမှ သုံးသပ်ချဉ်းကပ်ဆောင်ရွက်နေပြီဖြစ်၍ များမကြာသောကာလ၌ တိုးတက်မှုအသီးအပွင့်တို့ကို မြင်တွေ့ရတော့မည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# မောင်းမကန်ကမ်းခြေ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်



**လောင်းလုံး ဧပြီ ၃၀**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာရှိ မောင်းမကန်ကမ်းခြေ၌ ဧပြီ ၂၈ ရက်က တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ မောင်းမကန်ကမ်းခြေ သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းများ ပပျောက်ရေးစသည့် အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ကမ်းခြေသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးမြင့်စန်း၊ တိုင်းဒေသကြီး ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးအမှိုက်ကောက်၍ ကမ်းခြေသာယာလှပရေးများ ပြုလုပ်ခဲ့ကြသည်။ ယင်း မောင်းမကန်ကမ်းခြေသည် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်အပန်းဖြေသော ကမ်းခြေတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**စိုးထွန်း(မြန်/ဆက်)**

ထင်သာမြင်သာ ပြုပြင်စရာ

# စာကြည့်တိုက်မျက်နှာစာရှေ့တွင် သွားလာရလွယ်ကူသော ဝင်ပေါက်ပြုလုပ်ပေးစေလို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ ဗိုလ်စိန်မှန်ပန်းခြံအတွင်း၌တည်ရှိသော ဆရာကြီး ပီမိုးနင်းအားဂုဏ်ပြု၍ "ပီမိုးနင်းစာကြည့်တိုက်"



ကြီး ဖွင့်လှစ်ထားခဲ့သည်မှာ တစ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပါသည်။ သုတ၊ ရသ စာအုပ် စာစောင်များ ငှားရမ်းဖတ်ရှုချင်သည့် စာဖတ်ဝါသနာရှင်များ အထူးသဖြင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်ပညာရေးအတွက်အသုံးပြုရန် စာအုပ်စာစောင်များ ငှားရမ်းလိုသည့်အခါ စာကြည့်တိုက်သို့ဝင်ရန် မျက်နှာစာရှေ့တွင် ဆိုင်ကယ်၊ စက်ဘီးများ ဝင်ထွက်သွားလာရန် လမ်းပေါက်မရှိသဖြင့် ဒေသခံစာဖတ်ပရိသတ်များ အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ယင်းပီမိုးနင်းစာကြည့်တိုက်သည် ယခုအခါ စာအုပ်စာပေပြည့်စုံပါသော်လည်း စာအုပ်ငှားရန် ဝင်လမ်းထွက်လမ်းမရှိသဖြင့် သွားလာရလွယ်ကူသော ဝင်ပေါက်ထွက်ပေါက် ပြုလုပ်ပေးပါက စာအုပ်ငှားရမ်းသူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံ စာဖတ်ပရိသတ်တစ်ဦးက ပြောသည်။

**သန့်ဇော်(သာယာဝတီ)**

## မူခင်းကျဆင်းရေး အသိပညာပေး

**မော်လမြိုင် ဧပြီ ၃၀ -** မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကလော့သော့ကျေးရွာ အ.ထ.က ကျောင်းရှေ့၌ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး ရည်ရွယ်ကာ ကျေးရွာနေပြည်သူများကို ဧပြီ ၂၈ ရက်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ ကျေးရွာ ရာအိမ်မှူးနှင့် ပြည်သူများ တက်ရောက်လာကြပြီး ရဲတပ်ဖွဲ့ဝင်များက မြို့နယ်တွင်း ဆောင်ရွက်လျက်ရှိသော မှုခင်းကျဆင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သောမှုခင်းများ၊ လူကုန်ကူးမှုဖြစ်ပွားနိုင်သောအခြေအနေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆောင်ရန်၊ ရှောင်ရန် လမ်းညွှန်ချက်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃၀-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ | ・၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ | ・၈ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ・၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ・၆ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဧွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

**ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

**ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❀ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံဟာ ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်တွေကို အာဆီယံအဖွဲ့ဝင် နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်တွေကိုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)နဲ့ ပူးပေါင်းပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ် ၂၀၁၈-၂၀၂၁ (Decent Work Country Programme in Myanmar 2018-2021)ကို မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၄ ခုနှစ်မှစပြီး အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (National Tripartite Dialogue Forum- NTDF) များ ကျင်းပခဲ့တာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ (၉)ကြိမ်မြောက် ဆွေးနွေးပွဲမှာ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ် (Decent Work Country Programme)ကို သုံးပွင့်ဆိုင် အတည်ပြုနိုင်ခဲ့ပါတယ်။

သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ ရေရှည်တည်တံ့တဲ့ စွန့်ဦးတီထွင်စီးပွားရေးအခွင့်အလမ်းများကို အလုပ်လုပ်နိုင်သူများ ပိုမိုရရှိလက်လှမ်းမီရေး၊ အလုပ်သမားဈေးကွက် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာခြင်းအားဖြင့် အလုပ်ခွင်များမှာ အခြေခံစည်းမျဉ်းနှင့် အခွင့်အရေးများ ကျင့်သုံးမှုအားကောင်းလာစေရေး၊ ထိခိုက်လွယ်တဲ့ အလုပ်သမားနဲ့ ပြည်သူများအတွက် လူမှုအကာအကွယ်ပေးမှု အကျုံးဝင်စေဖို့ တိုးချဲ့ရေးစတဲ့ ဦးတည်ဆောင်ရွက်ရမယ့် ဦးစားပေးနယ်ပယ် (၃)ရပ်ချမှတ်ပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့်အစီအစဉ်ကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တာကြောင့် သုံးပွင့်ဆိုင် ကိုယ်စားလှယ်များအတွင်း ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများကို ပိုမိုဆောင်ရွက်လာကြတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် အလုပ်သမားများအတွက် ပိုမိုကောင်းမွန်တဲ့ အခွင့်အရေးတွေ ဆောင်ကြဉ်းပေးနိုင်ဖို့အတွက် အလုပ်သမားဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေများ ပြုပြင်ပြောင်းလဲရေးကို သုံးပွင့်ဆိုင် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာစံနှုန်းများကို အခြေခံကာ နိုင်ငံရဲ့ပကတိအခြေအနေနဲ့ ကိုက်ညီအောင် ပြန်လည်သုံးသပ်ခြင်း၊ သုံးသပ်ပြီးတဲ့ ဥပဒေကြမ်းတွေကို ပြည်သူထံချပြ အသိပေးသဘောထားရယူပြီး လွှတ်တော်သို့ တင်ပြခြင်းဖြင့် လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးမှုမိတ်ဖက် အကူအညီနဲ့ အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေး (Labour Law Reform) ဆိုင်ရာ Stakeholder Forum ကို ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ တတိယအကြိမ် Stakeholder Forum မှာ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်သမားများရဲ့ အရည်အသွေးပြည့်ဝလာစေဖို့နဲ့ ကျွမ်းကျင်မှုရှိလာစေဖို့ နည်းပညာနဲ့ သက်မွေးသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ASEAN အဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်ဖို့မှာ ပုဂ္ဂလိကကဏ္ဍကိုပါ ပူးပေါင်းလုပ်ကိုင်ခွင့်ပေးလျက်ရှိပါတယ်။ Public- Private Partnership ပုံစံနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးစီးဦးဆောင်အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး ဦးစားပေးနယ်ပယ်အလိုက် ကျွမ်းကျင်မှုစံများ ရေးဆွဲပြုစုရေး၊ ပုဂ္ဂလိကကဏ္ဍ အသီးသီးအပါအဝင် ကဏ္ဍအလိုက် လေ့ကျင့်ရေးသင်တန်းဌာနများနဲ့ အကဲဖြတ်စစ်ဆေးရေးဌာနများကို တရားဝင်အသိအမှတ်ပြုမှတ်ပုံတင်ပေးရေး၊ နိုင်ငံအဆင့်ကျွမ်းကျင်မှု မူဘောင်နှင့်အညီ အဆင့်တိုင်းအတွက် စစ်ဆေးရေးနဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး စနစ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိစေဖို့ အလုပ်အကိုင်ဆိုင်ရာ မူဝါဒ၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒတို့ချမှတ်ပြီး နိုင်ငံတစ်ဝန်းမှာ အလုပ်အကိုင်ရှာဖွေရေးရုံး (၈၃)ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝေးလံခေါင်ဖျားဒေသများအတွက် ရွေ့လျားအလုပ်သမားမှတ်ပုံတင်ပေးရေးအဖွဲ့ (mobile team) နဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပေးခြင်းဖြင့်လည်း ပြည်တွင်းအလုပ်အကိုင် ရရှိရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလုပ်သမားများ ပြည်ပမှာ သွားရောက်လုပ်ကိုင်နိုင်ဖို့နဲ့ ဥပဒေနှင့်အညီ သတ်မှတ်အခွင့်အရေးများရရှိစေဖို့အတွက် မြန်မာအလုပ်သမားများ သွားရောက်လုပ်ကိုင်တဲ့ နိုင်ငံများနဲ့ အလုပ်သမားစေလွှတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး အလုပ်သမားများ ဘေးကင်းလုံခြုံစိတ်ချစွာ ရွှေ့ပြောင်း သွားလာနိုင်ရေးအတွက်ကိုလည်း အလုပ်သမားအများစု သွားရောက်လုပ်ကိုင်နေတဲ့ နိုင်ငံများအနက် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့မှာ အလုပ်သမားသံအရာရှိများခန့်ထားပြီး အလုပ်သမားများ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အပြည့်အဝရရှိစေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများကိုလည်း ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာ ဖွင့်လှစ်ပြီး အခမဲ့သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံအနှံ့ မြို့ကြီးများမှာ ရွှေ့ပြောင်းသွားလာသူများအတွက် အရင်းအမြစ်ဗဟိုဌာန (Migrant Resource Centre) များ ဖွင့်လှစ်ပြီး သိသင့်တဲ့ သတင်းအချက်အလက်များကို အလုပ်သမားများ သိရှိလိုက်နာနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့ အလုပ်သမားကြီးများခင်ဗျား-**

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နဲ့ အလုပ်ဌာနတွေမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားများရဲ့ လုပ်ခလစာ၊ ဖွင့်ရက်နဲ့ အလုပ်ပိတ်ရက်၊ အလုပ်ချိန် နာရီ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးအတွက် ဥပဒေပါအခွင့်အရေးများ ရရှိစေရေးအတွက် စစ်ဆေးရေးအရာရှိများက ဆောင်ရွက်ပေးလျက်ရှိသလို အလုပ်သမားဥပဒေများ

> **"အာဆီယံလူမှုဖူလုံရေးအဖွဲ့ (ASSA) နဲ့ အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့ (ISSA) တို့မှာလည်း မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေပြီဖြစ်လို့ ဒေသအတွင်းနဲ့ နိုင်ငံတကာလူမှုဖူလုံရေးနယ်ပယ်က ကောင်းမွန်တဲ့ စနစ်တွေကို မျက်ခြည်မပြတ် သိရှိဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ဘဝ စိုပြည်သာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက်စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်"**

သိရှိနားလည်ကျင့်သုံးနိုင်ဖို့ အသိပညာပေးဆွေးနွေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ်ကိုလည်း မကြာမီပြဋ္ဌာန်းဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေအရ ၂၀၁၅ ခုနှစ်မှာ သတ်မှတ်ခဲ့တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားကို (၂)နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာမှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ဖွဲ့စည်းထားတဲ့ အနည်းဆုံးအခကြေးငွေဆိုင်ရာ သုံးပွင့်ဆိုင်ကော်မတီများရဲ့ တွေ့ရှိချက်များကို အခြေခံပြီး သတ်မှတ်ထားတဲ့ အလုပ်သမားများ ရသင့်တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားအသစ်တစ်ရပ်ကို မကြာမီထုတ်ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။

လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံမှုပြေပြစ်ရေး၊ အငြင်းပွားမှု လျော့နည်းကျဆင်းစေရေးနဲ့ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ အလုပ်သမားများ အလုပ်ခွင်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လုပ်ထုံးလုပ်နည်းများ မှားယွင်းမှုမရှိစေဘဲ အစီအစဉ်တကျ လျင်မြန်မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးနဲ့ အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းညီညွတ်ရေးတို့အတွက် အလုပ်ရှင်နှင့်အလုပ်သမားတို့အကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (EC)ချုပ်ဆို ကျင့်သုံးစေလျက်ရှိပါတယ်။ ဒါ့အပြင်အလုပ်ရှင်နဲ့ အလုပ်သမားအငြင်းပွားမှုကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှမျှတတ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရရှိခံစားနိုင်စေဖို့ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပြဋ္ဌာန်းပြီး အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်တဲ့ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်နေသလို ပြေလည်မှုမရတဲ့ အငြင်းပွားမှုများကို အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များပါဝင်တဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခုံသမာဓိအဖွဲ့များနဲ့ ခုံသမာဓိကောင်စီတို့နဲ့ ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိပါတယ်။

အလုပ်သမားများ လူမှုဖူလုံရေးအတွက် ၂၀၁၂ ခုနှစ်မှာ အသစ်ပြဋ္ဌာန်းခဲ့တဲ့ လူမှုဖူလုံရေးဥပဒေအရ ဆောင်ရွက်ပေးလျက်ရှိသလို လူမှုဖူလုံရေးစနစ်မှာ အကျုံးဝင်မှု တိုးချဲ့နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံလူမှုဖူလုံရေးအဖွဲ့ (ASSA)နဲ့ အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအဖွဲ့ (ISSA) တို့မှာလည်း မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေပြီဖြစ်လို့ ဒေသအတွင်းနဲ့ နိုင်ငံတကာလူမှုဖူလုံရေးနယ်ပယ်က ကောင်းမွန်တဲ့စနစ်တွေကို မျက်ခြည်မပြတ် သိရှိဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ဘဝ စိုပြည်သာယာရေးအတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေတွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက်စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်တဲ့အလုပ်သမားကြီးများခင်ဗျား-**

အဓမ္မခိုင်းစေမှုပပျောက်ရေးနဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေကြောင့် ပြည်သူလူထုနဲ့ အာဏာပိုင်အဖွဲ့အစည်းများက ပိုမိုသိမြင်လာပြီး နိုင်ငံရဲ့စီးပွားရေးအခြေအနေကြောင့် ပေါ်ပေါက်ခဲ့ရတဲ့အဓမ္မခိုင်းစေမှု/မလုပ်မနေရ ခိုင်းစေမှုဆိုတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံအတွင်းမှာ တဖြည်းဖြည်းလျော့ပါးလာနေပြီဖြစ်လို့ မြန်မာနိုင်ငံမှာ အဓမ္မခိုင်းစေမှုပပျောက်ရေး အလှမ်းမဝေးတော့ကြောင်း အသိပေးလိုပါတယ်။ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် ၂၀၁၈ ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) နဲ့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကလေးအလုပ်သမား ပပျောက်ရေးအတွက် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဆယ်စုနှစ်များစွာ ဖွဲ့စည်းခွင့်မရရှိခဲ့တဲ့ အလုပ်သမားအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို ယနေ့ရရှိနေပြီဖြစ်ပါတယ်။ အလုပ်သမား အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခြင်းဟာ အလုပ်ရှင်များကို တာဝန်ယူမှုရှိသော လုပ်ငန်းရှင်များဖြစ်လာစေဖို့နဲ့ အခြေခံအလုပ်သမားအခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာစေဖို့၊ အလုပ်သမားများ၊ အလုပ်သမားအဖွဲ့အစည်းများအနေနဲ့ အလုပ်ရှင်နဲ့ အစိုးရအပေါ် တာဝန်ယူမှုရှိသော မိတ်ဖက်များဖြစ်လာစေဖို့၊ နှစ်ဦးနှစ်ဖက်အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု တည်ဆောက်ပြီး အစိုးရရဲ့ ပါဝင်ထိန်းကျောင်းမှုနဲ့ သုံးဦးသုံးဖလှယ် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားမြင့်မားစေဖို့နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့တို့အတွက် ရည်ရွယ်ပြီး စီမံဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း (၂၇၇၂) ဖွဲ့ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများအနေနဲ့ ကိုယ်စားပြုမှု ပိုမိုရရှိလာနေပြီဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကမောင်းနှင်အားဖြစ်တဲ့ အလုပ်သမားများရဲ့ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး၊ လူမှုဖူလုံရေးစနစ် အကျုံးဝင်မှုများ တိုးချဲ့လာနိုင်ရေးစတာတွေအတွက် ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းရှိ အလုပ်ရှင်၊ အလုပ်သမားများအနေနဲ့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ အပြုသဘောတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း အခက်အခဲများ၊ စိန်ခေါ်မှုများကို အောင်မြင်စွာဖြတ်ကျော်ကြပါစို့လို့ အလေးအနက် တိုက်တွန်းပြောကြားအပ်ပါတယ်။





✤ ရှေ့ဖုံးမှ

စိစစ်ပြီးသူများအား ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများအား ဆောလျင်စွာပြန်လည်လက်ခံရေးမှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံသဘောတူထားသည့် ပုံစံမှန်များကို ဖြည့်စွက်၍ ဆောလျင်စွာပြန်လည်ပေးပို့ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ထိခိုက်ခံအသိုက်အဝန်းများအားလုံးကို လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လျက်ရှိမှု၊ အသိုက်အဝန်းများအကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးလိုအပ်မှု၊ နိုင်ငံသားပြုရေးကိစ္စ၊ IDP စခန်းများ ပိတ်သိမ်းလျက်ရှိမှု၊ National Verification Card (NVC) များထုတ်ပေးသည့်ကိစ္စ၊ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းပေါ်တွင် နေထိုင်သူများပြဿနာ၊ အကြမ်းဖက်မှုအချိန်မရွေး ပြန်လည်ဖြစ်ပေါ်လာနိုင်ခြေရှိမှု၊ ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းဇာစ်မြစ်ကို ရှာဖွေဖြေရှင်းရန်လိုအပ်မှု၊ အမုန်းတရား ပြန့်ပွားစေသည့် ပြောကြားမှုများ ကာကွယ်တားဆီးရေးကိစ္စ၊ အတန်းပညာရေး သင်ကြားမှုတိုက်တွန်းပေးရေးကိစ္စတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ တွေ့ဆုံခဲ့သည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု ကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမြ၊ ဦးထွန်းမြတ်၊ ဦးခင်မောင်လေး၊ ဦးလှမြင့်၊ ဒေါက်တာဒေါ်ခင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသာဉာဏ်၊ ဒေါက်တာတင်လှ၊ ဦးအောင်နိုင်၊ ဒေါက်တာလှထွန်း၊ ဦးသန်းလွင်၊ ဦးတင်မြင့်၊ ဦးမျိုးညွန့်၊ ဦးမောင်မောင်၊ ဦးအောင်စိုးလွင်တို့နှင့် ညပိုင်းတွင် ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ အလုပ်သဘော ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းကုန်သွယ်မှု လုပ်ငန်းစဉ်၌ သတင်းအချက်အလက်ဆက်သွယ်မှုတွင် ခေတ်မီနည်းပညာများ အသုံးပြုရန်လို

**နေပြည်တော် ဧပြီ ၃၀**

ဆိပ်ကမ်းလုပ်ငန်း ခေတ်မီဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲရေးစီမံကိန်း (The Project for Port EDI for Port Modernization) အရ ဂျပန်နိုင်ငံအစိုးရနှင့် Japan International Cooperation Agency (JICA) တို့၏ အကူအညီဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဆိပ်ကမ်းလုပ်ငန်းစဉ်များကို ကွန်ပျူတာကွန်ရက်စနစ်သုံး Port EDI စီမံကိန်း စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ Park Royal Hotel ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။




အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က အမှာစကားပြောကြားရာတွင် ယခု Port EDI စီမံကိန်းလုပ်ငန်းသည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအား အကူအညီပေးလျက်ရှိသည့် လုပ်ငန်းစဉ်များမှ အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် အာဆီယံပြတင်း တစ်ပေါက်စနစ် (ASEAN Single Window) သို့ ဝင်ရောက်နိုင်ရန်အတွက် (Myanmar National Single Window) ကို မဖြစ်မနေ တည်ဆောက်မည်ဖြစ်ကြောင်း၊ ယနေ့ ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံတော်ကုန်သွယ်မှု အားလုံး၏ ၈၅ ရာခိုင်နှုန်းခန့်ရှိပြီး အရေးကြီးသည့် ကုန်သွယ်မှု လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ထိုသို့အရေးကြီးသည့် ရေကြောင်းကုန်သွယ်မှု လုပ်ငန်းစဉ်၌ သတင်းအချက်အလက်ဆက်သွယ်မှုတွင် ခေတ်မီနည်းပညာများ အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ မေတ္တာဖြင့်ကူညီမှုကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ယခု Port EDI စနစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည့် Port EDI စနစ်အောင်မြင်စွာ အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်သည့် ဌာနများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ ဆိပ်ကမ်းလုပ်ငန်းစဉ်များ တိုးတက်ပြောင်းလဲမှုအတွက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Ministry of Land Infrastructure, Transport and Tourism (MLIT) မှ State Minister, Mr. Tsukasa AKIMOTO၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro MARUYAMA၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်တို့က အမှာစကားများ ပြောကြားကြပြီး JICA Myanmar Office ၏ Chief Representative,Mr.Masayuki KARASAWA မှ Port EDI Project အပေါ် မှတ်ချက်ပြုစကား ပြောကြားသည်။

ယင်းနောက် Port EDI Project ၏ Project Director ဖြစ်သူ ဒေါက်တာ မျိုးငြိမ်းအေးက Port EDI စနစ်အကြောင်းကို မှတ်တမ်းရုပ်ရှင်ဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MLIT) မှ State Minister တို့ဦးဆောင်ပြီး Port EDI System Go-Live လုပ်ငန်းစဉ် စတင်ဆောင်ရွက်သည့် အထိမ်းအမှတ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

Port EDI စနစ်ကို အသုံးပြုခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းစဉ် အစအဆုံး Manual စနစ်ဖြင့် လူအင်အားသုံးဝန်ဆောင်မှုပေး အချက်အလက် ဖလှယ်ရယူနေသည့် Port Related Procedure များ၊ စီမံခန့်ခွဲမှု စနစ်များနေရာတွင် ခေတ်နှင့်အညီ နိုင်ငံတကာ စံချိန်မီ Computerized Electronic ဝန်ဆောင်မှုနှင့် စီမံခန့်ခွဲမှုစနစ်များဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းလုပ်ငန်းများ လျှော့ချကာ ဆိပ်ကမ်းလုပ်ငန်းစဉ်များကို လွယ်ကူလျင်မြန်တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# ကဏ္ဍပေါင်းစုံနှင့်တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ကဏ္ဍပေါင်းစုံနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးပွဲကို ဟိုတယ်မန္တလေး၌ ဧပြီ ၂၈ ရက်က ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မြန်မာနိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ဒီထက် ပိုမိုခိုင်မာဖို့ လိုအပ်ကြောင်း၊ အဆိုပါမဏ္ဍိုင်(၃)ရပ်တွင် ပါဝင်နေသူများ အားလုံးလည်း ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံနိုင်ဖို့ အရေးကြီးကြောင်း၊ ပြည်သူ့မျက်နှာကိုကြည့်ပြီး ပြည်သူ့အတွက် လုပ်ဖို့လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသီသီမြင့်က တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ရည်မှန်းချက် ပန်းတိုင်(၄)ရပ် ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာအသီးသီးနှင့် ရှေ့နေကြီးများ၊ လူမှုရေးအသင်းများက ၎င်းတို့၏ မဟာဗျူဟာလုပ်ငန်းရပ်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

ရည်မှန်းချက် ပန်းတိုင်(၄)ရပ်နှင့် မဟာဗျူဟာများအပေါ် အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးကြရာ မန္တလေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ ရှေ့လုပ်ငန်းစဉ် (၂၄) ရပ်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်၊ (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဧပြီ  ၃၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးစိုးနိုင်တို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်ပြီး တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်  ဧပြီ  ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှ မြစ်ဝကျွန်းပေါ်ဒေသများနှင့် တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အသင့်ရှိ

**နေပြည်တော်  ဧပြီ  ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပီရူးနိုင်ငံမှ Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး ဆွေးနွေးပွဲပြုလုပ်သည်။

ထိုသို့တွေ့ဆုံစဉ် Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဘူးသီးတောင်၊ မောင်တောဒေသ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံနိုင်မည့် အခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဟဇာတဖြစ်သော ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များအား မေးမြန်းကြသည်။

မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် နိုင်ငံတော်ကို ကိုယ်စားပြုနေသည့် ကာကွယ်ရေးအဖွဲ့အစည်း၊ တစ်ခုတည်းသော တပ်မတော်ဖြစ်၍ စည်းကမ်းနှင့် ပတ်သက်ပြီး တိကျစွာလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အက်ဥပဒေများကို လိုက်နာလျက်ရှိပြီး နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်သူများအား ဥပဒေနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့်သာ ယခုကဲ့သို့ အခြေအနေများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အသင့်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းလုပ်ဆောင်ရန် အသင့်ရှိကြောင်း၊ စွပ်စွဲခံနေရသော လိင်အကြမ်းဖက်မှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာအရ စက်ဆုပ်ဖွယ် အပြုအမူအဖြစ် သတ်မှတ်ထားပြီး ပြင်းထန်စွာအရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ၎င်းပြစ်မှုများကို ပိုမိုပြင်းထန်စွာ အပြစ်ပေးလျက်ရှိကြောင်း၊ မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း၌လည်း ထိုကဲ့သို့ လိင်အကြမ်းဖက်မှုများ မရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရာတွင် ဒေသခံတိုင်းရင်းသားများကိုလည်း အလေးထားသာတူညီမျှသည့် ကူညီမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယခုမိမိတို့ပေးအပ်ထားသော ခိုင်မာသည့် အထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံမှတ်တမ်းများအား သေချာစွာလေ့လာပြီး ဖြစ်စဉ်ဖြစ်ရပ်မှန်များအား သိရှိအောင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် မေ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာစဉ် ပွင့်လင်းစွာမေးမြန်းပြီး နှစ်ဖက်မျှတစွာ စဉ်းစားသုံးသပ်စေလိုကြောင်း ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။
သတင်းစဉ်

ထို့နောက် Mr. Gustavo Meza Cuadra Velasquez ဦးဆောင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အရေးကိစ္စများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဓာတ်ပုံမှတ်တမ်းစာအုပ်များအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဧပြီ  ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသအတွင်းရှိ ကျိုင်းတုံ၊ မိုင်းဖြတ်နှင့် တာချီလိတ်မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံလမ်းဖောက်လုပ်ထားရှိမှုအနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အဆင့်မြှင့်တင်၍ ၁၂ ပေအကျယ် မြေသားလမ်းမှ ၃၄ ပေအကျယ် မြေသားလမ်း ၁၂ မိုင်အား ချဲ့ထွင်ဆောင်ရွက်ပြီးစီးခဲ့မှုအပေါ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်တွင်လည်း မြေသားလမ်း ၁၀ မိုင်အား ၃၄ ပေအကျယ် ရရှိနိုင်ရေးအတွက် စက်ယန္တရားများဖြင့် အချိန်မီပြီးစီးအောင် ဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် ပန်မတ်ကျေးရွာအဝင် မြေသားလမ်း ၁၃ မိုင်ဖောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် ကျိုင်းတုံမြို့နယ် ကတ်တောင်-ယမ်းကြိမ်မြေသားလမ်း (၂/၀)မိုင်အား အဆင့်တိုးမြှင့်၍ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မိုင်းဖြတ်မြို့နယ်



လကပ်ရွာအဝင်လမ်း (၃/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား ဒေသခံပြည်သူများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီသော လမ်းဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန်၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ)နှင့် (လွယ်မွေ)သို့ သွားရောက်ခဲ့ပြီး ဒေသအကျိုးပြုလူငယ်များ ပေါ်ထွန်းလာအောင် မွေးထုတ်ပေးရန်၊ ခံယူချက်ယုံကြည်ချက်မှန်ကန်ကောင်းမွန်သော တိုင်းရင်းသားလူငယ်များ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် အခြားဗဟုသုတ စာပေဖတ်ရှုခြင်း အလေ့အကျင့်များရရှိစေရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေး၊ ချမှတ်ထားသည့် စည်းကမ်းနှင့်အညီ ပြုမူနေထိုင်တတ်စေရေး၊ လူမှုဆက်ဆံရေး ကောင်းမွန်သူများဖြစ်စေရေး၊ ကျန်းမာသန်စွမ်းပြီး ဘက်စုံထူးချွန်သူများဖြစ်စေရေးအတွက် ကြိုးစားလေ့ကျင့် သင်ကြားပေးကြရန် ကျောင်းမှတာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများအား တိုက်တွန်းမှာကြားခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)နှင့် (တာချီလိတ်)သို့လည်း ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ (ဝဲပုံ) လိုအပ်သည်များကို မှာကြားခဲ့ပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)သို့ ရောက်ရှိခဲ့ရာ ဒေသကြီးကြပ်ရေးမှူးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မိုင်းဖြတ်)နှင့် ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (တာချီလိတ်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာ

ဒေါက်တာခိုင်မြဲ (ပညာရေး)

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ကျောင်းများနှင့် ပညာသင်ယူရာဌာန အားလုံးတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ပေါက်မြောက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ကျောင်းသားများ၏သင်ယူမှုရလဒ်များတိုးတက်ရေး**

ပညာရေးအဆင့် အသီးသီးတွင် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမှာ ပညာရေးအာမခံမှုရှိရေး၊ ကျောင်းနှင့် ပညာရေးစနစ် တိုးတက်ရေးနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်ရေး ရည်မှန်းချက်များအတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ပညာအရည်အသွေး တိုးတက်ရေးနှင့် ယင်းသို့ တိုးတက်ခြင်းဖြင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ တိုးတက်ရေးပင် ဖြစ်ပါသည်။

**ညှိနှိုင်းဆွေးနွေး**

တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ် ၉ ခု၏ မေးခွန်းပုံစံသစ်များ ပြောင်းလဲရန်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာ အစည်းအဝေးခန်း၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များကော်မတီ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက သတင်းစာဆောင်းပါးများ၊ ရုပ်မြင်သံကြားဆွေးနွေးပွဲများ၊ ပညာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တို့ဖြင့် အသိပေးတင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဘာသာရပ် ၉ ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **မြန်မာစာဘာသာရပ်**
(၂) **အင်္ဂလိပ်စာဘာသာရပ်**
(၃) **သင်္ချာဘာသာရပ်**
(၄) **ဓာတုဗေဒဘာသာရပ်**
(၅) **ရူပဗေဒဘာသာရပ်**
(၆) **ဇီဝဗေဒဘာသာရပ်**
(၇) **ပထဝီဝင်ဘာသာရပ်**
(၈) **သမိုင်းဘာသာရပ်**
(၉) **ဘောဂဗေဒဘာသာရပ်**

တို့ ဖြစ်ပါသည်။

စိတ်ကြိုက်မြန်မာစာဘာသာရပ် မေးခွန်းပုံစံကိုမူ ပြောင်းလဲမည် မဟုတ်ပါ။

**မေးခွန်းပုဒ်ရေကိုလျှော့ချထား**

၂၀၁၉ ခုနှစ်၊ မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်အသီးသီး၏ မေးခွန်းပုံစံသစ်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ အချက်အလက်များကို တင်ပြရလျှင် မေးခွန်းပုံစံသစ်တွင် အလွတ်ကျက်မှတ်မှုထက် ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုကို ဦးစားပေးသော မေးခွန်းများ ပိုမိုပါဝင်လာမည် ဖြစ်ပါသည်။ ထို့အပြင် မေးခွန်းလွှာတွင် ရွေးချယ်စရာ မေးခွန်းအရေအတွက် များနေပါက သင်ခန်းစာအချို့ကို စာမေးပွဲတွင် မဖြေဆိုဘဲ ရှောင်လွှဲခွင့် ရနိုင်ခြင်းကြောင့် တတ်မြောက်မှု အားနည်းနိုင်သည့်အတွက် မေးခွန်းပုံစံသစ်တွင် ရွေးချယ်စရာ မေးခွန်းပုဒ်ရေကို လျှော့ချထားပါသည်။ မေးခွန်းပုံစံတစ်ခုလုံး ပြောင်းလဲသွားခြင်း မဟုတ်ဘဲ မေးခွန်းပုံစံအများစုကို ယခင်မေးရိုးမေးစဉ်အတိုင်း ဆက်လက်ထည့်သွင်းမေးမြန်းမည် ဖြစ်ပါသည်။

**အရေးကြီးသော အချက်များကို တင်ပြရလျှင်**

(က) မေးခွန်းပုံစံများမှာ လုံးဝအသစ်ပြောင်းလဲခြင်း မဟုတ်ပါ။
(ခ) မေးခွန်းပုံစံသစ်တွင် မေးခွန်းပုံစံဟောင်းမှာကဲ့သို့ပင် အလွတ်ကျက်မှတ်ရသည့် မေးခွန်းများနှင့် စဉ်းစားတွေးခေါ်ရသော မေးခွန်းများ ပေါင်းစပ်ပါဝင်မည် ဖြစ်သည်။ သို့သော် စဉ်းစားတွေးခေါ်ရသည့် မေးခွန်းများ ပိုမိုပါဝင်လာမည် ဖြစ်ပါသည်။
(ဂ) သင်ယူသူများကို သင်ရိုးကုန်လေ့လာစေရန် ရည်ရွယ်ပြီး သင်ခန်းစာများအားလုံးကို လွှမ်းခြုံမေးမြန်းမည် ဖြစ်ပါသည်။
(ဃ) မေးခွန်းပုံစံတွင် လွယ်၊ သင့်၊ ခက် မျှတစွာပါဝင်ပြီး သင်ရိုးများအားလုံး ကျေညက်စွာလေ့လာထားသော ကျောင်းသား ကျောင်းသူများ အလွယ်တကူ ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ပါသည်။

**စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်**

တက္ကသိုလ်ဝင်တန်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် မေးခွန်းပုံစံနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲလာသော သင်ကြားသင်ယူမှုများမှတစ်ဆင့် စဉ်းစားဆင်ခြင် ဝေဖန်နိုင်စွမ်းရှိလာစေရန်နှင့် အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းလာစေပြီး စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

**တီထွင်ကြံဆနိုင်စွမ်းရှိ**

နှစ်စဉ် မေးနေကျ ပုံစံတူမေးခွန်းအစား တွေးခေါ်မြော်မြင်နိုင်မှုကို အားပြုသောမေးခွန်းများကို ပိုမိုထည့်သွင်းခြင်းအားဖြင့် မေးခွန်း၏ အနှစ်သာရ မြင့်မားလာမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူတို့၏ သင်ယူတတ်မြောက်မှုသည်လည်း ပိုမိုမြင့်မားလာမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည်လည်း မိမိတို့၏ တတ်မြောက်ကျွမ်းကျင်မှုအဆင့်နှင့်အညီ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ စဉ်းစားတွေးခေါ်မှုကို ဦးတည်ဆောင်ရွက်ထားသော မေးခွန်းများသည် စဉ်းစားတွေးခေါ်မှုနှင့် သင်ကြားသင်ယူမှု စာသင်ခန်းများကို ပုံဖော်နိုင်ကြမည် ဖြစ်သည်။ ထိုစာသင်ခန်းမှသည် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်မည့် စဉ်းစားတွေးခေါ်နိုင်မှု မြင့်မား၍ တီထွင်ကြံဆနိုင်စွမ်းရှိပြီး ပူးပေါင်းဆောင်ရွက်တတ်သော လူသားကောင်းများ ဖြစ်ထွန်းလာနိုင်မည်မှာ မလွဲကေန်ဖြစ်ပါသည်။ ။

> **"တက္ကသိုလ်ဝင်တန်း တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် မေးခွန်းပုံစံနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲလာသော သင်ကြား သင်ယူမှုများမှတစ်ဆင့် စဉ်းစားဆင်ခြင် ဝေဖန်နိုင်စွမ်းရှိလာစေရန်နှင့် အလွတ်ကျက်မှတ် ဖြေဆိုမှု လျော့နည်းလာစေပြီး စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ ဖြစ်စေမည်ဖြစ်"**

---

● *ကျောဖုံးမှ*

"မနက် ၃ နာရီကတည်းက တန်းစီရတာ၊ အရင်ကအခုလိုတန်းစီပြီး တိုးရတာမရှိဘူး၊ အခုနောက်ပိုင်းမှာ တန်းစီတိုးနေရတယ်၊ ကားလမ်း ပိတ်သလို ရပ်စောင့်ရတဲ့သူတွေလည်း ယာဉ်အန္တရာယ်နဲ့ နေပူတဲ့ဒဏ် ခံရတာပေါ့၊ မြန်ဆန်သွားအောင် ဝင်ပေါက်နှစ်ခုနဲ့ လုပ်ဆောင်ပေးရင် အဆင်ပြေမယ်ထင်တယ်"ဟု စင်ကာပူနိုင်ငံတွင် ဆက်လက် အလုပ်လုပ်ကိုင်ရန် ဗီဇာသက်တမ်းတိုး လာရောက်လျှောက်ထားသူ ကိုကျော်သူရက ပြောသည်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှေ့တွင် ဈေးသည်များ၊ ပွဲစားများနှင့် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများ၊ ရပ်နားထားသောယာဉ်များ၊ စောင့်ဆိုင်းနေသော တက္ကစီယာဉ်တို့ဖြင့် စည်ကားလျက်ရှိရာ စက်မှု ၁ လမ်းပေါ်မှ ဖြတ်သန်းသွားလာကြသည့်ယာဉ်များ အဆိုပါရုံးရှေ့တွင် သွားလာရေး အခက်အခဲဖြစ်ပေါ်လျက်ရှိ၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိသည့်တိုင် လူနှင့်ယာဉ်တို့ဖြင့် ရှုပ်ထွေးလျက်ရှိနေကြောင်း သိရသည်။

"အထဲမှာလည်း လူများတယ်၊ အပြင်မှာလည်း တန်းစီပြီးစောင့်နေရတယ်၊ မိန်းကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် အဆင်အမပြေဘူးပေါ့၊ ဖေဖော်ဝါရီလတုန်းက ဒီလောက်မဆိုးဘူး၊ နိုင်ငံကူးလက်မှတ်တစ်ခုကို သုံးသောင်းခွဲနီးပါးကုန်တယ်၊ ၁၀ ရက်စောင့်ရတယ်၊ ပွဲစားနဲ့ဆိုရင်မြန်တယ်၊ အမြန်ကြေးရှိသလို ရိုးရိုးလည်းရှိတယ်၊ ပွဲစားနဲ့ နိုင်ငံကူးလက်မှတ်လုပ်ရင် ကိုးသောင်းခွဲကျတယ်၊ ရိုးရိုးကြေးက မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းကို ဘိုက်ဗာနဲ့ ပို့ပေးပြီး တန်းစီစောင့်နေရင် သူတို့ဘာသာ လုပ်ပေးတာလည်း ရှိတယ်၊ မြန်မြန်ပြီးစီးအောင် အဖွဲ့နှစ်ဖွဲ့ခွဲပြီး လုပ်ဆောင်ပေးရင် အခုလိုမြင်မကောင်းအောင် တန်းစီပြီး စောင့်စရာမလိုဘူးပေါ့"ဟု ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်ရန် နိုင်ငံကူးလက်မှတ် လုပ်ဆောင်နေသော မမိုးသဇင်က ပြောသည်။

နိုင်ငံကူးလက်မှတ်ရုံးရှေ့တွင် ပွဲစားများ ခြေချင်းလိမ်နေသည့်နည်းတူ မြန်ဆန်စွာရရှိရန် ချိတ်ဆက်လုပ်ဆောင်မှုများလည်းရှိပြီး ပွဲစားများ လိမ်လည်၍ ငွေယူမှုကြောင့် နယ်ဘက်နှင့် အညာဒေသမှ ပတ်စ်ပို့ လျှောက်ထားသူများ အများဆုံးအလိမ်ခံနေရကြောင်းလည်း သိရသည်။

ပွဲစားနဲ့မလုပ်ဘဲ ချိတ်ဆက်ပြီးလုပ်တာလည်း မြန်တယ်၊ သွားမယ့်သူရဲ့ မှတ်ပုံတင်မိတ္တူနဲ့ သန်းခေါင်စာရင်းမိတ္တူကို အထဲကသူကို လှမ်းပို့ပြီး နံနက် ၇ နာရီမထိုးမီ ဒီကိုလာဖို့လိုတယ်၊ တရားဝင်ဆောင်ရမယ့် ငွေသွင်းပြီးတော့ ပတ်စ်ပို့လုပ်မယ့်သူတစ်ယောက် ခုနစ်ထောင်ပေးရင် သူ့ဟာနဲ့သူ ချိတ်ဆက်ပြီး ခေါ်သွားတယ်၊ အထဲမှာလည်း လူ ငါးထောင်လောက်က သူ့ဟာနဲ့သူရှိနေတယ် ဆိုတော့ ဒီနေ့အပြင်က တန်းစီနေတဲ့သူတွေမရနိုင်ဘူး"ဟု ပွဲစားတစ်ဦးက ယနေ့နံနက်ပိုင်းတွင် ပြောသည်။

ပြည်ပတွင်အလုပ်လုပ်ကိုင်ရန် နိုင်ငံကူးလက်မှတ်လျှောက်ထားမှု သင်္ကြန်ပြီးနောက်ပိုင်း ပို၍များလာလျက်ရှိပြီး ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ အလုပ်သမားခေါ်ယူခြင်းကြောင့် နိုင်ငံကူးလက်မှတ် လျှောက်ထားမှုများလာလျက်ရှိရာ လူအုပ်ဖြင့် တန်းစီစောင့်ဆိုင်းနေရမှု ယနေ့တိုင်ရှိနေဆဲဖြစ်၍ ကင်းဝေးစေရန် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်သော နည်းလမ်းဖြင့် ဝန်ဆောင်မှုပေးရန် နိုင်ငံကူးလက်မှတ်လျှောက်ထားသူတို့ ဆန္ဒဖြစ်ပေါ်လိုလားလျက်ရှိကြောင်း သိရသည်။ **၁၆၄**

---

## ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်သွားမည်

**ရန်ကုန် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာနသည် (၂၀၁၈-၂၀၁၉) ပညာသင်နှစ်မှစ၍ ပြောင်းလဲအသုံးပြုသွားမည့် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်များနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများသိရှိနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများတွင် အောက်ဖော်ပြပါ နေ့ရက်များအလိုက် တက္ကသိုလ်ဝင်တန်းစာမေးပွဲဘာသာရပ် မေးခွန်းပုံစံသစ် တည်ဆောက်ပုံများကို ဖော်ပြသွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ် မေလ ၂ ရက်နေ့တွင် မြန်မာစာ၊ မေလ ၃ ရက်နေ့တွင် အင်္ဂလိပ်စာ၊ မေလ ၄ ရက်နေ့တွင် သင်္ချာ၊ မေလ ၅ ရက်နေ့တွင် ဓာတုဗေဒ၊ မေလ ၆ ရက်နေ့တွင် ရူပဗေဒ၊ မေလ ၇ ရက်နေ့တွင် ဇီဝဗေဒ၊ မေလ ၈ ရက်နေ့ တွင် ပထဝီဝင်၊ မေလ ၉ ရက်နေ့တွင် သမိုင်းနှင့် မေလ ၁၀ ရက်နေ့တို့တွင် ဘောဂဗေဒဘာသာရပ်များကို တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် မေးခွန်းပုံစံသစ် တည်ဆောက်ပုံနှင့် ဘာသာရပ်အလိုက် ဆွေးနွေးတင်ပြထားသော သတင်းဆောင်းပါးတို့ကို ထည့်သွင်းဖော်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

**ပညာရေး**

# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်၊ တောင်ကြီးနှင့် မြစ်ကြီးနားမြို့များတွင် အထွေထွေရောဂါကုဆေးခန်းများ ဖွင့်

**နေပြည်တော် ဧပြီ ၃၀**

လူမှုဖူလုံရေးအဖွဲ့နှင့် ပြင်ပပုဂ္ဂလိကဆေးရုံများ ပူးပေါင်းဖွင့်လှစ်သည့် အထွေထွေရောဂါကုဆေးခန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးခန်းများကို လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဝယ်ယူသည့် Provider-Purchaser Split စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲခြင်းနှင့် ငွေပေးချေမှုကို နိုင်ငံတကာလူမှုကျန်းမာရေး အာမခံစနစ်များတွင် အသုံးပြုအောင်မြင်နေသည့် ငွေပေးချေမှုစနစ်များအနက် Capitation ဖြင့် စတင်စမ်းသပ်ကျင့်သုံးဆောင်ရွက်မည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားများသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး၊ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သဘောတူစာချုပ်ချုပ်ဆိုမည့် ပုဂ္ဂလိကအထွေထွေ ရောဂါကုဆေးခန်းမှ တာဝန်ရှိသူများ၊ ဒေသခံအလုပ်ရှင်များနှင့် အာမခံအလုပ်သမားများတက်ရောက်ကြပြီး အထွေထွေရောဂါကုဆေးခန်းများကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျင်းပသော အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးခြင်း၊ မကျန်းမာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ ဝင်ငွေအဆင်ပြေစေရေးအတွက် ငွေကြေးအကျိုးခံစားခွင့် ပေးခြင်းများကို မြို့နယ်ပေါင်း ၁၁၆ မြို့နယ်တွင် အလုပ်သမားဆေးရုံကြီး သုံးရုံ၊ ရုံးခွဲပေါင်း ၇၈ ရုံး၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေးကဲလ်ဝဲဆေးခန်း လေးခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်းတို့အပြင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးတို့နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုကို အလွယ်တကူ လက်လှမ်းမီရရှိနိုင်စေရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ဆောင်မှုနှင့် ပတ်သက်ပြီး ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ပြင်ပလူနာများအတွက် ဝန်ဆောင်မှုအားအခြားဆေးရုံ/ ဆေးခန်းများမှဝယ်ယူခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆေးရုံတက်လူနာကုသမှု ဝန်ဆောင်မှုအား အခြားဆေးရုံများမှဝယ်ယူခြင်း၊ တတိယအဆင့်အနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများကို ပုဂ္ဂလိကနှင့် စာချုပ်ချုပ်ဆိုပြီး (PPP)စနစ်ဖြင့် အဆင့်မြှင့်တင်ခြင်းနှင့် စတုတ္ထအဆင့်အနေဖြင့် အဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများကို မိမိအစီအစဉ်ဖြင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက်တစ်ရပ်ဖြစ်သည့် Universal Health Coverage ကို အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်မှတ်ပုံတင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငွေကြေးအကျိုးခံစားခွင့်များကိုလည်း လက်ရှိအခြေအနေထက် ပိုမိုလွယ်ကူမြန်ဆန်စွာ၊ ထိရောက်စွာ ပေးစွမ်းနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်ရှိသောအဓိကကဏ္ဍကြီးသုံးခုဖြစ်သည့် ဥပဒေရေးရာကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုရေးရာကဏ္ဍများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများဘက်ကလည်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး လူမှုဖူလုံရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများ ဖွင့်လှစ်

**ထားဝယ် ဧပြီ ၃၀**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများကို ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ ရုံးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ ဆန်းချီရပ် မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင်ကဌာန၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဆန်းချီတိုးချဲ့ရပ်ကွက်၊ ဇလပ်ဖြူလမ်းနှင့် ခရေလမ်းထောင့်ရှိ ရုံးဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အသစ်ဖွင့်လှစ်သည့် ဦးစီးဌာနနှစ်ခုသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ဗဟန်းဘဏ်ခွဲဖွင့်

**ရန်ကုန် ဧပြီ ၃၀**

(၁၂၈)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ ဗဟန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရိဝုဏ်တွင် ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးအောင်စိုးမိုး၊ စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေက အင်းဝဘဏ်လီမိတက်၊ ဗဟန်းဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ခွဲကမ္ဗည်း မော်ကွန်းဆိုင်းဘုတ်နှင့်ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။




အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ဗဟန်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၄၉ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက်ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်အနီးရှိ ဝိဇယပလာဇာမြေညီထပ်အခန်းအမှတ် (G- 1)တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များနှင့်စပ်လျဉ်း၍ ပယ်ဖျက်ပြီးဖြစ်သော လိုင်စင်စာရင်းများအား အသိပေး

**နေပြည်တော် ဧပြီ ၃၀**

၂၀၁၆ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေအခန်း ( ၇ ) ပါ အသွင်ကူးပြောင်းပြဋ္ဌာန်းချက်များအရ လိုင်းနှုန်းအသုံးပြုခွင့် ရရှိထားသူများသည် ဤနည်းဥပဒေ ပြဋ္ဌာန်းပြီးနောက် တစ်နှစ်အကြာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာပြီးဖြစ်စေရမည်ဖြစ်ရာ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများ မထွက်ရှိမီ ထုတ်ပေးခဲ့သည့် လိုင်းနှုန်းအသုံးပြုခွင့်ပါဝင်သော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်များမှ အသွင်ကူးပြောင်းကာလ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လိုင်စင်များနှင့် သက်တမ်းတိုးရန် တစ်ဆက်တစ်စပ်တည်း သုံးနှစ်ပျက်ကွက်သည့် လိုင်စင်စုစုပေါင်း ၁၉၃၅ ခုအား ဤဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် ( ၁၂/ ၂၀၁၇ ) ဆုံးဖြတ်ချက်နှင့်အညီ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသော လိုင်စင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးထားသည်။ လိုင်စင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သည့် လိုင်စင်များအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.motc.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာမြင့်မှ လူမျိုးတင့်မည်

# ပုဂံလူရည်ချွန်စခန်းရှိ အဋ္ဌမတန်းလူရည်ချွန်မောင်မယ်များနှင့် ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ တွေ့ဆုံ

ပုဂံ ဧပြီ ၃၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ ၂၀၁၈ ခုနှစ် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအား လာရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ အပါအဝင် ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့သည် ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံကြပြီး ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများက တစ်ဦးချင်း မိတ်ဆက်အမှာစကား ပြောကြားကာ ၎င်းတို့၏ လူရည်ချွန် အတွေ့အကြုံများ မျှဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ဒေါက်တာ သန်းမင်းထွန်းက ဘယ်သူ့အတွက် ပညာသင်တာလဲ ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူရည်ချွန်ကြီးဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၎င်း၏ အတွေ့အကြုံများကို လည်းကောင်း၊ လူရည်ချွန်ကြီးတစ်ဦးဖြစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာ နေစိုးမောင်က ဆေးလိပ်၊ ကွမ်းယာ ကင်းစင်သော မျိုးဆက်သစ်သို့ ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားတွင် ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများက ဦးဆောင်၍ ၂၀၁၈ ခုနှစ် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိ ၅၀ ကို မေးမြန်း၍ ဆုရရှိသည့် လူရည်ချွန်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဆုများ ပေးအပ်ခဲ့သည်။ ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ လူရည်ချွန် ကျောင်းသား ကျောင်းသူများကို အတွေ့အကြုံများ အသိပညာပေးဟောပြောစဉ်။

ပုဂံလူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ယနေ့ နံနက်ပိုင်းက အစမ်းလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ မေ ၁ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီးပါက ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှ လူငယ်မောင်မယ်များသည် ပုဂံဒေသရှိ ရှေးဟောင်းတန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ လူရည်ချွန်ကြီးများနှင့် တွေ့ဆုံ

**ညောင်ရွှေ ဧပြီ ၃၀**

ပညာထူးချွန်ရမည်၊ ကျန်းမာသန်စွမ်းရမည်၊ စာရိတ္တကောင်းရမည်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူဖြစ်ရမည်၊ အများနှင့်အတူ နေထိုင်ပေါင်းသင်းဆက်ဆံတတ်ရမည်၊ ဒေသန္တရ ဗဟုသုတများကို ရှာမှီးတတ်ရမည် စသည်တို့သည် ဘက်စုံထူးချွန် လူရည်ချွန်၏ အနှစ်သာရပင်ဖြစ်သည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အဆက်ပြတ်သွားခဲ့ရကာ ၂၀၁၁ ခုနှစ်တွင်မူ တိုင်းပြည်မှ ထက်မြက်သည့် လူရည်ချွန်များ မွေးထုတ်ရန်နှင့် လေ့ကျင့်ပျိုးထောင်ပေးရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လူရည်ချွန်စီမံကိန်းကို ပြန်လည်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုနှစ်တွင်လည်း အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်း လူရည်ချွန်များကို ဆက်လက်မွေးထုတ်ခဲ့ကာ အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၊ ပုဂံအပန်းဖြေစခန်းနှင့် ငွေဆောင်အပန်းဖြေစခန်းအသီးသီး ဖွင့်လှစ်ကာ အပန်းဖြေခရီးများ





ပို့ဆောင်ပေးလျက်ရှိရာ နဝမတန်းလူရည်ချွန်များသည် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ ဧပြီ ၂၉ ရက်တွင် ရောက်ရှိခဲ့သည်။

အဆိုပါလူရည်ချွန်များနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံပွဲကို ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင် အပန်းဖြေစခန်း တည်ရှိရာ ခေါင်တိုင်အထက်တန်းကျောင်းတွင် ကျင်းပရာ လူရည်ချွန်ကြီးများက ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ကြကြောင်း သိရသည်။

လူရည်ချွန်ကြီးများနှင့် တွေ့ဆုံပွဲတွင် အထက်မြန်မာပြည် လူရည်ချွန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက "လူရည်ချွန်လုပ်ငန်းတွေကို မျိုးဆက်သစ်တွေနဲ့အတူ နိုင်ငံ့တာဝန်များကို သယ်ပိုးဆောင်ရွက်နိုင်ဖို့အတွက် ဆက်လက်ပြီး အကောင်အထည်ဖော်နေပါတယ်၊ ပညာရေးဝန်ကြီးဌာနရဲ့ လိုလားချက်၊ လမ်းညွှန်ချက်နဲ့အညီ တိုင်းပြည်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပြီးတော့ အကောင်အထည်ဖော်တာ ဖြစ်ပါတယ်၊ ခေတ်အမျိုးမျိုးပြောင်းပေမယ့် လူရည်ချွန်ဆိုတဲ့ အနှစ်သာရဟာ မပြောင်းခဲ့ပါဘူး။

"လမ်းညွှန်ချက်ထဲမှာ လူငယ်တွေကို အသိပညာဗဟုသုတတွေပေးဖို့၊ သက်ကြီးစကားသက်ငယ်ကြားတဲ့ အကြောင်းအရာတွေပြောဖို့၊ ထက်မြက်တဲ့ အတွေးအခေါ်တွေကို လက်ဆင့်ကမ်းနိုင်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ သက်ဆိုင်ရာစခန်း အသီးသီးမှာ အစီအစဉ်တစ်ခုအနေနဲ့ ထည့်သွင်းပြီး ဒီတာဝန်ကို ကျေပွန်အောင် လူရည်ချွန်ကြီးများနဲ့ တွေ့ဆုံပေးခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ၏ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းကို မေ ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# ၂၀၁၈ခုနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ

**ငွေဆောင် ဧပြီ ၃၀**

ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း၌ ရောက်ရှိနေသည့် လူရည်ချွန်များနှင့် ၁၉၆၄-၁၉၈၈ မှ လူရည်ချွန်ကြီးများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉နာရီတွင် ပုသိမ်ခရိုင် ငွေဆောင်မြို့ရှိ ပုလဲငွေဆောင်ဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲ အခမ်းအနားတွင် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့က တစ်ဦးချင်း မိတ်ဆက်ကြပြီး ၁၉၆၄-၁၉၈၈ လူရည်ချွန်အဖွဲ့ ဖြစ်ပေါ်လာပုံ၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ၎င်းတို့ ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို မျှဝေပြောကြားကြသည်။

ထို့နောက် လူရည်ချွန်ကြီးများက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းမှ စခန်းမှူး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်မြင့်မြင့်သန်းက လက်ခံပြီး ပညာရေးဝန်ကြီးဌာနကိုယ်စား လူရည်ချွန်ကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် လူရည်ချွန်ကြီးများက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရာ လူရည်ချွန် ကျောင်းသား ကျောင်းသူများက အဖွဲ့ ၁၈ ဖွဲ့ဖြင့် အုပ်စုလိုက် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား လူရည်ချွန်ကြီးများက ဆုများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

လူရည်ချွန်ကြီးများနှင့် မျိုးဆက်သစ်လူရည်ချွန်များ တွေ့ဆုံမှုနှင့်စပ်လျဉ်း၍ လူရည်ချွန် ၁၉၆၄-၁၉၈၈ မှ အလုပ်အမှုဆောင် ဦးဝင်းအောင်က " ဒီငွေဆောင်စခန်းကို ကျွန်တော်က အဖွဲ့ခေါင်းဆောင်အနေနဲ့ လိုက်လာတာပါ၊ အဓိကရည်ရွယ်ချက်ကတော့ လူကြီးနဲ့လူငယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိလာအောင်၊ အတွေ့အကြုံတွေ ဖလှယ်လို့ရအောင် ဖြစ်ပါတယ်၊ ပြီးတော့ လူငယ်တွေအနေနဲ့ နောင်တစ်ချိန်မှာ သက်ဆိုင်ရာ ပညာရပ်အသီးသီးကို ဝင်တဲ့အခါမှာ သက်ဆိုင်ရာ နယ်ပယ်တွေမှာ ရှိနေပြီးသားဖြစ်တဲ့ လူရည်ချွန်ကြီးတွေနဲ့ ချိတ်ဆက်ပြီး အကူအညီရယူနိုင်အောင် ဖြစ်ပါတယ်၊ လူရည်ချွန်ကြီးတွေနဲ့ မျိုးဆက်သစ်လူရည်ချွန်တွေကြားထဲမှာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပေးတဲ့ပုံစံမျိုးနဲ့ လာရောက်တွေ့ဆုံတာ ဖြစ်ပါတယ်" ဟု ပြောသည်။

"ဒီနေ့ ၁၉၆၄-၁၉၈၈ လူရည်ချွန်အဖွဲ့နဲ့ တွေ့ခွင့်ရတာ အများကြီး ဗဟုသုတတွေရပါတယ်၊ ပြီးတော့ လူရည်ချွန်ကြီးတွေရဲ့ ဉာဏ်စမ်းမေးခွန်းတွေ ဖြေရတာလည်း ပျော်စရာကောင်းပါတယ်၊ လူရည်ချွန်သီချင်းတွေလည်း သင်ပေးပါတယ်၊



လူရည်ချွန်ကြီးတွေရဲ့အတွေ့အကြုံတွေလည်း သိခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်" ဟု မျိုးဆက်သစ် လူရည်ချွန်တစ်ဦးဖြစ်သည့် ချင်းပြည်နယ် မင်းတပ်မြို့မှ လူရည်ချွန်ကျောင်းသား မောင်တမ်ရှယ်လိန်းက ပြောသည်။

**မျိုးသူဟိန်း (သတင်းစဉ်)**

# မြန်မာ - ကျူးဘား နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများတွင် နည်းပညာဖလှယ်ရေး ဆွေးနွေး

**နေပြည်တော် မေ ၃၀**

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ မေ ၂၃ ရက် မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် International Convention on Public Health "Cuba Salud 2018" သို့ ပါဝင်တက်ရောက်ခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

"Cuba Salud 2018" သို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများအပါအဝင် နိုင်ငံပေါင်း ၉၄ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက "Social Determinants and Health Equity " ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဟာဗားနားမြို့၌ ရှိနေစဉ်အတွင်း ကျူးဘားနိုင်ငံ ဒုတိယသမ္မတနှင့် ကျူးဘားကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဝန်ကြီး Dr. Roberto Morales Ojeda အား မေ ၂၇ ရက် နံနက်ပိုင်းက Havana Convention Centre ၌ သွားရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် ကျူးဘားနိုင်ငံသမ္မတအသစ်အဖြစ် ဧပြီ ၁၉ ရက်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် H.E. Mr. Miguel Mario Diaz- Canel Bermudez ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍများတွင် နှစ်နိုင်ငံ အကျိုးတူ နည်းပညာဖလှယ်ရေး စသည့်ကိစ္စများနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၏ ကျူးဘားနိုင်ငံခရီးစဉ်အတွင်း ကျူးဘားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းလည်း လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း ၊ တံတားနှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် - သန်လျင်တံတား အမှတ် (၁) ရန်ကုန်ဘက်ခြမ်းသို့ ရောက်ရှိပြီး တံတားအတက်အဆင်းတွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိမှု ၊ မြေယာရှင်းအလုဆောင်ရွက်ထားရှိမှုနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်မှုစစ်ဆေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များအား မှာကြားသည်။

**ပဲခူးမြစ်ကူးတံတားအသစ်စီမံကိန်း**

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်ရှိ Myanmar Japan Thilawa Development Limited သို့ ရောက်ရှိပြီး President & CEO, Mr. Tomoyasu Shimizu က သီလဝါအထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးမှုအပိုင်းကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သီလဝါအထူးစီးပွားရေးဇုန်၏ အဓိကကျသည့် ဂျပန်နိုင်ငံ ODA Loan ဖြင့် သန်လျင်တံတားမှ ရေကြောင်းတက္ကသိုလ် လမ်းဆုံအထိ အဆင့်မြှင့်တင်မည့် လမ်းကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ရှေ့ဆက်တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတားအသစ်စီမံကိန်းအား လည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး သီလဝါအထူးစီးပွားရေးဇုန်၏ One Stop Service Center နှင့် အထူးစီးပွားရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သီလဝါအိမ်ရာစီမံကိန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင် - ကျောက်တန်းမြို့နယ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်နေသော သီလဝါအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး အိမ်ရာစီမံကိန်း လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် သီလဝါစက်မှုဇုန်အိမ်ရာစီမံကိန်းမှာ ရန်ကုန်တိုင်းဒေသကြီး မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အိမ်ရာစီမံကိန်းအနေဖြင့် လေးခန်းတွဲ ငါးထပ် ၁၂ လုံး၊ ခြောက်ခန်းတွဲ ငါးထပ် ၂၄ လုံး ၊ ရှစ်ခန်းတွဲ ငါးထပ် ၁၉ လုံး စုစုပေါင်း ၅၅ လုံး တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ စင်ကာပူလမ်းအခြေအနေတို့ကို လည်းကောင်း၊ ခရမ်း - မောင်းမလမ်းနှင့် ခရမ်း - သုံးခွ - သန်လျင်လမ်း အခြေအနေကို လည်းကောင်း၊ ဒဂုံတံတားကြံ့ခိုင်မှု စစ်ဆေးထားရှိမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် အဆောက်အဦ ဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၁) မှ ဒဂုံဆိပ်ကမ်းမြို့နယ် ခုတင် ၅၀၀ ဆံ့ဆေးရုံ အဆင့်မြှင့်တင်ခြင်းနှင့် အိမ်ရာဆောက်လုပ်ခြင်းစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**သာကေတတံတားသစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လမ်းအထူးအဖွဲ့ (၁၄ ) မှ သာကေတတံတားသစ် ဒေါပုံဘက်ကမ်း ချဉ်းကပ်လမ်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ၊ တံတားအထူးအဖွဲ့ (၁၁) မှ ပုဇွန်တောင်ဘက်ကမ်း ချဉ်းကပ်လမ်းပေါ်တွင် မီးရထားခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော်တံတား တည်ဆောက်နေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မိတ္ထီလာ မကျီးချောက်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မိတ္ထီလာ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာ ရွာဦးကျောင်းတိုက် ဝေနေယျသုခမ္မာရုံတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံကျေးရွာများဖြစ်သည့် မကျီးချောက်၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ ဇောင်ချမ်းကုန်း၊ ရှမ်းတဲ စသည့် ကျေးရွာများမှ ဒေသခံတောင်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ဆွေးနွေးသူများအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးသိန်းနှင့် ဇောင်ချမ်းကုန်းကျေးရွာမှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးဝင်းကြည်တို့က ပါဝင်ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံလူဦးရေ၏ ၇၈ ရာခိုင်နှုန်း နေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ကြောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းက မျိုးကောင်း မျိုးသန့်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံတောင်သူများ၏ လိုအပ်ချက် များပြားသဖြင့် ပြည့်ဝလုံလောက်စွာ မဖြည့်ပေးနိုင်၍ တောင်သူများကိုယ်တိုင် မျိုးကောင်း မျိုးသန့်မျိုးစေ့ ထုတ်လုပ်နိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်ခဲ့ရာ ယခုအခါ ဇောင်ချမ်းကုန်းကျေးရွာတွင် တောင်သူများကိုယ်တိုင် စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းကို ဧက ၄၀၀ ခန့်အထိ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။




ယင်းနောက် တက်ရောက်လာကြသူများထဲမှ ဦးထွန်းကြည်နှင့် မကျီးချောက်ကျေးရွာမှ တောင်သူ ဦးမြင့်ဆွေတို့၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဇောင်ချမ်းကုန်းကျေးရွာမှ တောင်သူလယ်သမားကိုယ်စားလှယ် ဦးဝင်းကြည်က တောင်သူများ မျိုးကောင်း မျိုးသန့်မျိုးစေ့ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့် ကျေးရွာများမှ ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ပြည်ထောင်စုစာရင်းစစ်ချုပ် မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံ

**ကလေး မေ ၃၀**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ချုပ် ဦးမော်သန်းသည် ယမန်နေ့က ကလေးခရိုင် စာရင်းစစ်ရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

**လိုက်နာဆောင်ရွက်ရမည့်အချက်များ**

ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၈ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို မှာကြားခဲ့သည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦး၊ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးစိုးလွင်၊ ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးရီ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်၊ ချင်းပြည်နယ်စာရင်းစစ်ချုပ် ဦးလားလ်တင်မန်တို့ တက်ရောက်ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ" ကို မေ ၅ ရက် (စနေနေ့) နှင့် မေ ၆ ရက်(တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

**ကျင်းပခဲ့**

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့သတင်းမီဒီယာသမိုင်းအား သတင်းမီဒီယာသမားများနှင့် ပြည်သူများ လေ့လာသိရှိနိုင်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် " မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်း" စာတမ်းဖတ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လတွင် ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

**မကြာမီထုတ်ပြန်ကြေညာပေးသွားမည်**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ" တွင် စာတမ်း ၁၂ စောင် ဖတ်ကြားရန် လျာထားဆောင်ရွက်ထားပြီး အတည်ပြုဖတ်ကြားမည့် စာတမ်းများစာရင်းကို မကြာမီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများအား လည်းကောင်း၊ စာအုပ်ဆိုင်များအား လည်းကောင်း၊ ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်တွင် ဆိုင်ခန်းငယ်များ ထားရှိဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

**စာတမ်းများကို ဖိတ်ကြားသွားမည်**

စာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများ မေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်ပသတင်းမီဒီယာသမားများထံမှလည်း စာတမ်းများကို ဖိတ်ကြားသွားမည်ဖြစ်သည်။

"ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ" ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ အသုံးပြုခွင့်အား ပံ့ပိုးကူညီပေးထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သိရသည်။

**သတင်းစဉ်**




# လူရည်ချွန်တစ်ယောက်အနေနဲ့ ထားရှိရမယ့် စိတ်ဓာတ်က အများနဲ့ရောနှောတတ်ရမယ်။ သည်းခံတတ်ရမယ်။ ကိုယ့်ရဲ့ ထူးချွန်ထက်မြက်မှုကို နိုင်ငံအတွက် အသုံးချရမယ်လို့မြင်ပါတယ်။

**ဒေါ်နန်းမြင့်မြင့်လွင်**

**ပုဂံလူရည်ချွန်အပန်းဖြေစခန်း၌ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ၂၀၁၈ ခုနှစ် အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ စခန်းဝင်ပြီး ပုဂံ၊ ပခုက္ကူနှင့် ပုပ္ပားဒေသရှိ အထင်ကရနေရာများ၊ လူမှုဘဝများ၊ ဒေသန္တရ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများအား လှည့်လည်လေ့လာရန် ရောက်ရှိလျက်ရှိသည်။**

**အဆိုပါ အပန်းဖြေစခန်းသို့ ဧပြီ ၃၀ ရက် (ယနေ့)နံနက်ပိုင်းက ဟောပြောပွဲ လာရောက်ကျင်းပသည့် ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများနှင့် အုပ်ချုပ်သူ ဆရာအချို့၏ လူရည်ချွန်အပန်းဖြေစခန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ လူရည်ချွန်များ ထားရှိရမည့် စိတ်ဓာတ်နှင့် ယခင်လူရည်ချွန်ကြီးများ၏ အတွေ့အကြုံများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**


ဒေါ်ညွှန့်ယဉ်ဝင်း


ဒေါ်နန်းမြင့်မြင့်လွင်


ဦးကျော်ကျော်မွန်


ဦးမောင်မောင်ဝင်း

**ဒေါ်ညွှန့်ယဉ်ဝင်း**
**အလုပ်အမှုဆောင်**
**၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့**

ကျွန်မက ၁၉၇၀ ပြည့်နှစ်က နတ်မောက် အထက(၁) နဝမတန်း လူရည်ချွန် ရရှိခဲ့တာပါ။ လောလောဆယ်တော့ ဒီဟိုတယ်မှာ ကလေးတွေ သက်သောင့်သက်သာနဲ့ အပန်းဖြေနိုင်ဖို့ ကူညီဆောင်ရွက်ပေးနေပါတယ်။ အန်တီတို့ လူရည်ချွန်ဖြစ်တုန်းကတော့ အခုခေတ်နဲ့တော့ ကွာတာပေါ့။ TE 11 ကားကြီးတွေနဲ့ သွားကြရတယ်။ အဲဒီတုန်းကတော့ အင်းလေးခေါင်တိုင်စခန်းကို သွားကြရတယ်။ အဲဒီမှာ သစ်သားခုတင်လေးတွေနဲ့ ကိုယ့်အထုပ်ကိုယ်သယ် ကိုယ့်အားကိုယ်ကိုးခဲ့ကြရတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ ရာသီဥတုကလည်းကောင်းတော့ တော်တော်လေး အဆင်ပြေပါတယ်။ အခုကတော့ ဒီပုဂံစခန်းမှာ ကလေးတွေက ရာသီဥတု မကောင်းတော့ တော်တော်လေးကို ပင်ပန်းနွမ်းနယ်ကြရတယ်။ အန်တီတို့ဘက်ကတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။

အခု မျိုးဆက်သစ်လူငယ်လေးတွေကို နိုင်ငံတော်က ရွေးချယ်ပြီးတော့ နိုင်ငံမှာ သူတို့အတွက် အဆင့်အတန်းတစ်ခုကို မြှင့်တင်လိုက်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီကျေးဇူးတရားကိုလည်း သိတတ်တဲ့အနေနဲ့ တိုင်းပြည်အတွက် အမြဲတမ်း အဓိကထားပြီး စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်လေးတွေဖြစ်အောင် ကျွန်မကြံ့တိုင်းလည်း ပြောပါတယ်။ ကျွန်မတို့ ၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့ အနေနဲ့လည်း လှိုင်သာယာဘက်မှာ လူရည်ချွန်ဆေးခန်း ဖွင့်ပါတယ်။ လှိုင်သာယာမှာ တော်တော်လေး နွမ်းပါးတဲ့သူ တွေရှိပါတယ်။

အဲဒီအထဲက သင့်တော်တဲ့ကလေးတွေကို ရွေးချယ်ပြီးတော့ ကိုယ်ပိုင်အထက်တန်းကျောင်းမှာ လူရည်ချွန်အဖွဲ့က အဆင့်ဆင့်စစ်ဆေးပြီးတော့ ကျောင်းထားပေးတာတွေကို ဆောင်ရွက်နေပါတယ်။

**ဒေါ်နန်းမြင့်မြင့်လွင်**
**၁၉၆၅ ခုနှစ် လူရည်ချွန်**
**၁၉၄၇ - ၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့**

ကျွန်မ လူရည်ချွန်ရခဲ့တာက ၁၉၆၅ ခုနှစ်က ရခဲ့တာပါ။ အဲဒီတုန်းကတော့ ငပလီ လူရည်ချွန်စခန်း ကိုသွားခဲ့ရတာပါ။ အခုနဲ့ ဘာကွာလဲ ဆိုတော့ ဆရာမတို့တုန်းကတော့ တစ်လစခန်းဝင်ကြရတာ။ ရန်ကုန်စုရပ်မှာတင် တစ်ပတ်လောက်ကြာတယ်။ ကျန်တဲ့နေရာတွေမှာ သုံးပတ်လောက်ကြာတယ်။ အချိန်အတိုင်းအတာ အနေနဲ့ကတော့ အများကြီးရခဲ့တယ်။ အဲဒီတုန်းက အမှတ်တရကတော့ ပြည်တော်ညွှန့် သင်္ဘောနဲ့သွားရတာ။ အဲဒီမှာ သုံးညလောက် သင်္ဘောပေါ်အိပ်ရတာ မနက်အိပ်ရာနိုးလို့ သင်္ဘောပေါ်ကနေ မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ တစ်သက်လုံးအမှတ်ရနေမယ့် မြင်ကွင်းမျိုးပါ။ ပင်လယ်ပြာပြာ အုန်းပင်လေးတွေနဲ့ သင်္ဘောနားထိ မော်တော်ခုနစ်စင်းလာပြီး ကြိုကြတာ အဲဒီအမှတ်တရလေးကတော့ ဘယ်တော့မှ မမေ့ပါဘူး။

မျိုးဆက်သစ် လူရည်ချွန်လေးတွေကို မှာချင်တာကတော့ ကမ္ဘာ့အလယ်မှာ ဝံ့ကြွားနိုင်ဖို့ အင်္ဂလိပ်စာတော်အောင် ကြိုးစားကြပါလို့ အင်္ဂလိပ်စာဆရာမ တစ်ယောက်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ လူရည်ချွန်ကြီးများအဖွဲ့မန္တလေး အနေနဲ့ကတော့ ဆင်းရဲနွမ်းပါးတဲ့ လူငယ်လေးတွေအတွက် အင်္ဂလိပ်စာ သင်တန်း အခမဲ့သင်ပေးနေပါတယ်။ ဘက်စုံထူးချွန်လူငယ်လေးတွေကလည်း ကူညီကြပါတယ်။

လူရည်ချွန်တစ်ယောက်အနေနဲ့ ထားရှိရမယ့် စိတ်ဓာတ်က အများနဲ့ ရောနှောတတ်ရမယ်။ သည်းခံတတ်ရမယ်။ ကိုယ့်ရဲ့ ထူးချွန်ထက်မြက်မှုကို နိုင်ငံအတွက် အသုံးချရမယ်လို့မြင်ပါတယ်။

**ဦးကျော်ကျော်မွန်**
**လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)**
**မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး**

အခုလိုလူရည်ချွန်တွေကို စခန်းသွင်းလေ့လာရေး ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဂုဏ်ပြုထိုက်သူတွေကို ဂုဏ်ပြုတာလည်း ပါပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက် ဆိုရင် ဘက်စုံထူးချွန်မှုဖြစ်မှာပါ။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုတဲ့ ဗလငါးတန်ပြည့်စုံမှုကို ဦးတည်ပြီးတော့ ရွေးချယ်ထားတဲ့ကလေးတွေ ဖြစ်ပါတယ်။ စာတစ်ခုတည်းတော်လို့ မရပါဘူး။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ စာရိတ္တ ပိုင်းပါ အကုန်လုံးစစ်ဆေးပြီးတော့ ရွေးချယ်ထားတဲ့ ကလေးတွေဖြစ်တဲ့အတွက် သူတို့ကို ဂုဏ်ပြုခြင်းလည်း ဖြစ်ပါတယ်။ နှစ်စဉ် ဒီလိုမျိုး နောင်တစ်ခေတ်အတွက် မျိုးဆက်သစ် အနာဂတ်ရဲ့ခေါင်းဆောင်တွေ၊ တိုင်းပြည်ရဲ့ခေါင်းဆောင်တွေဖြစ်လာမယ့်သူတွေကို ချီးမြှောက်နေခြင်းဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း**
**ကျောင်းအုပ်ဆရာကြီး**
**အထက (၁)၊ ချမ်းအေးသာစံ**

လူရည်ချွန်စခန်းတွေ ဖွင့်လှစ်ရတာကတော့ ဒီကလေးတွေကို နိုင်ငံတော်ကနေ ဦးဆောင်နိုင်တဲ့ ခေါင်းဆောင်တွေဖြစ်အောင် ရည်ရွယ်ပြီးတော့ အများနဲ့စုပေါင်း နေထိုင်တတ်အောင်၊ အများအကျိုးကို ဆောင်ရွက်နိုင်အောင်၊ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ပြည့်စုံတဲ့ ကလေးတွေဖြစ်အောင် ရည်ရွယ်လေ့ကျင့်ပေးတာဖြစ်ပါတယ်။ အဲဒီလို လေ့ကျင့်ပေးတဲ့အတွက် ကလေးတွေအနေနဲ့ ဒေသန္တရဗဟုသုတတွေလည်း ရရှိသွားမယ်ဆိုရင် တိုင်းပြည်အတွက် အထောက်အကူတစ်ခု ဖြစ်လာမယ်။ အနာဂတ်မှာလည်း ဦးဆောင်နိုင်မယ့် နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်လာစေဖို့အတွက်လည်း မျှော်လင့်ပါတယ်။ အုပ်ချုပ်မှု၊ ထောက်ပံ့မှုအနေနဲ့ကတော့ ကလေးတွေရဲ့ ကျန်းမာရေးအတွက် ကျန်းမာရေးဆေးခန်းဖွင့်လှစ်ထားပါတယ်။ ဆရာဝန်တစ်ဦးနဲ့ သူနာပြုတွေက ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။

**တွေ့ဆုံမေးမြန်း- ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ဉာဏ်သစ်လောင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် ခါးနာကျင်မှုရောဂါအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို မေ ၅ ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ အကြောအဆစ်ဆရာဝန်များ၊ အကြောကျွမ်းကျင်ပညာရှင်များ၊ ခြေတု လက်တုကျွမ်းကျင်ပညာရှင်များ၊ သူနာပြုများ၊ ဆေးကျောင်းသား ဆေးကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

အပြီးသတ်မီးငြှိမ်းသတ်မှု ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနှင့် အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အာဆီယံသဘာဝဘေး ကော်မတီဝင်နိုင်ငံဖြစ်သည့်အတွက် အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ Asean ERAT Team နှင့် ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့တွင် စင်ကာပူ အများပြည်သူဆိုင်ရာ ကာကွယ်ရေးနှင့် မီးသတ်တပ်ဖွဲ့မှ ကျွမ်းကျင်သူ မီးသတ်သမားများ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများပါဝင်ကာ မီးငြှိမ်းသတ်နေမှုနှင့် နည်းစနစ်ပိုင်းအခြေအနေတို့ကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် လာရောက်လေ့လာခဲ့ပြီး လေ့လာတွေ့ရှိချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား အကြံပြုဆွေးနွေးတင်ပြသည်။

ဆွေးနွေး အကြံပြုချက်များနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "သူတို့အနေနဲ့ကတော့ လက်ရှိမီးငြှိမ်းသတ်နေမှုအပေါ် လေ့လာပြီး တွေ့ရှိချက်တွေကို အကြံပြုတာပါ၊ အကြံပြုချက်တွေကတော့ မီးသတ်တပ်ဖွဲ့ဝင်တွေ လက်ရှိငြှိမ်းသတ်နေတာနဲ့ ကွဲလွဲမှုသိပ်မရှိပါဘူး၊ တော်တော်များများ တူပါတယ်၊ အဓိကအားဖြင့်တော့ မီးသတ်တပ်ဖွဲ့ဝင်တွေအတွက် Safety ပိုင်းကို ဦးစားပေးပြီး အကြံပြုသွားတာကို တွေ့ရပါတယ်၊ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ တစ်ကိုယ်ရေ ဆက်စပ်ပစ္စည်းတွေကို ကောင်းကောင်းသုံးစေချင်တဲ့ သဘောပါ"ဟု ပြောသည်။

**ကြိုးစားဆောင်ရွက်လျက်ရှိ**

ယခုအခါ မီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြှိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှစတင်၍ (A,B,C,D) ဇုန်များသတ်မှတ်ကာ ငြှိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိပြီး ယနေ့တွင် (B)ဇုန်ကို သတ်မှတ်အချိန်အတိုင်း အောင်မြင်စွာ ငြှိမ်းသတ်နိုင်ခဲ့သည်။ အလားတူ(C)ဇုန်နှင့် (D)ဇုန်တို့ကို ဆက်လက်ငြှိမ်းသတ် သွားမည်ဖြစ်ရာ နောက်နှစ်ရက်အကြာတွင် အပြီးပြတ်ဆောင်ရွက်သွားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေး ဇရိယာတွင် မီးသတ်တပ်ဖွဲ့အင်အား ၄၅၀ ခန့်ကို အဓိကထားကာ သတ်မှတ်အဆိုင်းများအလိုက် ခွဲဝေအသုံးပြုခဲ့သည့်အပြင် ပူးပေါင်းအင်အားများဖြင့်လည်း ဆောင်ရွက်ခဲ့သည်။

မီးငြှိမ်းသတ်မှုတွင် ပါဝင်သူ မရမ်းကုန်းမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးက "ဒီနေ့ ငြှိမ်းရတဲ့နေရာက တောင်ကုန်းပုံစံမျိုး ဖြစ်နေတော့ လေလည်း တော်တော်တိုက်တဲ့အတွက် မီးခိုးတွေမွှန်တဲ့ဒဏ်ကို အရင်နေ့တွေ ထက်ပိုခံရတယ်၊ မြေပြင် အနိမ့်အမြင့်ကလည်း မတူတာကြောင့် အမှိုက်ပုံအတွင်းထဲအထိ စိမ့်ပြီးဝင်သွားအောင် တစ်နေရာနဲ့တစ်နေရာ အချိန်ပေးပြီး ငြှိမ်းသတ်ခဲ့ရပါတယ်၊ တော်တော်တော့ ပင်ပန်းပါတယ်၊ အားလုံးက ကြိုးစား ငြှိမ်းသတ်ခဲ့တာကြောင့် သတ်မှတ်နေရာကို အပြီးသတ် ငြှိမ်းသတ်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြှိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အရပ်ဘက် အဖွဲ့အစည်းများကလည်း ကျန်းမာရေး စောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

စေတနာ ပရဟိတအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြအေးက "ကျွန်မတို့အနေနဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေနဲ့ အသက်ရှူမဝတဲ့သူတွေကို ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးနေပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း မီးလောင်ပြင်အနီး တစ်ဝိုက်မှာ ယာယီဆေးခန်း ဖွင့်ထားပါတယ်၊ ဒ့ါအပြင် မီးလောင်ပြင်အထဲထိ သွားရောက်ပြီး မီးငြှိမ်းသတ်နေတဲ့သူတွေကို အနီးကပ်ကွင်းဆင်းပြီး လိုအပ်တဲ့ ဆေးဝါးစောင့်ရှောက်မှုတွေ လုပ်ပေးနေပါတယ်၊ ရေနဲ့ အစားအသောက်တွေကိုလည်း မီးလောင်ပြင်ထဲထိ အရောက်သွားရောက်လှူဒါန်းပေးနေပါတယ်၊ မီးလောင်မှုဖြစ်ပွားပြီး နောက်ရက်မှာကတည်းက အခုလို ဆောင်ရွက်ခဲ့တာပါ၊ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ ထိခိုက်ရှနာမှုမျိုးတွေ၊ အောက်ဆီဂျင်ပြတ်ပြီး အသက်ရှူမဝဖြစ်တာမျိုးတွေ အဖြစ်များကြပါတယ်"ဟု ပြောသည်။

**ကိုယ်တိုင်သွားရောက်လှူဒါန်း**

ထို့အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မီးငြှိမ်းသတ်နေသည့်နေရာများ အနီးထိ လူနာတင်ယာဉ်များဖြင့် သွားရောက်ကာ မီးငြှိမ်းသတ်နေသူများအား အနီးကပ် ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်းနှင့် ဆေးဝါး၊ ရေနှင့် အစားအသောက်များကိုလည်း ကိုယ်တိုင်သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုမှ မီးခိုးများထွက်ရှိမှုကြောင့် လာရောက် ဆေးဝါးကုသမှုခံယူသူများနှင့် ပတ်သက်၍ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက "မီးခိုးမွှန်မှုကြောင့် လာရောက်ဆေးကုသမှု ခံယူတဲ့သူအနေနဲ့ကတော့ မနေ့က ညနေပိုင်းအထိ အားလုံးပေါင်း ၃၈ ဦး ရှိခဲ့ပါတယ်၊ လက်ရှိအချိန်မှာတော့ ခုနစ်ဦးပဲဆေးရုံမှာ ရှိပါတော့တယ်၊ ကျန်တဲ့သူတွေကတော့ အခြေအနေကောင်းမွန်သွားလို့ ဆင်းသွားကြပါပြီ၊ လက်ရှိ ကျန်နေတဲ့သူတွေအနေနဲ့လည်း မီးခိုးမွှန်မှုကြောင့် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်တဲ့လက္ခဏာ မရှိတော့ပါဘူး၊ မူလရောဂါအခံဖြစ်တဲ့ နှလုံး၊ သွေးတိုးနဲ့ နာတာရှည်ရောဂါဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါ အခံတွေကိုသာ ဆက်လက်ကုသပေးနေတာပါ၊ ဒီကနေ့ဆိုရင် မီးခိုးမွှန်မှုကြောင့် ဆေးရုံရောက်လာတဲ့သူ မရှိပါဘူး"ဟု ပြောသည်။

အဆိုပါ မီးလောင်မှုအနီးရှိ အမှတ် ၂၀ ရပ်ကွက်မှ ဒေါ်ညိုက "မီးခိုးတွေက တဖြည်းဖြည်းနည်းသွားပါပြီ၊ အဝေးကနေ လှမ်းတွေ့ရတဲ့ အဆင့်လောက်ပဲရှိတော့တာပါ၊ အရင်တုန်းကလို ညှော်နံ့တွေ ထွက်တဲ့အဆင့်အထိ မရှိတော့ပါဘူး၊ ညနေပိုင်းနဲ့ မနက်စောစောပိုင်းလောက်မှာ ညှော်နံ့အနည်းငယ်လောက်ပဲ ရတော့တာပါ၊ အရင်ရက်တွေကလောက် မီးခိုးတွေ မထွက်တော့တဲ့အတွက် စိုးရိမ်စရာ သိပ်မရှိတော့ဘူးလို့တော့ ထင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

**ရေဂါလန်တစ်သန်းခန့် အသုံးပြု**

ယခုအခါ အဆိုပါမီးလောင်မှုကို အပြီးသတ်ငြှိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြှိမ်းသတ်လျက်ရှိပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြုငြှိမ်းသတ်လျက်သည်။ ထိုသို့ ငြှိမ်းသတ်ရာတွင် မီးငြှိမ်းသတ်မှုအင်အား ၉၀၀ ကျော်တို့၏ အလှည့်ကျဆောင်ရွက်မှုနှင့်အတူ မီးငြှိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ရေသယ်ယာဉ် အစီးစုစုပေါင်း ၃၈၀ ၊ ရေတင်စက် အလုံး ၄၀၊ ဘက်ဟိုးယာဉ် ကိုးစီးတို့ဖြင့် တစ်ရက်လျှင် ရေဂါလန်တစ်သန်းခန့်ကို အသုံးပြုကာ ငြှိမ်းသတ်လျက်ရှိကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



ထိန်ပင်အမှိုက်ပုံ အပြီးသတ် မီးငြှိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ထိန်ပင်အမှိုက်ပုံ မီးငြှိမ်းသတ်မှုတွင် ဒဏ်ရာရရှိသူတစ်ဦးအား ရှေးဦးသူနာပြုစုကုသနေစဉ်။

# မြန်မာ ယူ-၂၃ အသင်း အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဧပြီ ၃၀**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ယနေ့ညပိုင်းက ဘရူနိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၃ အသင်း ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် နောက်ဆုံးပွဲအဖြစ် အိမ်ရှင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် သို့ တက်ရောက်နိုင်ခဲ့သည်။ ဘရူနိုင်းအသင်းသည် သရေကျလျှင်ပင် ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည် ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ထိုင်းအသင်းနှင့်အတူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းတွင် ဝင်းနိုင်ထွန်းအစား ဇင်မင်းထွန်းကို ပြောင်းလဲအသုံးပြုသည်မှလွဲ၍ တီမောအသင်းကို အနိုင်ရသည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့သည်။ မြန်မာအသင်းထံမှ အမှတ်ရယူနိုင်မှ ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည့် အိမ်ရှင်ဘရူနိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း မြန်မာနောက်တန်း အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။ မြန်မာအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမရမည်ဖြစ်သော်လည်း အနိုင်ရရေး အားကုန်ထုတ်ကစားခဲ့ပြီး ၃၄ မိနစ်တွင် ဂိုးစရခဲ့သည်။ စိုးလွင်လွင်၏ကန်ချက်ကို ဘရူနိုင်းဂိုးသမားကာကွယ်ရာမှ ပြန်လျှံထွက်လာသောဘောလုံးကို ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် အိမ်ရှင်ဘရူနိုင်းအသင်း ချေပဂိုးရရန် အားထည့်လာပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ မိနစ် ၆၀ နောက်ပိုင်းတွင် မြန်မာအသင်း ပွဲကိုထိန်းချုပ်လာနိုင်ပြီး ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အောင်ကောင်းမာန်နှင့် စိုးလွင်လွင်တို့ အသုံးချနိုင်ခြင်း မရှိခဲ့ပေ။

အုပ်စု (ခ) နောက်ဆုံးပွဲတွင် ကမ္ဘောဒီးယားအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)တွင် မြန်မာအသင်းက သုံးပွဲကစား ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ တီမောအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရခဲ့ပြီး သုံးမှတ်ရထားသည့် ဘရူနိုင်းအသင်းနှင့် နှစ်မှတ်ရသည့် ထိုင်းအသင်းတို့ အုပ်စုမှထွက်ခဲ့ရသည်။

အုပ်စု (ခ)တွင် စင်ကာပူ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် စင်ကာပူက အုပ်စုပထမ၊ ကမ္ဘောဒီးယားက အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား၊ စင်ကာပူနှင့် တီမော အသင်းတို့ တွေ့ဆုံနေပြီး မေ ၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်

**တောင်တွင်းကြီး**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဧပြီ ၂၈ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအချို့မှ နေအိမ် ၁၄၆ လုံး၊ ဘာသာရေးအဆောက်အအုံ လေးလုံး၊ စာသင်ကျောင်း ငါးကျောင်းတို့ ဒိုင်း၊ မြားများနှင့် သွပ်အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ကွန်ကရစ်မီးတိုင်နှင့် တယ်လီဖုန်းတိုင် စုစုပေါင်း ၁၆ တိုင် လဲကျပျက်စီးခြင်း၊ မြို့နယ်ပြည်သူ့အားကစားကွင်း အုတ်တံတိုင်းအလျား ၆၆ ပေ၊ အမြင့် ၅ ပေ ပြိုကျပျက်စီးခြင်း၊ အားကစားကွင်းအဝင် ဆိုင်းဘုတ်လဲကျပျက်စီးခဲ့ကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**နိုင်ဝင်း(တောင်တွင်းကြီး)**

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းဒေသရှိ စင်ပုံ၊ ပနန်း၊ ယင်းမာကျေးရွာများတွင် ဧပြီ ၂၉ ရက်က လေပြင်းတိုက်ခတ်ရာ စင်ပုံကျေးရွာတွင် လူနေအိမ် ၁၁ လုံး၊ ပနန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ် ၁၇ လုံး၊ ယင်းမာကျေးရွာတွင် လူနေအိမ် ၁၅ လုံးတို့၏ အမိုးများလန်ကာ ပျက်စီးဆုံးရှုံးခဲ့သည်။ ပျက်စီးသွားသည့် နေအိမ်များအတွက် ထောက်ပံ့ပွဲကို ဧပြီ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ ဆန်ဖိုးထောက်ပံ့ငွေ လူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်း ၁၈၂ ဦးတို့အတွက် ငွေကျပ် ၃၈၂၂၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **၁၀၁**



**ပေါက်**

ပေါက်မြို့နယ် ကျောက်တိုင်ခင်အုပ်စု တောင်လုံးကျေးရွာတွင် ဧပြီ၂၉ ရက် ည ၇ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး ပြိုလဲပြီး ၂၅လုံး အမိုးလန်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါကျေးရွာသို့ ဧပြီ ၃၀ ရက်က ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ကြပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၆၅၀၀၀၀နှင့် လေဘေးသင့်ပြည်သူ ၉၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၀၁၆၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**စစ်ကိုင်း**

စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာတွင် ဧပြီ ၂၉ ရက် ညပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မင်းကွန်းပုထိုးတော်ကြီး၏ အရှေ့ဘက်ရှိ ညောင်ပင်ကိုင်းများ ကျိုးကျခြင်း၊ ခြင်္သေ့ကြီးတောင်ဘက်ရှိ သက်တမ်းရှည်ကုက္ကိုယ်ပင်မှ သစ်ကိုင်းများကျိုးကျခြင်း၊ စက်တော်ရာအရှေ့ဘက်ရှိ လူနှစ်ယောက်ဖက်စာ ယင်းမာပင်ကြီးသည် ဧရာဝတီမြစ်အတွင်းသို့ ပြိုလဲသွားခြင်းနှင့် သစ်ပင်ပြိုလဲမှုကြောင့် နေအိမ်သုံးလုံး ပျက်စီးသွားကြောင်း၊ နေအိမ်ပျက်စီးဆုံးရှုံးသော အိမ်ထောင်စုများသို့ ဧပြီ ၃၀ ရက်က စစ်ကိုင်းအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်၊ ယမ်ယမ်ခေါက်ဆွဲခြောက်ထုပ် ငါးထုပ်၊ ကိတ်မုန့်တစ်ထုပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**နမ့်စန်**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာတွင် ဧပြီ ၂၉ ရက် ညနေ ၄နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကျကာ လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းကုန်းကျေးရွာရှိ နေအိမ်လေးလုံး အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်း တာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး တင့်နိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပျက်အစီးများနှင့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ဧပြီ ၂၉ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ငါးကင်းကျေးရွာမှ ဘုရားစေတီငါးဆူ ဖောင်းရစ်ပြတ်ကျ၍ ထီးတော်မြေခခြင်း၊ ရွှေကျောင်းဘုန်းတော်ကြီးကျောင်းနှင့် လယ်ပြင်ဘုန်းတော်ကြီးကျောင်းတို့ အမိုးလန်ပျက်စီးခြင်း၊ ယင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ဝန်ထမ်းအိမ်ရာနှင့် စာသင်ဆောင်တို့ အမိုးလန်ပျက်စီးခြင်း၊ ကျေးရွာအတွင်းရှိ နေအိမ်နှစ်လုံးမှာ သစ်ပင်ပိပျက်စီးခြင်း၊ နေအိမ်လေးလုံးမှာ အမိုးလန်ပျက်စီးခြင်း၊ ပဲကူကျေးရွာတွင် အိမ်ခြေနှစ်လုံး၊ တောချောင်းဦးကျေးရွာတွင် နေအိမ်တစ်လုံး၊ လည်ဖင်းကျေးရွာတွင် အိမ်ခြေသုံးလုံး၊ ပျော့ရွာကျေးရွာတွင် စာသင်ကျောင်းဆောင်မျက်နှာကြက် ၁၀ ပေပတ်လည်ခန့် ပျက်စီးခြင်း၊ ဆပ္ပာကျင်းကျေးရွာတွင် နေအိမ်နှစ်လုံး၊ သပြေသာကျေးရွာတွင် နေအိမ် တစ်လုံးနှင့် မဲနောကျေးရွာတွင် နေအိမ်ငါးလုံးတို့မှာ အမိုးလန်ခြင်း၊ အကာပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးခြင်းမရှိကြောင်း သိရသည်။

လေဘေးကြောင့် ပျက်စီးသည့် ကျေးရွာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက် လိုအပ်သည်များ ကူညီဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

## ရွာထောင်ဘူတာတွင် ထမင်းရောင်းသူအမျိုးသမီး ရထားကြိတ်ခံရ

**ရွာထောင် ဧပြီ ၃၀**

မန္တလေးဘူတာမှ မြစ်ကြီးနားဘူတာသို့ ထွက်ခွာလာသော အမှတ်(၄၁) အဆန် ဒုတိယအမြန်ရထားသည် ရွာထောင်ဘူတာမှ စတင်ထွက်ခွာစဉ် ထမင်းရောင်းသူ အမျိုး သမီးတစ်ဦးသည် ရထားပေါ်မှဆင်းရာ ခြေချော်ကျပြီး ရထားကြိတ်ခံရကြောင်း သိရသည်။

မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာလာသော အမှတ်(၄၁)အဆန် ဒုတိယအမြန်ရထားသည် ဧပြီ ၂၉ ရက် ညနေ ၆ နာရီ ၄၈ မိနစ်တွင် ရွာထောင်ဘူတာမှ စတင်ထွက်ခွာစပြုစဉ် မခင်နှင်းယု(၃၈ နှစ်)သည် ရထားပေါ်၌ ထမင်းထုပ်ဖိုး ငွေလိုက်လံတောင်းခံပြီး တွဲပေါ်မှနောက်ပြန်ဆင်းရာခြေချော်ပြီးကျရာမှ ညာဘက်ခြေကျင်းဝတ်အားရထားကြိတ်ဖြတ်ခံရသဖြင့် သုခကာရီလူမှုရေးအသင်းက စစ်ကိုင်းပြည်သူ့ဆေးရုံခုတင် ၂၀၀ သို့ ပို့ဆောင်ပေးခဲ့ပြီး ယင်းမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## တိုက်ကြီးမြို့အုတ်ကွင်း၌ လူသတ်မှုဖြစ်

**တိုက်ကြီး ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥပ္ပံုစုရပ်ကွက် ဒေါ်ခင်မာဝင်း အုတ်ကွင်း၌ ဧပြီ ၂၈ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်ကွင်းတွင် အလုပ်လုပ်နေကြသော ဝင်းရွှေနှင့် ဒေါ်တင်တင်အေးတို့ လင်မယား စကားများကြရာ ဝင်းရွှေက ဒေါ်တင်တင်အေးကို ဓားဖြင့်ထိုးသဖြင့် သေဆုံးကြောင်း ကြားသိရသဖြင့် အုတ်တွင်းမန်နေဂျာ ဦးတင်ညွန့် သွားရောက်ကြည့်ရှုပြီး ဒေါ်တင်တင်အေးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ မျက်မြင်များ၏ ပြောပြချက်အရ ဝင်းရွှေက ဒေါ်တင်တင်အေးအား ဓားဖြင့်ထိုးကြောင်း သိရသဖြင့် တိုက်ကြီးမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ရာ ဝင်းရွှေ(၅၈ နှစ်) အုတ်ကွင်းနေသူကို တိုက်ကြီးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## မြိတ်မြို့၌ ငွေကျပ် သိန်း ၉၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြိတ် ဧပြီ ၃၀**

မြိတ်မြို့မရဲစခန်းမှူး ဒုရဲမှူး ချိုလွင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် မြိတ်မြို့ကလွင်ကျေးရွာအုပ်စု တောင်ပြိုကျေးရွာ မြို့ပတ် ၁ လမ်း လမ်းသွယ်နေ ဒေါ်ခင်တင့်၏နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၉၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပါ တစ်ထုပ်နှင့် ၂၀၀၀ ပါ လေးထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်ခင်တင့်ကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## အရှိန်ပြင်းစွာမောင်းနှင်လာသော မော်တော်ယာဉ် လမ်းဘေးထိုးကျ

**မြို့သစ် ဧပြီ ၃၀**

မကွေးခရိုင် မြို့သစ်မြို့နယ် မကြီးကုန်းကြီး ကျေးရွာအုပ်စု တွင်းလည်ကျေးရွာအနီး ယနေ့နံနက် ၄ နာရီခွဲခန့်က ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးထိုးကျသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့ ချမ်းမြေ့ သာယာရပ်ကွက်နေ ဦးဟန်စိန် (၄၇နှစ်)သည် နတ်မောက်မှ မြို့သစ်သို့ မောင်းနှင် လာစဉ် မိုင်တိုင်အမှတ် ၂၂/၇နှင့် ၈ အကြားအရောက် မီးရထားသံလမ်းကူးကွေ့အား ဖြတ်ကူးစဉ် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ဝဲဘက်ခြမ်းလမ်းဘေးသို့ ထိုးကျသွားသဖြင့် ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မြို့သစ်မြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## သတိပေးချက်

- ❖ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
- ❖ မီးစတင် လောင်ကျွမ်းသော အချိန်တွင် ငြှိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
- ❖ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြှိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

## အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် အပတ်စဉ် ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းကြိုးအသစ်များ လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ၁-၅-၂၀၁၈ (အင်္ဂါနေ့) နှင့် ၃-၅-၂၀၁၈ (ကြာသပတေးနေ့)ရက်နေ့တွင် ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ အဖျောက်၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ဗဟန်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်မြို့နယ်များရှိ မိဘပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## တရားမဝင်ကန့်သတ်ကုန်ပစ္စည်း ဘီယာများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၅ စီး ၊ သွင်းကုန် ၉၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၁ စီး ၊ သွင်းကုန် ၂၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၆၉၃ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၉၃၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၉ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဘီးလင်းမြို့အဝင် တိုးဂိတ်အနီး၌ ရှောင်တခင်သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်စဉ် NISSAN UD (Box Truck) မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် တားဆီးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Chang Beer (1×24)(330ml)(1200Pkgs)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁ -၅-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန)

၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ဆောက်လုပ်ရေး ဝန်ကြီးဌာန)

၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၄း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင် (မိုးနတ်မင်းရဲ့ဒေါသမာန်)** (အပိုင်း-၁)

**ညပိုင်း**

၁၆း၃၀ - YTN (Science) သုံးဘက်မြင်ရုပ်လုံးကြွများ စတင်ပေါ်ပေါက်လာခြင်း

၁၇း၂၅ - **အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံမှသည် အနာဂတ် စာကြည့်တိုက်ပညာရပ်များဆီ**

၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၁၉း၀၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၄)

၁၉း၅၅ - CHOICE (အပိုင်း-၆၃)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်)

- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၂)
- အနုပညာခန်းရိပ်သာ **အလင်္ကာကျော်စွာဟသ်ာတ မြင့်ငွေနှင့်တွေ့ဆုံခြင်း**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း** (အပိုင်း-၄)

# ရန်ကုန်အသင်း အဝေးကွင်း၌ ဂိုးပြတ်နိုင်ပြီး ရာသီဝက်ချန်ပီယံဖြစ်

**ရန်ကုန် ဧပြီ ၃၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ် ဖြစ်သည့် ပွဲစဉ် (၁၁) နောက်ဆုံးနေ့ဖြစ်သော Southern အသင်းနှင့် ရန်ကုန်အသင်းတို့ ယနေ့ ညနေပိုင်းက မော်လမြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် အိမ်ကွင်းကစားပုံမာကျောသည့် Southern အသင်းကို အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို အနိုင်၊ နာမည်ကြီးရတနာပုံကို သရေကစားထားသည့် Southern အသင်းသည် ယခုပွဲတွင် အိမ်ကွင်း၌ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရန်ကုန်အသင်း၏ ဂိုးပြတ်သွင်းယူမှုကို ခံခဲ့ရသည်။ ဆယ်လာသည် ယခုရာသီတွင် ရန်ကုန်အသင်းအတွက် ပထမဆုံးဟက်ထရစ်သွင်းယူနိုင်ခဲ့ပြီး သွင်းဂိုးအများဆုံး စာရင်းတွင်လည်း ဧရာဝတီတိုက်စစ်မှူး အယ်လာပက်ထရစ်နှင့်အတူ ထိပ်ဆုံး၌ ပူးတွဲဦးဆောင်နိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် တိုက်စစ်ဦးစားပေးသည့်အနေဖြင့် ဂျပန်ကွင်းလယ်လူ ယာမာဇာကီကို မသုံးဘဲ နိုင်ငံခြားသားတိုက်စစ်မှူးနှစ်ဦးဖြစ်သည့် ဆယ်လာနှင့် အီမန်နျူရယ်ကို တစ်ပြိုင်တည်းအသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် အဝေးကွင်းဖြစ်သော်လည်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး သုံးမိနစ်တွင် မောင်မောင်လွင်၏ ဖန်တီးပေးမှုမှ အီမန်နျူရယ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ အိမ်ရှင် Southern အသင်းသည် ရှမ်းယူနိုက်တက်ကိုအနိုင်ကစားခဲ့သည့်ပွဲမှ ကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၃ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို အသင်းခေါင်းဆောင် စိုးမြတ်သူက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဂိုးပြန်ပေးလိုက်ရသော်လည်း ကစားကွက်ပျက်မသွားဘဲ အဝေးကွင်းတွင် Southern အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ၂၅ မိနစ်တွင် ရန်ကုန်အသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆယ်လာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ပွဲကိုစိုးမိုးနိုင်ခဲ့ပြီး ဆယ်လာက မိနစ် ၅၀ နှင့် ၆၃ မိနစ်တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူကာ ဟက်ထရစ်ရခဲ့သည်။ ရန်ကုန်အသင်းသည် လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ လေးဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ Southern အသင်းသည် ချေပဂိုးရရန် ကြိုးစားခဲ့သော်လည်း ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရပြီး အဆင့် (၉) နေရာသို့ ရောက်ရှိသွားသည်။

ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၁) အပြီးတွင် ရန်ကုန်အသင်းက ၂၆ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းက ရမှတ် ၂၀ စီ၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ဇွဲကပင်နှင့် ရခိုင်အသင်းက ၁၄ မှတ်စီ၊ Southern အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ပထမအကျော့ပွဲစဉ်များအနက် GFA နှင့် ရှမ်းယူနိုက်တက်၊ ရခိုင်နှင့် မကွေးနှစ်ပွဲကို ရွှေ့ဆိုင်းထားပြီး ပွဲအားလုံးမှာ မေ ၁၃ ရက်မှ ပြီးဆုံးမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း အရည်အချင်းစစ် ပြိုင်ပွဲကျင်းပမည်

**မန္တလေး ဧပြီ ၃၀**

မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်တစ်ဦးဖြစ်ရန် အခွင့်အရေးအဖြစ် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် ( Tour Pro, Teaching Pro, Senior Pro) အရည်အချင်းစစ်စာမေးပွဲကို မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ကစားသမားများသည် မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တွင် ရိုက်ချက်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် အခြေခံဂေါက်သီးပညာ ရှင်းလင်းခြင်းနှင့် ဖြေဆိုခြင်းပြုလုပ်ရမည်ဖြစ်သည်။

ဖြေဆိုလိုသည့် ဂေါက်သီးဝါသနာရှင်များသည် မေ ၂၈ ရက် နောက်ဆုံးထား၍ ဖုန်းနံပါတ် ၀၉-၇၇၀၉၄၇၂၇၇၊ ၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၅၁၉၃၄၂၃ တို့သို့ ဆက်သွယ်စုံစမ်း၍ ပြိုင်ပွဲကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## (၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

သားတို့သမီးတို့အပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာ ကြီးမားစွာဖြင့် ပြုစုပျိုးထောင် ဆုံးမသွန်သင်လမ်းညွှန်ပေးကာ အေးရိပ်မိုးလျက်ရှိနေသော၊ အမြဲတစေ ဂုဏ်ယူလေးစားဖွယ် စံနမူနာဖြစ်သော ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်မင်္ဂလာရက်မြတ်မှသည် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှလုံး ကျန်းမာ၊ ချမ်းသာစွာဖြင့် အမျိုးဘာသာသာသနာနှင့် နိုင်ငံအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း၊ ရွှေရတု၊ စိန်ရတုတိုင် တွဲလက်ခိုင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သောသားသမီးများနှင့် မြေးများ - ကိုဖွယ် + မီးငယ်**
**အိပိုး၊ မေပိုး**
**- ကိုဖိုးသား + ထိုက်**
**ချစ်ပိုး၊ ရွှေပိုး**
**- ကူးကူး၊ ကစ်ကစ်**

### ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၃) ကျောင်းဆင်းအရာရှိများ နှစ်ပတ်လည်နေ့ဆွမ်းကျွေး ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၃) သူရတပ်ခွဲ ကျောင်းဆင်းသူငယ်ချင်းများ၏ (၅-၅-၂၀၁၈)ရက်တွင် ကျရောက်သည့် (၁၈) နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသော သူငယ်ချင်းများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက်၌ နံနက် ၉ နာရီတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

သူငယ်ချင်းမိသားစုများ တွေ့ဆုံပွဲကို နေပြည်တော်၊ မြို့တော်ခန်းမရှေ့၊ ပျဉ်းမ နား-တောင်ညိုလမ်းမပေါ်ရှိ မိသားစု စားသောက်ဆိုင်နှင့် ရန်ကုန်မြို့၊ (၈)မိုင်လမ်းဆုံရှိ ရွှေဘဲစားသောက်ဆိုင်တို့တွင် ယင်းနေ့ ညနေ ၆ နာရီ၌ တွေ့ဆုံကြမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - မြင့်ကျော် (ဖုန်း-၀၉-၅၀၃၄၅၀၈)၊**
**ကျော်စွာဦး(ဖုန်း-၀၉-၅၀၄၄၆၄၅)၊**
**ကိုကိုဦး (ဖုန်း-၀၉-၄၉၃၃၀၄၉၉)၊**
**စိုးမင်းကျော် (ဖုန်း-၀၉-၅၁၀၃၉၁၀)**

### အမည်ပြောင်း

ဦးမင်းကျော်-ဒေါ်လှလှဝင်းတို့၏သား တောင်တွင်းကြီးမြို့ အမက (၈၇)၊ စတုတ္ထတန်း(အောင်)မှ မောင်ထူးမင်းခန့်အား မောင်ထက်ဘုန်းလျှံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ဘုန်းလျှံ**

### လုံးချင်းတိုက်ငှားမည်

မြေအကျယ် ပေ (၃၀×၅၀)၊ အရှေ့လှည်း၊ သုံးထပ်ခွဲ၊ ဖုန်း (၃)လုံး၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်၊ (ရုံးချိန်အတွင်း)

ဖုန်း-09 965504242, 01 2316121-4

### လုံးချင်းတိုက်နှင့်ခြံငှားရန်ရှိသည်

Showroom၊ ရုံးခန်းအထူး သင့်လျော်သည်။ လှိုင်၊ ဘုရင့်နောင်လမ်းမပေါ် မြေအကျယ်ပေ (၉၁×၈၁) (7300 Sqft) 1 RC, (64'+41') 6A/C, Phone 2, 3 Phase 440V ပါဝါမီတာ

ဆက်သွယ်ရန်-09 790877411, 224487, 2316121~4

### ဦးကျော်ကျော် ၁၄/ပသန(နိုင်)၀၃၂၉၆၇၊ တိုက် ၂၆၊ ပထမထပ်၊ ဇမ္ဗူရစ်လမ်း၊ ဗိုလ်ကဲညွှန့်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နှင့်အများသိစေရန်

လူကြီးမင်းနှင့်ကျွန်မသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၁၀၀၄/ခ)၊ မြေဧရိယာ ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် တစ်ခန်း၊ ခြောက်ထပ် RC တိုက်သစ်ဆောက်လုပ်ရန် မြေရှင် နှင့်ကန်ထရိုက်တာတို့နှစ်ဦးသဘောတူ ကတိစာချုပ်ကို ၁၀-၆-၂၀၁၅ ရက်တွင် စာချုပ်ချုပ်ဆို ဆောက်လုပ်ခဲ့ရာ လူကြီးမင်းမှ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း မဆောင်ရွက်နိုင်ပါသဖြင့် လုပ်ငန်းပြီးမြောက်လာစေရန် လူကြီးမင်းထံနို့တစ်စာပေးပို့ခြင်း၊ သတင်းစာမှကြော်ငြာခြင်းတို့ကို ပြုလုပ်ခဲ့ရာ လူကြီးမင်းမှပြန်လည်လုပ်ကိုင်ရန် ကမ်းလှမ်းလာပါသဖြင့် ၂၆-၁၁-၂၀၁၇ရက်တွင် အထက်ပါ ၁၀-၆-၂၀၁၅ရက်စာချုပ်၏ နောက်ဆက်တွဲစာချုပ်ဖြင့် စာချုပ်ချုပ်ဆို ဆက်လက်ဆောက်လုပ်စေခဲ့ပါသည်။

သို့ရာတွင် လူကြီးမင်းသည် စာချုပ်ပါ ပဋိညာဉ်များအတိုင်း မဆောင်ရွက်နိုင်ပါသဖြင့် စာချုပ်ပါစည်းကမ်းချက်များအရ မူလစာချုပ်အပြင် ထပ်မံချုပ်ဆိုသောစာချုပ်တို့သည်လည်း ပျက်ပြယ်သွားပြီဖြစ်ပါသောကြောင့် ၁-၅-၂၀၁၈ရက်တွင် ကျွန်မသည် အထက်ပါဆောက်လက်စတိုက်အား ကျွန်မလက်ဝယ်သို့ ပြန်လည်ရယူပြီးဖြစ်ပါသည်။ သို့ပါ၍ တိုက်ခန်းဆောက်လုပ်မှုသည် ဦးကျော်ကျော်နှင့် လုံးဝပတ် သက်မှုမရှိတော့ပါသဖြင့် ကန်ထရိုက်တာထံမှ ကြိုတင်ဝယ်ယူထားသူများသည် ကန်ထရိုက်တာနှင့်ပင် ဆက်လက်ဖြေရှင်းဆောင်ရွက်သွားကြပါရန် ဦးကျော်ကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေး**
**၁၂/ဥကတ(နိုင်)၀၆၉၉၂၀**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2011၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2960, Mitsubishi Pajero V75W,S/W(4×4)R ယာဉ်လက်ဝယ်ရှိသူဦးကျော်ငြိမ်းပိုင် ၁၂/ရကန(နိုင်)၀၆၄၉၅၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်-1T(C/RB)/ PROCUREMENT/REINFORCED STEEL BAR/ 2018-2019**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Steel Bar) အရွယ်စုံ မက်ထရစ်တန်(၉၀၀)ကို ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း)

၃။ **သံချောင်းလုံးနမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** - ၉-၅-၂၀၁၈ရက်(၁၆း၀၀)နာရီ

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၅-၂၀၁၈ ရက်(၁၆း၀၀)နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်** - ၂၄-၅-၂၀၁၈ရက် (တင်ဒါဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်။)

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၉-၈၆၃၄၅၃၄**

### ဦးသန့်ဇော်

PQI အသိအမှတ်ပြုစင်တာ

B.Sc.IC.Q.DA, DMP, MBA, ACCA (pro)

**LCCI I,II&III Diploma သင်တန်းများ**

I & II 5May 2018 / III 19 May 2018 ဖမည်

I&II Sec(A)Sat-Sun 9:00-10: 45 am
Sec(B)Mon to Wed 7:00 - 8:30 am
Sec(C)Mon to Wed 6:00-7:45 pm (၃လပြတ်)

ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ ဈေးကုန်း၊ စမ်းချောင်း။ 09 5115997

### ရွှေဖူးစာ မင်္ဂလာဝတ်စုံ အရောင်းဆိုင်မှ

**အရောင်းဝန်ထမ်း မ (၆)ဦး**

## အလိုရှိသည်။

**အမှတ်3B၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်**

**ဖုန်း-၀၉-၉၇၄၄၈၂၃၈၈၊ ၀၉-၉၆၄၄၆၀၆၀၈**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်တောမြို့၊ ညောင်ပင်လှရွာ၊ မြို့မ အရှေ့ရပ်ကွက်နေ ဦးကျော်လှစိန်(ခ)ကျော်ကြီး ၁၁/မတန(နိုင်)၀၀၁၅၆၃ နှင့် ဒေါ်သိန်းမေတို့၏ သားမောင်လှထွန်းတင်(ခ)မောင်လေး(ခ)ဘလူး ၁၁/မတန(နိုင်)၀၁၆၇၉၉ သည် အမြဲတမ်းမူးယစ်ရမ်းကား၍ မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဦးကျော်လှစိန် ၁၁/မတန(နိုင်)၀၀၁၅၆၃**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ (၆)ရပ်ကွက်၊ နယ်မြေ (၁၂)နေ ဦးအေးလွင်၏ သားမောင်ထိန်လင်းအောင် ၉/မခန(နိုင်)၁၉၆၄၇၇သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့် ပတ်သက်သော ကိစ္စများ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဒေါ်မြင့်ဝင်း**
**၉/မခန(နိုင်)၀၅၀၈၄၃**

# တရုတ်နိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ကိုးဦး သေဆုံး



**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာ၌ ဧပြီ ၃၀ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ကိုးဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည့် သတင်းတစ်ရပ်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါမြေပြိုမှုသည် တရုတ်နိုင်ငံမြောက်ပိုင်း ဆိုင်ဂျာချွမ် Caijiazhuang ကျေးရွာ၌ ဒေသစံတော်ချိန် နံနက် ၅ နာရီမတိုင်ခင်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရှန်ရှီ (Shanxi) ပြည်နယ် လုလျန်း (Luliang) မြူနီစီပယ်အစိုးရအာဏာပိုင်များက ပြောခဲ့သည်။

မီးသတ်သမား ၁၀၀ ကျော်၊ ဆေးဘက်ဆိုင်ရာအကူနှင့် ကယ်ဆယ်ရေးသမားများ အပါအဝင် စက်ယန္တရားကြီးများဖြင့် အခင်းဖြစ်ပွားသည့်နေရာတွင် ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်နေကြောင်း သိရသည်။

မြေပြိုကျရသည့် အကြောင်းရင်းကို ယခုအချိန်အထိ မသိရသေးကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားသော လောင်လင်မြေပြိုမှုတွင်လည်း လူ ၁၉ ဦးသေဆုံးခဲ့သေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မြောက်နှင့်တောင် ပေါင်းစည်းခြင်းအတွက် စံတော်ချိန် ပြန်လည်သတ်မှတ်မည်

**ဆိုးလ် ဧပြီ ၃၀**

မြောက်ကိုရီးယားနိုင်ငံက မြောက်နှင့် တောင် ပေါင်းစည်းခြင်း အချိန်များ ဟူသော အမိန့်အား အကောင်အထည် ဖော်သည့်အနေဖြင့် ပြုံယမ်းစံတော်ချိန်ကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဧပြီ ၃၀ သတင်းများတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံက ပြုံယမ်း စံတော်ချိန်ကို မေလ ၅ ရက်မှစတင်ကာ လက်ရှိအချိန်ထက် ရှေ့သို့ နာရီဝက် စောကာ ပြန်လည်ချိန်ညှိ သတ်မှတ်သွားမည်ဖြစ်ကြောင်း ကိုရီးယားဗဟို သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းက တောင်ကိုရီးယားနိုင်ငံ သမ္မတ မွန်ဂျယ်အင်းနှင့် ဧပြီ ၂၇ ရက်က ပန်မွန်ဂျုံကျေးရွာ ထိပ်သီးအစည်းအဝေး အတွင်း တွေ့ဆုံခဲ့စဉ်က အခြားအရာများ မပြုလုပ်မီ တောင်နှင့်မြောက် စံတော်ချိန်များ ပေါင်းစည်းရန် အဆိုပြုခဲ့ကြောင်း သိရသည်။



"ထိပ်သီးအစည်းအဝေးပြုလုပ်ရာ နေရာမှာ ချိတ်ဆွဲထားသည့် ပြုံယမ်းနှင့် ဆိုးလ်၏ စံတော်ချိန်ကို ညွှန်ပြနေသည့် နာရီနှစ်လုံးကို မြင်ရသည်မှာ နာကျင်ခံစားရကြောင်း" မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့သည်။

အဆိုပါ ပြောင်းလဲမှုသည် တောင်မြောက်ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ခြင်းနှင့် စည်းလုံးခြင်းအတွက် လက်တွေ့ကျသော ပထမခြေလှမ်းဖြစ်ကြောင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏ မတူကွဲပြားမှုနှင့် သီးခြားဖြစ်တည်နေမှုများအား တူညီပြီး တစ်ခုတည်းဖြစ်စေမည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ယခင်က ကိုရီးယားနှစ်နိုင်ငံသည် စံတော်ချိန်တစ်ခုတည်းကိုသာ အသုံးပြုခဲ့ကြောင်း သိရသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ယိုယွင်းလာခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏ စံတော်ချိန်အား မိနစ် ၃၀ နောက်ဆုတ်ခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# ဟာမာရှိ ဆီးရီးယားတပ်မတော်ကို ပစ်မှတ်ထားသည့် ဒုံးကျည်တိုက်ခိုက်မှု ဖြစ်ပွား

**ဒမတ်စကတ် ဧပြီ ၃၀**

ဆီးရီးယားရှိ ဟာမာနှင့် အလက်ပိုပြည်နယ်များ၏ အစွန်အဖျားရှိ ဆီးရီးယားတပ်မတော်တည်နေရာများကို ပစ်မှတ်ထားသည့် ဒုံးကျည်တိုက်ခိုက်မှုတစ်ခု တနင်္ဂနွေနေ့ ညနေခင်းက ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

ဒုံးကျည်တိုက်ခိုက်မှု၏ နောက်ကွယ်တွင် မည်သူရှိကြောင်း အသေးစိတ်သတင်းဖော်ပြမှုများ မရှိသေးပေ။ တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာမှ ထွက်ပေါ်လာသည့် မီးလုံးကြီးတစ်ခု၏ပုံရိပ်ကို ရုပ်သံကထုတ်လွှင့်ပြသခဲ့ပြီး ဟာမာနှင့် အလက်ပိုအစွန်အဖျားနေရာရှိ တပ်မတော်ပစ်မှတ်များကို ည ၁၀ နာရီ မိနစ်



၃၀ လောက်တွင် ဒုံးကျည်ပစ်ခတ်မှုတစ်ခု ဝင်ရောက်လာခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဟာမာရှိ တပ်ရင်း ၄၇ စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး မီးတောက်ကြီးတစ်ခုဖြစ်ပေါ်ခဲ့ကာ ပေါက်ကွဲသံများကို ကြားလိုက်ရကြောင်း၊ ဆီးရီးယားလေကြောင်းကာကွယ်ရေးတပ်ဖွဲ့ကလည်း ဒုံးကျည်ပစ်ခတ်မှုကို တုံ့ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဧရိယာရှိ အခြားသော အတိုက်အခံ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ယင်းတိုက်ခိုက်မှုကို ဟာမာရှိ ဆီးရီးယားတပ်မတော်တည်နေရာများကို တိုက်ခိုက်ခြင်းဟု ပြောဆိုခဲ့သော်လည်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံခဲ့ရသည့် စစ်အခြေစိုက်စခန်းတွင် အီရန်တိုက်ခိုက်ရေးအဖွဲ့များ ပါဝင် ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဧပြီ ၁၄ ရက်က ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် ဓာတုလက်နက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့မှုအပေါ် တုံ့ပြန်အရေးယူ ဆောင်ရွက်သည့်အနေဖြင့် ဆီးရီးယားရှိ တပ်မတော်တည်နေရာများကို ဒုံးကျည်တိုက်ခိုက်မှု အများအပြား လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်မြို့တော် ကဘူးလ်၌ ဗုံးပေါက်ကွဲမှု နှစ်ခုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ ၂၃ ဦးအထိ မြင့်တက်

**ကဘူးလ် ဧပြီ ၃၀**

အာဖဂန်မြို့တော်ဖြစ်သည့် ကဘူးလ် မြို့လယ်ကောင်၌ တနင်္လာနေ့ နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ခု ဖြစ်ပွားခဲ့ရာ အသေခံဗုံးသမားနှစ်ဦး အပါအဝင် သေဆုံးသူအရေအတွက် ၂၃ ဦးအထိ မြင့်တက်လာခဲ့ပြီး ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကနဦး ဖော်ပြချက်များတွင် သေဆုံးသူအရေအတွက် ၂၁ ဦးရှိပြီး ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဖော်ပြထားကြောင်း၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒ် မက်ဂျရော့က တွစ်တာပေါ် ၌ ရေးသားဖော်ပြခဲ့သည်။ ဗုံးခွဲတိုက်ခိုက်သူ နှစ်ဦးမှာလည်း ပွဲချင်းပြီး သေဆုံးခဲ့သည်။

မော်တော်ဆိုင်ကယ် စီးနင်းလာသည့် အသေခံဗုံးသမားသည် နံနက် ၈ နာရီတွင် ရဲတပ်ဖွဲ့နယ်မြေ ၉ ရှိ ရှက်ဒါရက်၌ ဗုံးထောင်ခဲ့ကြောင်း ကဘူးလ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် သတင်းထောက်များက အခင်းဖြစ်ပွားရာသို့ စုဝေးရောက်ရှိလာပြီးနောက် မိနစ် ၄၀ အကြာတွင် နောက်ထပ် ဗုံးပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

သေဆုံးသွားသူများတွင် အာဖဂန်သတင်းစာသမားသုံးဦးပါဝင်ပြီး အေအက်ဖ်ပီသတင်းအေဂျင်စီမှ အာဖဂန်သတင်းဓာတ်ပုံသမားတစ်ဦးလည်း ပါဝင်ကြောင်း အာဖဂန်သတင်းမီဒီယာက ဖော်ပြခဲ့သည်။



**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရီယာ့ဒ်သို့ တရားဝင်အလည်အပတ် ခရီးစဉ် ရောက်ရှိ

**ရီယာ့ဒ် ဧပြီ ၃၀**

အသစ်ခန့်အပ်လိုက်သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် စနေနေ့ ညနေခင်းက ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်သို့ တရားဝင်အလည်အပတ်ခရီးစဉ် ရောက်ရှိခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန် ထိပ်တန်းသံတမန်ဖြစ်သည့် မိုက်ပွန်ပီအိုအား ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒယ် ဘင်အာမက် အယ်လ် ဂျူဘီယာက ကင်းခါလစ်နိုင်ငံတကာလေဆိပ်၌ ခရီးဦးကြိုပြုခဲ့သည်။

ဆော်ဒီအာရေဗျသည် ဒေသတွင်း၌ ငြိမ်းချမ်းပြီး အကျိုးစီးပွားဖြစ်ထွန်းသော အနာဂတ်ဆီသို့ ရောက်ရှိနိုင်ရေး လုပ်ဆောင်ရာတွင် အဓိကကျသည့် ဦးဆောင်သူအဖြစ် ပါဝင်လျက်ရှိသည်။ အမေရိကန်-ဆော်ဒီ ချစ်ကြည်ရင်းနှီးမှုသည် ယင်းကြိုးပမ်းဆောင်ရွက်မှုအတွက် အရေးကြီးကြောင်း အမေရိကန်ပြည်တွင်း ဦးစီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာ နျူရတ်က တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### နျူကလီးယားစမ်းသပ်မှု ပြုလုပ်သည့်နေရာကို မေလတွင် ပိတ်သိမ်းမည်

**ပြုံယမ်း ဧပြီ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် နိုင်ငံအတွင်းရှိ နျူကလီးယားစမ်းသပ်ရာနေရာကို လာမည့် မေလတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်းကို သောကြာနေ့တွင် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းအား ပြောကြားခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။

နိုင်ငံအရှေ့မြောက်ပိုင်းရှိ ပန်ဂျီရီ နျူကလီးယားစမ်းသပ်ကွင်းအား ပိတ်သိမ်းမှုကို တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုမှ ကျွမ်းကျင်သူများ ကိုသာမက ဂျာနယ်လစ်များကိုပါ အသိပေး အကြောင်းကြားသွားမည်ဖြစ်ကြောင်းကို ကင်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ကာလများက ပြုလုပ်ခဲ့သည့် နျူကလီးယားစမ်းသပ်မှုများ၏ ရလဒ်အနေဖြင့် ယင်းနျူကလီးယားစမ်းသပ်ကွင်းကို နောက်ထပ်အသုံးပြု၍ မရနိုင်တော့ကြောင်း ပြောဆိုမှုများကို ခေါင်းဆောင်ကင်က ငြင်းဆန်ထားသည်။ အကယ်၍ ပြုံယမ်းနှင့် ဝါရှင်တန်တို့သည် အပြန်အလှန် ယုံကြည်လေးစားမှုကို တည်ဆောက်နိုင်ခဲ့ပါလျှင် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားရန် မလိုအပ်တော့ကြောင်း ကင်က ပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တောင်နဲ့မြောက်ပေါင်းစည်းရေးကို ဖော်ညွှန်းလိုက်တဲ့ သမိုင်းဝင်တွေ့ဆုံပွဲ

**ကလျာမိုးမြင့်**



ပြီးခဲ့တဲ့ သောကြာနေ့က မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားခေါင်းဆောင်နှစ်ဦးရဲ့တွေ့ဆုံမှုဟာ ခေတ်သစ်တစ်ခုကို အစပြုတည်ထောင်ဖို့ လမ်းခင်းလိုက်တဲ့ ကြုံတောင့်ကြုံခဲ သမိုင်းဝင်တွေ့ဆုံမှု တစ်ခုဖြစ်လာခဲ့ပြီလို့ မြောက်ကိုရီးယားမီဒီယာက ဖော်ပြပါတယ်။ ဘာကြောင့် သမိုင်းဝင်တဲ့ တွေ့ဆုံမှုလို့ ဆိုနိုင်တာလဲ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ တောင်ကိုရီးယားခေါင်းဆောင် မွန်ဂျယ်အင်းတို့ဟာ ဘယ်တော့မှဖြစ်မလာနိုင်ဘူးလို့ထင်ရတဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ပပျောက်ရေးကို အတူလက်တွဲကြိုးပမ်းသွားကြဖို့ သဘောတူညီလိုက်ကြတာကို မင်္ဂလာရှိစွာ တွေ့မြင်ခွင့်ရရှိလိုက်တဲ့ တွေ့ဆုံမှုတစ်ခုဖြစ်လို့ပါပဲ။

အင်မတန်တွေ့ရခဲတဲ့ ဖြစ်ရပ်ပါ။ နိုင်ငံပိုင်ရုပ်မြင်သံကြားနဲ့ ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဒီတွေ့ဆုံပွဲကို ပြီးပြည့်စုံတဲ့ နျူကလီးယားလက်နက်ပပျောက်ရေး ကြိုးပမ်းမယ့် ဆွေးနွေးပွဲတွေနဲ့ ခေါင်းဆောင်နှစ်ဦးရဲ့ ကတိကဝတ်ပြု သဘောတူညီမှုရယ်လို့ ကြွေးကြော်ဖော်ပြခဲ့ပါတယ်။ မြောက်ကိုရီးယားဆီကနေ စစ်မက်ပြုလိုတဲ့ စကားသံတွေ လပေါင်းများစွာကြာအောင် ထွက်လာခဲ့ပြီးတဲ့ နောက်မှာမှ ခုလိုငြိမ်းချမ်းရေးကို လိုလားတဲ့ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်က အံ့အားသင့်ဖွယ် ဝင်ရောက်လာခဲ့တာပါ။

ဒီဖြစ်ရပ်က ခေါင်းဆောင်ကင်ကို ကိုရီးယားစစ်ပွဲ အဆုံးသတ်ခဲ့တဲ့ ၁၉၅၃ ခုနှစ်ကစပြီး တောင်ကိုရီးယားနဲ့ သဘောထား ပြောင်းလဲလိုက်တဲ့ ပထမဆုံးသော မြောက်ကိုရီးယားခေါင်းဆောင်အဖြစ် တွေ့မြင်ရစေပါတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး နွေးထွေးကြည်ဖြူစွာ လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး မြောက်ကိုရီးယားဘက်ခြမ်းမှာရှိတဲ့ စစ်ရေးအရ ကန့်သတ်ပိုင်းခြားထားတဲ့ နယ်နိမိတ်လိုင်းဆီကို ချီတက်လျှောက်လှမ်းခဲ့ကြပါတယ်။ ပြုံယမ်းဟာ ၎င်းရဲ့နျူကလီးယားလက်နက်တိုက်ကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူးလို့ အမြဲတင်းခံငြင်းဆန်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပြီး အမေရိကန်ရဲ့ ရန်လိုမှုကနေ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့၊ နျူကလီးယားလက်နက်တွေရှိဖို့၊ လိုအပ်တယ်လို့ တစ်ချိန်လုံး ခုခံပြောဆိုခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။

အများပြည်သူဖတ်တဲ့ သတင်းစာမှာ နျူကလီးယားလက်နက်ပပျောက်ရေးကို ဆိုလိုတဲ့ဖော်ပြချက် သေးသေးလေးလောက်ပဲ တွေ့လိုက်ရတယ်ဆိုရုံနဲ့တောင် ဒါဟာ တောင်ကိုရီးယားအာဏာပိုင်တွေက အခက်အခဲပြဿနာကြီးတစ်ခုကို ထိုးဖောက်ကျော်လွှားနိုင်လိုက်ပြီဆိုတဲ့ သတင်းကောင်းတစ်ရပ်လို့ မှတ်ယူနိုင်ပြီဖြစ်ပါတယ်။

**တောင်နှင့်မြောက် သဘောတူညီချက်ထဲမှာ ဘာတွေပါလဲ**

တောင်နဲ့မြောက် နှစ်နိုင်ငံခေါင်းဆောင်တွေဟာ ၁၉၅၃ ခုနှစ်တုန်းက အပြည့်အဝ ငြိမ်းချမ်းရေးရရှိခဲ့တာမဟုတ်ဘဲ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနဲ့သာ ပြီးဆုံးခဲ့ရတဲ့ ကိုရီးယားစစ်ပွဲလုံးဝအဆုံးသတ်သွားဖို့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့နဲ့ ဆွေးနွေးပွဲတွေ ဖြစ်မြောက်ရေးအတွက် ကြိုးစားကြမယ်လို့ ဆိုပါတယ်။ နျူကလီးယားလက်နက်ဖယ်ရှားမယ်ဆိုတဲ့ ကတိကဝတ်ပြုမှုဟာ မြောက်ကိုရီးယားက ၎င်းရဲ့နျူကလီးယားလက်နက် လှုပ်ရှားဆောင်ရွက်မှုတွေကို ရပ်ဆိုင်းပစ်ပြီလို့ အတိအကျရည်ညွှန်းခြင်း မဟုတ်ပေမယ့် နျူကလီးယားကင်းစင်တဲ့ ကိုရီးယားကျွန်းဆွယ်ဖြစ်လာဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုထက်တော့ ပိုတယ်လို့ ဆိုနိုင်ပါတယ်။

ဒီဖော်ပြချက်က ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့ တစ်ဆင့်ချင်းဆောင်ရွက်သွားမယ့် အပြုအမူကို ဖော်ပြနေပြီး နောက်ထပ်အသေးစိတ်ကိုတော့ ဖော်ပြထားခြင်းမရှိပါဘူး။ နိုင်ငံရေးကျွမ်းကျင်သူအများစုက စေ့စပ်ညှိနှိုင်းရေးဘက်သို့ စိတ်အားထက်သန်လာပုံရတဲ့ မြောက်ကိုရီးယားရဲ့ သဘောထားပြောင်းလဲမှုနဲ့ပတ်သက်ပြီး မယုံကြည်နိုင်တဲ့ သံသယမျက်လုံးတွေနဲ့ စောင့်ကြည့်နေဆဲပါပဲ။

အတိတ်ကာလ ဖြစ်ရပ်တွေကို ကြည့်ရင် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနဲ့ ဒုံးကျည်စမ်းသပ်မှုတွေကို ပိုပြီးအားကိုးအားထားပြုလုပ်လာပြီးနောက်မှာ ယခင်က ချုပ်ဆိုထားခဲ့ဖူးတဲ့ ကိုရီးယားနှစ်နိုင်ငံ သဘောတူညီမှုတွေကို စွန့်လွှတ်လိုက်ကြပြီး တောင်ကိုရီးယားနိုင်ငံကလည်း ပိုပြီးရှေးရိုးဆန်တဲ့ သမ္မတတွေကို ရွေးချယ်တင်မြှောက်လာခဲ့တာကို မြင်တွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ တိုးတက်ဖြစ်ထွန်းမှုတွေ အဖျားရှူးပြီး ပျောက်ကွယ်မှေးမှိန်သွားခဲ့ရတဲ့ ဒေသတွင်းရဲ့ ကံမကောင်း အကြောင်းမလှတဲ့ သမိုင်းကြောင်းဖြစ်စဉ်တွေ ထပ်ကာတလဲလဲ ဆက်မဖြစ်တော့အောင် တားဆီးဖို့အတွက် တောင်နဲ့မြောက် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး လက်တွဲလုပ်ဆောင်သွားဖို့ သဘောတူညီလိုက်ပြီလို့ မစ္စတာကင်ဂျုံအန်းက ပြောခဲ့တာဟာ အားရစရာပါ။

**ပူးတွဲဖော်ပြချက်ပါ သဘောတူညီမှုများ**

ခေါင်းဆောင်နှစ်ဦးရဲ့ ပူးတွဲဖော်ပြချက်ထဲမှာပါရှိတဲ့ နောက်ထပ် သဘောတူညီခဲ့သော အချက်တွေကတော့

- တောင်နဲ့မြောက် ကိုရီးယားနှစ်နိုင်ငံအတွင်းမှာ ကျူးကျော်ရန်စလိုတဲ့ အပြုအမူတွေကို အဆုံးသတ်ဖို့
- ဝါဒဖြန့်သဘောတရားတွေကို ဖြန့်ချိထုတ်လွှင့်မှုကို ရပ်ဆိုင်းခြင်းအားဖြင့် နှစ်နိုင်ငံကို ပိုင်းခြားထားတဲ့ စစ်မဲ့ဇုန် (DMZ) ကို ငြိမ်းချမ်းရေးဇုန်တစ်ခုအဖြစ်သို့ ပြောင်းလဲဖို့
- ဒေသတွင်းမှာ စစ်ရေးဆိုင်ရာ တင်းမာမှုတွေကို လျော့ပါးစေမယ့် လက်နက်လျှော့ချရေးတစ်ရပ်ကို ဆောင်ရွက်သွားဖို့
- အမေရိကန်နဲ့ တရုတ်ပါဝင်တဲ့ လေးနိုင်ငံ ဆွေးနွေးပွဲတစ်ရပ် ဖြစ်မြောက်ရေး အကောင်အထည်ဖော်ဖို့
- စစ်ပွဲကြောင့် ကွဲကွာသွားခဲ့ကြရတဲ့ မိသားစုတွေ ပြန်လည်ပေါင်းစည်းနိုင်အောင် စုစည်းပေးဖို့
- နယ်စပ်ဒေသတစ်လျှောက်မှာရှိတဲ့ မီးရထားလမ်းပိုင်းတွေ ချိတ်ဆက်ဆောင်ရွက်ပြီး လမ်းတွေကို ခေတ်မီဆန်းသစ်အောင် အဆင့်မြှင့်တင်သွားဖို့နဲ့
- ယခုနှစ် အာဆီယံအားကစားပွဲတွေ အပါအဝင် အားကစားပွဲတွေမှာ နောက်ထပ် အတူတကွ ပူးပေါင်းပါဝင်သွားကြဖို့

ဆိုပြီး သဘောတူညီချက်တွေဖြစ်ပါတယ်။ ပူးတွဲဖော်ပြချက်မှာပါရှိတဲ့ သဘောတူညီထားသော အကြောင်းအရာတွေဟာ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို သိသိသာသာ ဖော်ညွှန်းနေတဲ့ အကြောင်းအရာတွေချည်းပဲဖြစ်တဲ့အတွက် စိတ်ဝင်စားစရာ ကောင်းလှသလို အားရကျေနပ်ဖွယ်ရာလည်း ဖြစ်ပါတယ်။

**ထိပ်သီးစည်းဝေးပွဲက ငြိမ်းချမ်းရေးကို ဦးတည်မှာလား**

မြောက်ကိုရီးယားဆီသို့ ပြန်ပြီး ခြေဦးလှည့်လာစေဖို့အတွက် နှစ်နိုင်ငံချိတ်ဆက်မှုဖြင့် တောင်ကိုရီးယားဆီသို့ အပြန်အလှန် သဘောသက်ရောက်တဲ့ ခြေလှမ်း လှမ်းဖို့ သမ္မတမွန်ဂျယ်အင်းကို ရုတ်တရက် ကောက်ကာငင်ကာပြုမူလိုက်တဲ့ ခေါင်းဆောင်ကင်ရဲ့ လိမ္မာပါးနပ်တဲ့အပြုအမူဟာ တောင်နဲ့မြောက်ကိုရီးယားနှစ်နိုင်ငံနဲ့ နှစ်နိုင်ငံခေါင်းဆောင်တွေကို သာတူညီမျှရှိမှုကို လှုံ့ဆော်လိုက်တဲ့ နည်းလမ်းတစ်ခုဖြစ်ခဲ့ပါတယ်။

နှစ်နိုင်ငံအကြား ပိုင်းခြားကန့်သတ်ထားတဲ့ နယ်နိမိတ်စည်းမျဉ်းကို မှိန်ဖျော့သွားစေခြင်းအားဖြင့် ဒီအပြုအမူဟာ ဆိုးလ်နဲ့ ပြုံယမ်းတို့ နှစ်ရှည်လများ နားလည်သဘောပေါက်အောင် ကြိုးစားခဲ့ကြတဲ့ ပြန်လည်ပေါင်းစည်းညီညွတ်ရေး ပန်းတိုင်ကိုလည်း လမ်းစဖော်နိုင်ခဲ့ပါတယ်။

**တောင်နဲ့မြောက် တွေ့ဆုံမှုရလဒ်အပေါ် တရုတ်နဲ့ အမေရိကန်ရဲ့သဘောထား**

အမေရိကန် ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားရဲ့ မဟာမိတ်ဖြစ်တဲ့ တရုတ်နိုင်ငံတို့ဟာ ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲရဲ့ ရလဒ်တွေကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံခဲ့ကြတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ စနေနေ့မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကောင်းသော အခြင်းအရာတွေ ဖြစ်ပျက်လာပြီ။ လာမယ့်ရက်သတ္တပတ်တွေမှာ မစ္စတာကင်နဲ့ တွေ့ဆုံသွားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပြီလို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ လတ်တလောမှာတော့ ထိပ်သီးအစည်းအဝေးပြုလုပ်မယ့်နေရာကို အတည်မပြုရသေးပါဘူး။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ၊ ဆင်ဟွာ**

**“တိုးတက်ဖြစ်ထွန်းမှုတွေ အဖျားရှူးပြီး ပျောက်ကွယ်မှေးမှိန်သွားခဲ့ရတဲ့ ဒေသတွင်းရဲ့ ကံမကောင်း အကြောင်းမလှတဲ့ သမိုင်းကြောင်းဖြစ်စဉ်တွေ ထပ်ကာတလဲလဲ ဆက်မဖြစ်တော့အောင် တားဆီးဖို့အတွက် တောင်နဲ့မြောက် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး လက်တွဲလုပ်ဆောင်သွားဖို့ သဘောတူညီလိုက်ပြီ”**

# ပိုမိုပွင့်လင်းလာသည့် စာရင်းအင်းအချက်အလက် ဝန်ဆောင်မှုများနှင့် မြန်မာနိုင်ငံ

ဒေါက်တာဝါဝါမောင် (ဗဟိုစာရင်းအင်းအဖွဲ့ စီမံ/ဘဏ္ဍာ)

*(ယမန်နေ့မှ အဆက်)*

**မြန်မာနိုင်ငံ၏ အချက်အလက်လွှမ်းခြုံရရှိနိုင်မှု** (Data Coverage)

အချက်အလက်လွှမ်းခြုံရရှိနိုင်မှုကို အချက်အလက်ရရှိမှုနှင့် သင့်တင့်သည့် အသေးစိတ် အချက်အလက်အထိရရှိနိုင်မှု၊ ၅ နှစ်ဆက်တိုက် စာရင်းရရှိနိုင်မှု၊ ၁၀ နှစ်ဆက်တိုက် စာရင်း ရရှိနိုင်မှု၊ အုပ်ချုပ်ရေး ပထမဦးဆုံးအဆင့်အထိ စာရင်းရရှိနိုင်မှု နှင့် အုပ်ချုပ်ရေး ဒုတိယအဆင့်အထိ စာရင်းရရှိနိုင်မှု စသည့် (၅) မျိုးဖြင့် တိုင်းတာ ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ **Coverage Score အဖြစ် ၃၁.၈ ဖြင့် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၂၃ နေရာ** ၌ ရှိနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် စာရင်းအင်းဆိုင်ရာ **အချက်အလက် လွှမ်းခြုံရရှိနိုင်မှုအနေဖြင့် ယခုထက်ပို၍ တိုးတက် အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။**

**မြန်မာနိုင်ငံ၏ အချက်အလက်များ ပွင့်လင်းမြင်သာရှိမှု** (Data Openness)

အချက်အလက်များ ပွင့်လင်းမြင်သာရှိမှု (Data Openness) တွင် အပိုင်း(၅) ပိုင်း ပါဝင်ပြီး ၎င်းတို့မှာ စာရင်းအချက်အလက်အား စက်ဖြင့်ဖတ်ရှုမှတ်သားနိုင်ခြင်း (Machine Readable)၊ ပိုင်ဆိုင်မှု သတ်မှတ်ချက်မရှိသောပုံစံ (Non Property Formats) ဖြင့် ထုတ်ပြန်ခြင်း၊ Application Programming Interface (API) သို့မဟုတ် လင့်ခ်အမြောက်အများမှ Download ပြုလုပ်နိုင်ခြင်း၊ တွက်ချက်မှုနည်းလမ်း (Metadata) များ ဖော်ပြပါရှိခြင်းနှင့် လွတ်လပ်စွာ အသုံးပြုခွင့်အား ရှင်းလင်းစွာ ဖော်ပြထားခြင်းတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် အဆိုပါ **Openness Score အဖြစ် ၄၆.၁ ဖြင့် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၆၇ နေရာ**၌ ရှိနေပါသည်။ **အဆိုပါ အချက်အလက်လွှမ်းခြုံရရှိနိုင်မှုနှင့် အချက်အလက် များ ပွင့်လင်းမြင်သာရှိမှု နယ်ပယ်နှစ်ခုလုံးပေါင်းအတွက် ODIN Score အဖြစ် ၃၉.၂ ရရှိကာ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၈၁ ရရှိခဲ့ခြင်း ဖြစ်ပါသည်။**

ပုံ (၅) မြန်မာနိုင်ငံ၏ ODIN Score




ပုံ (၆) အရှေ့တောင်အာရှနိုင်ငံများ၏ ODIN Score




အရှေ့တောင်အာရှနိုင်ငံများအနက် **ODIN Score ၏ အများအနည်းကို နိုင်ငံအလိုက် ဖော်ပြရာတွင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား ပြီးပါက မြန်မာနိုင်ငံဖြစ်ပြီး အရှေ့တောင် အာရှနိုင်ငံ များအနက် အဆင့် ၅ ၌ ရပ်တည်လျက်ရှိသည်။** မိမိတို့နိုင်ငံအနေနှင့် စာရင်းအင်း အချက်အလက်များအား ပိုမိုပွင့်လင်း ထင်သာဖြစ်စေရေးအတွက် မြန်မာစာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်စနစ် (Myanmar Statistical Information System- www.mmsis.gov.mm) အား ထူထောင်ဆောင်ရွက်ခဲ့ခြင်း၊ လိုအပ်သည့် ကိန်းဂဏန်းစာရင်းအင်းများ **အချက်အလက်လွှမ်းခြုံရရှိနိုင်မှု**အတွက် လူဦးရေ သန်းခေါင်စာရင်းနှင့် ကဏ္ဍများစွာအတွက် စစ်တမ်းများ ကောက်ယူခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ ကောင်းမွန် စေခြင်းနှင့် တရားဝင်စာရင်းအင်းများအား ကဏ္ဍစုံ အချိန်မီထုတ်ပြန်နိုင်ခဲ့ခြင်း တို့ကြောင့် ODIN Score များ မြင့်တက်လာခဲ့ခြင်း ဖြစ်ပါသည်။ **သို့သော် စာရင်းအင်းများအား အချိန်နှင့်အမျှ အစဉ်အမြဲ Update ဆောင်ရွက်ရန် အမျိုးသားစာရင်းအင်းစနစ် အရည်အသွေး ပြည့်ဝရေး ဆက်လက်ဆောင်ရွက်ရန် များစွာကျန်ပါသေးသည်။**

သို့ဖြစ်ပါ၍ **နိုင်ငံတိုင်း၌ စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက်**ရှိပါသည်။ စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။ စာရင်းအင်းကဏ္ဍတွင် **ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ မူဝါဒအားဖြင့် စာရင်းအင်း မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် အားပေးဆောင်ရွက်ခြင်း၊ အဆိုပါ ကဏ္ဍတိုးတက်ရေးအတွက် လူအင်အား၊ လိုအပ်သည့် စက်ကိရိယာပစ္စည်းများ အသုံးပြုခြင်း၊ နည်းပညာမြှင့်တင်ခြင်း၊ အချက်အလက်များ ဆန်းစစ်ခြင်း၊ ထုတ်ပြန်ဆောင်ရွက်ခြင်း အစရှိတဲ့ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အာရုံထား၍ ချဉ်းကပ်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။**

**မိမိတို့နိုင်ငံတွင်လည်း စာရင်းအင်းဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သည့်အလျောက် လက်တွေ့အခြေအနေများနှင့် ဖြစ်ပေါ်တည်ရှိမှုများအရ ကိန်းဂဏန်း အချက်အလက်များအပေါ်အခြေခံ၍ မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန်အချက်များအဖြစ်သို့ အသွင်ကူးပြောင်းနိုင်ရေး (Translation from Data into Policy Inputs) သည်လည်း အလွန်အရေးပါပါသည်။ အဆိုပါ လက်တွေ့အခြေအနေများအရ ကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံထားသည့် မူဝါဒဆန်းစစ်ချက်များကို မူဝါဒဆုံးဖြတ်သူများထံ အရောက်ပေးပို့နိုင်ရေးနှင့် ထည့်သွင်းစဉ်းစားနိုင်ရေးသည်လည်း လိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။**

**ပိုမိုပွင့်လင်းလာသည့် စာရင်းအချက်အလက် ဝန်ဆောင်မှုများအား မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသနပြုသူများနှင့် ပြည်သူများအား အသိပေးပံ့ပိုးခြင်းသည် ရှားပါးသည့် သယံဇာတများအား ခွဲဝေသုံးစွဲရာတွင် ပိုမိုထိရောက်စွမ်းဆောင်ရည်မြင့်စေပြီး ပွင့်လင်းမြင်သာမှု (Transparency) ကို မြှင့်တင်ရာရောက်စေသည်။ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် (Good Governance)** ကိုလည်း ဖော်ဆောင်ရာ ရောက်ပါသည်။ ထို့ပြင် **စာရင်းအချက်အလက်များ ပိုမိုပွင့်လင်း လာခြင်းအားဖြင့် Right to know, Right to access informa-tion စသည့် လူ့အခွင့်အရေးကိုလည်း ပိုမိုဖြည့်ဆည်းပေးရာရောက်ခြင်းကြောင့် စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် အားပေးပံ့ပိုးရန် လိုအပ် လျက်ရှိပြီး ထိုသို့စာရင်းအင်းမှန်ကန်၍ အရည်အသွေး ပြည့်ဝလာပါက ပိုမိုပွင့်လင်းလာသည့် စာရင်းအချက်အလက်ဝန်ဆောင်မှုများ ပိုမိုတိုးတက်လာမည်မှာ အမှန်ကေန်ပင် ဖြစ်ပါသည်။**

ပုံ (၇) မြန်မာ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်စနစ် (Myanmar Statistical Information System- www.mmsis.gov.mm)




## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကော့ကရိတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကော့ကရိတ် မေ ၂၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မေ ၂၈ ရက်က ကော့ကရိတ်မြို့ ချောင်းဦးစေတီတံတားအား ဖွင့်လှစ်ပေးပြီး တောနော်သဘာဝ ရေတံခွန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ဝန်ကြီးများနှင့်အတူ နံနက် ၉ နာရီက ချောင်းဦးစေတီတံတားအား ဖွင့်လှစ်ပေးပြီး ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးဘေးရှိ သဘာဝအပန်းဖြေနေရာ တောနော်ရေတံခွန်သို့ သွားရောက်ကြည့်ရှုရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက မြို့၌ ပထမဆုံးဖွင့်လှစ်သော ရေတံခွန်ဖြစ်သည်နှင့်အညီ အများပြည်သူ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါ်နအလင်းကုမ္ပဏီ၊ PRO 81 Co.,Ltd၊ KHAN တို့ ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက ၂၄ နာရီ မီးလင်းရေးစက်ရုံသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြေဆီလွှာ အာဟာရဖြည့်တင်းရေးဆိုင်ရာ ဆွေးနွေးပွဲသို့ သွားရောက်ပြီး တောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့ ချောင်းတောင်ရေမြှင့်အဆောက်အအုံ (ရေထိန်းတမံ) သို့ သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အလုပ်ရှင်နှင့် အလုပ်သမားတို့အတွက် ဗုဒ္ဓ၏ အကြံပြုချက်များ

မိမိုးအေး(ဘားအံတက္ကသိုလ်)

**၂၀၁၈ ခုနှစ် မေလ ၁ ရက်နေ့ဟာ ကမ္ဘာ့အလုပ်သမားနေ့ (သို့မဟုတ်) မေဒေးနေ့ ဖြစ်ပါတယ်။ တိတိကျကျပြောရရင် (၁၂၈)ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ ဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားတို့နဲ့ ပတ်သက်ပြီး ဗုဒ္ဓရဲ့လမ်းညွှန်ချက်၊ အကြံပြုချက်တွေကို ကျွန်မသိသလောက် ဝေမျှပေးချင်ပါတယ်။ လူ့အဖွဲ့အစည်းမှာ အရင်ကလည်း ရှိခဲ့ပြီး၊ အခုလည်း ရှိနေဆဲ၊ နောင်လည်းရှိနေဦးမယ့် လူတန်းစားနှစ်ရပ်ကတော့ အလုပ်ရှင်နဲ့ အလုပ်သမားတို့ပဲ ဖြစ်ပါတယ်။**

ဒီလူတန်းစားနှစ်ရပ်ဟာ တစ်ဦးနဲ့တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရကြရသူတွေပဲ ဖြစ်ပါတယ်။ ဗုဒ္ဓက သိင်္ဂါလသုတ်ထဲမှာ ဒီလူတန်းစားနှစ်ရပ်တို့အကြား အပြန်အလှန်ထားရှိရမယ့် ကျင့်ဝတ်တွေကို အသေးစိတ် လမ်းညွှန်ထားပါတယ်။

အလုပ်ရှင်ကို ပါဠိစာပေများမှာ 'အယျိရက'၊ 'သာမိ' ဆိုပြီး သုံးစွဲကြပါတယ်။ အဘိဓာန်တွေမှာတော့ ဒီအဓိပ္ပာယ်တွေကို 'အရှင်သခင်'၊ 'ပိုင်ဆိုင်သူ၊ ရှိသေမြတ်နိုးထိုက်သူ'၊ 'ပိုင်ရှင်' ဆိုပြီး ဖွင့်ဆိုကြပါတယ်။ အင်္ဂလိပ်လိုတော့ 'Employer, Master, Boss' ဆိုပြီး သုံးစွဲကြပါတယ်။ အလုပ်သမားကိုတော့ 'ဒါသကမ္မကရ' လို့ သုံးစွဲကြပါတယ်။ အဓိပ္ပာယ်ကိုတော့ 'အမှုကိစ္စကို ပြုလုပ်သော၊ အလုပ်လုပ်သောသူ၊ အခစားလုပ်သူ၊ သူရင်းငှား၊ အလုပ်သမား' လို့ ဖွင့်ဆိုပါတယ်။ အင်္ဂလိပ်လိုတော့'Employee, worker, servant' ဆိုပြီး သုံးစွဲပါတယ်။ ဒီအဓိပ္ပာယ်အရအလုပ်သမားဆိုတာ အလုပ်ရှင်ရဲ့အမှုကိစ္စတွေကို ကာယအား၊ ဉာဏအားနဲ့ဆောင်ရွက်လုပ်ကိုင်ပေးသူလို့ ဆိုနိုင်ပါတယ်။ ဒီနေ့မှာတော့ 'ဝန်ထမ်း' လို့ သုံးစွဲကြပါတယ်။

**အလုပ်ရှင်နဲ့ အလုပ်သမား**
**အပြန်အလှန်ထားရှိရမယ့် ကျင့်ဝတ်**

ဗုဒ္ဓက အလုပ်ရှင်နဲ့ အလုပ်သမားတို့ အပြန်အလှန်ထားရှိရမယ့် ကျင့်ဝတ်တွေကို သိင်္ဂါလသုတ်မှာ လမ်းညွှန်ထားပါတယ်။ ဒီနေရာမှာတော့ အလုပ်သမားတွေအတွက် အလုပ်ရှင်တွေရဲ့ ကျင့်ဝတ်တွေကို ကျွန်မအဓိကထားပြီး တင်ပြလိုပါတယ်။ အလုပ်သမားတွေနဲ့ ပတ်သက်ပြီး အလုပ်ရှင်တွေ လိုက်နာဖို့ ဗုဒ္ဓလမ်းညွှန်အကြံပြုထားတာ အချက်ငါးချက်ရှိပါတယ်။ အဲဒါတွေကတော့

- ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်း (ယထာဗလံ ကမ္မန္တသံဝိဓာန)
- ထမင်းရိက္ခာပေးခြင်း (ဘတ္တဝေတနာနုပ္ပဒါန)
- မကျန်းမာသောအခါ ပြုစုခြင်း (ဂိလာနုပဋ္ဌာန)
- ထူးဆန်းသောအရသာများကို ခွဲဝေပေးခြင်း (အစ္ဆရိယာနံ ရသာနံ သံဝိဘာဂ)
- အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာပေးခြင်း (သမယေ ဝေါဿဂ္ဂ)တို့ ဖြစ်ပါတယ်။

'ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်း' ဆိုတာကတော့ အလုပ်ရှင်ဟာ ကိုယ့်ရဲ့အလုပ်သမားတွေကို ခိုင်းစေရာမှာ ငယ်ရွယ်တဲ့သူတွေသာ လုပ်နိုင်မယ့်ကိစ္စကို အိုမင်းမစွမ်း အသက်ကြီးသူတွေကို မခိုင်းရပါဘူး။ အသက်ငယ်တဲ့သူတွေ မလုပ်နိုင်တဲ့အလုပ်ကို လုပ်နိုင်တဲ့လူကြီးတွေကို ခိုင်းရပါမယ်။ အလုပ်သမားတို့ရဲ့ခွန်အား၊ စွမ်းအားနဲ့ သင့်တော်အောင်စေခိုင်းရမှာဖြစ်ကြောင်း အဋ္ဌကထာတွေမှာ ဖွင့်ဆိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ 'ထမင်းရိက္ခာပေးခြင်း'ဆိုတာကို ကိုယ့်ရဲ့အလုပ်သမားမှာ ငယ်ရွယ်တဲ့ သားသမီးရှိရင်ပဲဖြစ်ဖြစ်၊ တစ်ယောက်တည်း နေထိုင်တာပဲဖြစ်ဖြစ်၊ အဲဒီအလုပ်သမားကို ထမင်း၊ အစားအသောက်၊ စားနပ်ရိက္ခာ၊ စရိတ်ထောက်ပံ့ပေးသင့်တယ်လို့အဋ္ဌကထာမှာ ဖွင့်ဆိုပါတယ်။

တတိယအချက်ကတော့ 'မကျန်းမာသောအခါ ပြုစုခြင်း' ပဲဖြစ်ပါတယ်။ မကျန်းမာတဲ့အခါမှာ အလုပ်က အနားပေးပြီး သင့်တော်တဲ့ ဆေးကုသမှုပေးပြီး ပြုစုစောင့်ရှောက်ပေးရမယ်လို့ ဖွင့်ဆိုထားပါတယ်။

စတုတ္ထအချက်ကတော့ 'ထူးဆန်းသော အရသာများကို ခွဲဝေပေးခြင်း' ဖြစ်ပါတယ်။ အဋ္ဌကထာဆရာက ထူးဆန်းတဲ့ အစားအစာ၊ ကောင်းမွန်ပြီး အရသာရှိတာတွေ ရခဲ့ရင် ကိုယ့်ရဲ့ အလုပ်သမားဝန်ထမ်းတွေကို ခွဲဝေပေးရမယ်လို့ ဖွင့်ဆိုပါတယ်။

နောက်ဆုံးအချက်ကတော့'အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာပေးခြင်း' ဖြစ်ပါတယ်။ အလုပ်လုပ်ကိုင်နေတုန်းပဲ ဖြစ်ဖြစ်၊ သင့်တော်တဲ့အချိန်ပဲ ဖြစ်ဖြစ်၊ အချိန်အခါကိုကြည့်ပြီး အနားပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပွဲလမ်းသဘင်ရှိတဲ့ အချိန်အခါမျိုးမှာလည်း အဝတ်အစား၊ ငွေကြေး၊ စားသောက်စရာတွေကိုပေးပြီး အလုပ်ကနေ အနားပေးသင့်ကြောင်း ဖွင့်ဆိုထားပါတယ်။

**အလုပ်သမား၊ ဝန်ထမ်းများရဲ့ကျင့်ဝတ်**

ဗုဒ္ဓက အလုပ်ရှင်တွေရဲ့ကျင့်ဝတ်တွေကို အကြံပြုလမ်းညွှန်ပြီးတဲ့နောက်မှာ အလုပ်သမား၊ ဝန်ထမ်းတွေရဲ့ကျင့်ဝတ်တွေကိုလည်း သိင်္ဂါလသုတ်မှာပဲတစ်ဆက်တည်း လမ်းညွှန်ဆုံးမခဲ့ပါတယ်။ အလုပ်သမားတွေဘက်က ကျင့်ဝတ်တွေကတော့

> **"အလုပ်ရှင်အနေနဲ့ ကိုယ့်အကျိုးစီးပွားတစ်ခုတည်းကို ဦးစားပေးလို့ မရပါဘူး။ အလုပ်သမားတွေရဲ့ ကြိုးစားလုပ်ကိုင်ပေးမှုကို အသိအမှတ်ပြုပေးတာ၊ ဂုဏ်ပြုစကားပြောတာ၊ ဆုလာဘ်ချီးမြှင့်ပေးတာတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားဆိုတဲ့ လူ့အဖွဲ့အစည်းကြီးနှစ်ခုဟာ ထာဝစဉ်ရှိနေမယ့် အဖွဲ့အစည်းကြီး နှစ်ရပ်ဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် ဟန်ချက်ညီမှသာ လုပ်ငန်းကိစ္စတွေ ပြီးမြောက်အောင်မြင်မှာ ဖြစ်ပါတယ်၊ ဒီနေ့ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ ဗုဒ္ဓရဲ့ နည်းလမ်းတွေကို အသုံးပြုတဲ့ သူတွေဖြစ်တယ်လို့ ဆိုနိုင်"**

- ရှေးဦးစွာအိပ်ရာမှထခြင်း (ပုဗ္ဗုဋ္ဌာယီ)
- နောက်မှအိပ်လေ့ရှိခြင်း(ပစ္ဆာနိပါတီ)
- အရှင်ပေးမှ ယူရခြင်း(ဒိန္နာဒါယိ)
- အမှုကိစ္စကို ကောင်းစွာပြုလုပ်ခြင်း (သုကတကမ္မကရ)
- အရှင်၏ဂုဏ်သတင်းကိုဆောင်ခြင်း (ကိတ္တိဝဏ္ဏဟရာ) တို့ပဲဖြစ်ပါတယ်။ ဒီကျင့်ဝတ်တွေကို အဋ္ဌကထာတွေမှာ ဒီလိုဖွင့်ဆိုထားကြပါတယ်။

ဗုဒ္ဓက အလုပ်သမားတစ်ယောက်ဟာ အလုပ်ရှင် မထခင် အိပ်ရာက ဦးစွာထရမယ်လို့ ဆိုထားပါတယ်။ အလုပ်ရှင် အိပ်ရာက မထမီ အရင်ဦးစွာထရတဲ့အတွက်ကြောင့် 'ပုဗ္ဗုဋ္ဌာယီ' လို့ ဖွင့်ဆိုပါတယ်။

အလုပ်ရှင်ရဲ့နောက်မှ အိပ်ဖို့လည်း ဗုဒ္ဓက ဒုတိယဝတ္တရားအဖြစ် ညွှန်ပြခဲ့ပါသည်။ ညအခါမှာအလုပ်ရှင်ရဲ့အိပ်ရာနေရာကို ခင်းကျင်းပေးပြီး ခြေဆေးခြင်း စတဲ့ကိစ္စတွေကို ပြုလုပ်ပြီးမှ အိပ်စက်ရတာကြောင့် 'ပစ္ဆာနိပါတီ' လို့ ဖွင့်ဆိုပါတယ်။

ဗုဒ္ဓက ကိုယ့်အလုပ်ရှင်ကပေးမှ ယူဖို့ကိုလည်း တတိယအချက်အဖြစ် ဆုံးမထားပါတယ်။ ဒါကို အဋ္ဌကထာဆရာက အလုပ်သမားတွေဟာ တစ်စုံတစ်ခုသောပစ္စည်းကို မခိုးယူကြပေ။ အလုပ်ရှင်တို့ပေးတာကိုသာ ယူကြသည်လို့ ဖွင့်ဆိုပါတယ်။

အလုပ်ရှင်ရဲ့အမှုကိစ္စတွေကို ကောင်းကောင်းမွန်မွန်လုပ်ပေးဖို့ကိုလည်း ဗုဒ္ဓက စတုတ္ထအချက်အဖြစ် ဆုံးမထားပါတယ်။ အလုပ်ရှင်ဆီကနေ အကျိုးတစ်စုံတစ်ရာလည်း မရဘူး၊ ပစ္စည်းတစ်စုံတစ်ခုလည်း မရဘူးလို့ နှုတ်နဲ့ကဲ့ရဲ့တာမျိုး မပြုလုပ်ဘဲ ရွှင်လန်းနှစ်သက်တဲ့ စိတ်နဲ့ ဆောင်ရွက်လုပ်ကိုင်ပေးအပ်တယ်လို့ ဖွင့်ဆိုထားပါတယ်။

အလုပ်သမားတွေဟာ ကိုယ့်အလုပ်ရှင်ရဲ့ ကောင်းသတင်းကို ပြောဆိုရမယ်လို့ ဗုဒ္ဓက နောက်ဆုံးအချက်အဖြစ် လမ်းညွှန်ထားပါတယ်။ ဒါကိုအဋ္ဌကထာတွေမှာ 'ပရိသတ်အလယ်မှာ ငါတို့ရဲ့ အလုပ်ရှင်နဲ့တူတဲ့သူ ဘယ်မှာ ရှိပါအံ့နည်း၊ ငါတို့ဟာ ငါတို့ရဲ့ အလုပ်သမားအဖြစ်ကိုလည်း မသိ၊ သူတို့ရဲ့ အလုပ်ရှင်အဖြစ်ကိုလည်း မသိ၊ ဤသို့ငါတို့အား အစဉ်သဖြင့် စောင့်ရှောက်တတ်ကြ၏ဟူသော ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြသည်' လို့ ဖွင့်ဆိုထားပါတယ်။

အခုကျွန်မတင်ပြခဲ့တာတွေက သိင်္ဂါလသုတ်မှာ ဗုဒ္ဓညွှန်ပြခဲ့တဲ့အလုပ်ရှင်နဲ့အလုပ်သမားတို့အကြား အပြန်အလှန်ကျင့်သုံးရမယ့် ကျင့်ဝတ်တွေပဲ ဖြစ်ပါတယ်။

**အလုပ်ရှင်နဲ့ အလုပ်သမားကြား ပြဿနာ ယနေ့တိုင်ရှိ**

အလုပ်ရှင်နဲ့ အလုပ်သမားတို့ကြားမှာရှိတဲ့ ပြဿနာတွေဟာ ဗုဒ္ဓလက်ထက်ကပဲရှိခဲ့တာဖြစ်ပြီး ယနေ့တိုင် ရှိနေဆဲပဲဖြစ်ပါတယ်။ နောင်ကိုလည်း ရှိနေဦးမှာပဲ ဖြစ်ပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းဖို့နည်းလမ်းတွေရှာပြီး ဆောင်ရွက်နေပေမယ့် မပြေလည်ဘဲ ကမ္ဘာအနှံ့အပြားမှာ ပဋိပက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။

**ခွန်အားနဲ့ မျှတအောင် ခိုင်းစေဖို့ လမ်းညွှန်ထား**

ဗုဒ္ဓက ခွန်အားနဲ့ မျှတအောင်ခိုင်းစေဖို့ လမ်းညွှန်ထားပေမယ့် ဒီနေ့ခေတ် လုပ်ငန်းခွင်တော်တော်များမှာ ကလေးအလုပ်သမားတွေဟာ အရွယ်နဲ့ မမျှ၊ ခွန်အားနဲ့မမျှတဲ့ အလုပ်တွေကို လုပ်ကိုင်နေကြရတာကို ကျွန်မတို့ တွေ့နေရပါတယ်။ အန္တရာယ်ရှိတဲ့လုပ်ငန်းခွင်တွေမှာ ဒီကလေးတွေကို မခိုင်းသင့်ပါဘူး။ ဒီလိုပဲ အသက်အရွယ်ကြီးသူတွေ၊ မသန်မစွမ်းသူတွေကိုလည်း ညစောင့်၊ လုံခြုံရေး စတဲ့နေရာတွေမှာ မခိုင်းသင့်ပါဘူး။ ဒီလိုအလုပ်သမားမျိုးကို အလုပ်ခန့်ထားရင် အလုပ်ရှင်နဲ့ အလုပ်သမားနှစ်ဦးနှစ်ဖက် အဆင်မပြေမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ သူ့နေရာနဲ့သူ၊ သူ့စွမ်းအားနဲ့သူ၊ သူ့ဝါသနာနဲ့သူ အဆင်ပြေအောင်စီမံရမှာဖြစ်ကြောင်း ဗုဒ္ဓက လမ်းညွှန်ထားတာပါ။

အလုပ်သမားတွေ စားဝတ်နေရေး အဆင်ပြေပါမှ စိတ်ပါလက်ပါနဲ့ အလုပ်လုပ်ပေးနိုင်မယ်ဆိုတာကို အလုပ်ရှင်တိုင်း သတိပြုဖို့ ဗုဒ္ဓက အကြံပြုထားပါတယ်။ အထူးသဖြင့် လိုအပ်ချက်ရှိသူတွေအတွက် အထူးအခွင့်အရေး ဖန်တီးပေးရပါမယ်။ ဗုဒ္ဓက အကြံပြုတဲ့အတိုင်း အလုပ်သမားတွေရသင့်တဲ့ လုပ်အားခ၊ ရပိုင်ခွင့်တွေ အပြည့်အဝပေးမယ်ဆိုရင် ဒီနေ့ဖြစ်ပေါ်နေတဲ့ အလုပ်ရှင်နဲ့ အလုပ်သမားတွေကြားက မကျေနပ်မှုတွေ၊ ဆန္ဒပြမှုတွေ၊ ပဋိပက္ခတွေဖြစ်ပေါ်တော့မှာ မဟုတ်ပါဘူး။

**အလုပ်သမားတွေရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့လို**

နောက်တစ်ခုကကိုယ့်ရဲ့အလုပ်သမားတွေရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက်ဖို့ ဗုဒ္ဓက လမ်းညွှန်ထားပါတယ်။ အလုပ်ကနေ အနားပေးရုံမဟုတ်ဘဲ ဆေး၊ အစာအာဟာရ၊ နေရာတို့ပေးပြီး စောင့်ရှောက်ရပါမယ်။ သူတို့ကို ဒီလိုလုပ်ပေးတာကြောင့် အလုပ်ရှင်အဖြစ်သာမကသူတို့ရဲ့ အားထားမှီခိုရာအဖြစ် ယုံကြည်အားထားမှုရှိလာမှာ ဖြစ်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာထက် မိဘနဲ့ သားသမီးလိုဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

အစားအသောက်နဲ့ပတ်သက်ပြီး ဗုဒ္ဓက ပရာဘဝသုတ်မှာ 'စည်းစိမ်ဥစ္စာ၊ ငွေကြေး၊ အစားအသောက်ပြည့်စုံပြီး အများအပြားရှိပါလျက် ကောင်းမွန်သော စားသောက်ဖွယ်ရာများကို တစ်ဦးတည်း စားသောက်ခြင်းသည် ပျက်စီးခြင်းအကြောင်းဖြစ်သည်' လို့ ဟောကြားထားပါတယ်။ အလုပ်ရှင်တွေအနေနဲ့ စားကောင်းသောက်ဖွယ်တွေရရင် အလုပ်သမားတွေကို ခွဲဝေကျွေးရမယ်လို့ အကြံပြုထားပါတယ်။ နောက်တစ်မျိုးပြောရရင် အစားအသောက်ကို သာမကပဲ ကိုယ်ရရှိတဲ့ အကျိုးစီးပွားကိုလည်း တစ်ဦးတည်း မသုံးစွဲဘဲ ကိုယ့်အလုပ်သမားတွေကို မျှဝေသုံးစွဲစေဖို့ ဖြစ်ပါတယ်။

**အခါအားလျော်စွာ အားလပ်ခွင့်ပေး**

ဗုဒ္ဓက အခါအားလျော်စွာ အားလပ်ခွင့်ပေးရမယ်လို့ လမ်းညွှန်ထားပါတယ်။ နေ့စဉ်ပုံမှန် နားချိန်သာမက အစိုးရရုံးပိတ်ရက်၊ လူမျိုးဘာသာအလိုက် ရိုးရာပွဲလမ်းသဘင်၊ နေ့ထူးနေ့မြတ်တွေမှာလည်း အချိန်ပြည့် အနားပေးဖို့လိုပါတယ်။ တကယ်လို့ အချိန်ပိုခိုင်းမယ်ဆိုရင်လည်း သင့်တော်တဲ့ လုပ်အားခ ချီးမြှင့်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း အလုပ်သမား တွေ လုပ်ငန်းခွင်မှာ စိတ်ဝင်တစား လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တချို့ အလုပ်ရှင်တွေ သူတို့ရဲ့ ဝန်ထမ်းတွေနဲ့ ခရီးသွားလာလည်ပတ်တဲ့အတွက် အပြန်အလှန်ချစ်ခင်ရင်းနှီးမှုကို ရကြပါတယ်။ အလုပ်ခွင်ကနေ ခဏတာအနားရတဲ့အတွက် စိတ်ပျော်ရွှင်လွတ်လပ်မှုကို ရရှိစေပါတယ်။

အလုပ်သမားတို့ရဲ့ လုပ်ဆောင်နိုင်မှုစွမ်းရည်အလိုက် ဂုဏ်ပြုချီးမြှင့်တာကိုလည်း မမေ့မလျော့ လုပ်ပေးဖို့လိုပါတယ်။ ဆုပေးတာဟာ သူတို့ကို အသိအမှတ်ပြုတာပဲ ဖြစ်ပါတယ်။ အရည်အချင်းပြည့်တဲ့ ဝန်ထမ်းတွေကို သူတို့နဲ့ သင့်တော်တဲ့ ပြည်တွင်း ပြည်ပသင်တန်းတွေ တက်ရောက်စေတာဟာ ချီးမြှင့်ရာရောက်ပါတယ်။ အလုပ်ရှင်ဘက်ကလည်း စွမ်းရည်ပြည့်ဝတဲ့ ဝန်ထမ်းကို ရရှိသွားပါတယ်။

**ကျေးဇူးရှင်အဖြစ် မှတ်ယူရပါမယ်**

အလုပ်သမားတွေဘက်ကလည်း မိမိတို့ရဲ့စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စတွေကို ပြေလည်အောင်ဆောင်ရွက်ပေးတဲ့ ကိုယ့်ရဲ့အလုပ်ရှင်ကို ကျေးဇူးရှင်အဖြစ် မှတ်ယူရပါမယ်။ ဒီလိုပဲ အလုပ်ရှင်ဘက်ကလည်း ကိုယ့်အကျိုးစီးပွားတိုးတက်အောင်လုပ်ဆောင်ပေးတဲ့ အလုပ်သမားဟာ ကိုယ့်ရဲ့ကျေးဇူးရှင်လို့ သဘောထားရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်အနေနဲ့ ကိုယ့်အကျိုးစီးပွားတစ်ခုတည်းကို ဦးစားပေးလို့ မရပါဘူး။ အလုပ်သမားတွေရဲ့ ကြိုးစားလုပ်ကိုင်ပေးမှုကို အသိအမှတ်ပြုပေးတာ၊ ဂုဏ်ပြုစကားပြောတာ၊ ဆုလာဘ်ချီးမြှင့်ပေးတာတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားဆိုတဲ့ လူ့အဖွဲ့အစည်းကြီး နှစ်ခုဟာ ထာဝစဉ်ရှိနေမယ့် အဖွဲ့အစည်းကြီး နှစ်ရပ်ဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် ဟန်ချက်ညီမှသာ လုပ်ငန်းကိစ္စတွေ ပြီးမြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီနေ့ အောင်မြင်နေတဲ့စီးပွားရေး လုပ်ငန်းရှင်ကြီးတွေဟာ ဗုဒ္ဓရဲ့ နည်းလမ်းတွေကို အသုံးပြုတဲ့သူတွေဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**လူ့အဖွဲ့အစည်းမှာ အလုပ်သမားတွေရဲ့**
**အခန်းကဏ္ဍဟာ အင်မတန်အရေးပါ**

သိင်္ဂါလသုတ်မှာ အရပ်ခြောက်မျက်နှာရှိတဲ့ အထဲက အလုပ်သမားကို အောက်အရပ် (ဟေဋ္ဌိမာဒိသာ)လို့ ဗုဒ္ဓက ညွှန်ပြခဲ့ပါတယ်။ ဒီအချက်အရ အလုပ်သမားတွေဟာ အခြေခံကျတဲ့ လူတန်းစားဖြစ်ပြီး မရှိရင်မဖြစ်တဲ့ လူတန်းစားလည်း ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ အလုပ်သမားတွေရဲ့ အခန်းကဏ္ဍဟာ အင်မတန်အရေးပါတယ်ဆိုတာကို ဗုဒ္ဓက အတိအကျ ဆိုထားပါတယ်။ အလုပ်ရှင်က အလုပ်သမားတွေအပေါ် ကောင်းကောင်းဆက်ဆံရင် သူတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းမှာဖြစ်တယ်လို့ ဗုဒ္ဓက လမ်းညွှန်ခဲ့ပါတယ်။ အလုပ်သမားတွေဘက်ကလည်း ကိုယ်ရောက်ရှိနေတဲ့ ဘဝမှာ အဆင်ပြေပြေ နေထိုင်တတ်ဖို့နဲ့ အလုပ်ရှင်ကိုကောင်းကောင်း လုပ်ကိုင်ဆောင်ရွက်ပေးရမယ်လို့ ဗုဒ္ဓက ဆုံးမခဲ့ပါတယ်။ ဗုဒ္ဓလမ်းညွှန်ဆုံးမခဲ့သလို နှစ်ဦးနှစ်ဖက် လိုက်နာကြမယ်ဆိုရင် အလုပ်ရှင်နဲ့ အလုပ်သမားအကြား ပဋိပက္ခတွေ ပြေလည်သွားမှာ သေချာပါတယ်။ ကိုယ်စီလိုက်နာရမယ့် ကျင့်ဝတ်တွေ ကျေပွန်ကြရင်တော့ အေးချမ်းသာယာနိုင်မှာ ဖြစ်ပါတယ်လို့ ပြောကြားရင်း ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုလိုက်ပါတယ်ရှင်။ ။

# လူထုအများဆုံး ပါဝင်လာသော စုပေါင်းစက်ဘီးစီးနင်းပွဲ သန်လျင်၌ ဆင်နွှဲ

**ရန်ကုန် မေ ၃၀**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး(၂၃)ကြိမ်မြောက် ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဧပြီ ၂၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် Star City (ကြယ်စင်အိမ်ရာ) ဝင်ပေါက်အရှေ့မှ စတင်ကာ လူ ၄၀၀ ဝန်းကျင်က သန်လျင်မြို့နယ်အတွင်းသို့ စုပေါင်းစက်ဘီးလှည့်လည် စီးနင်းခဲ့ကြကြောင်း သိရသည်။



လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့က ဦးဆောင်၍ လူထုစက်ဘီးစီးနင်းသူများသည် သန်လျင်မြို့ Star City (ကြယ်စင်အိမ်ရာ) ဝင်ပေါက်မှ စတင်ကာ မြို့ဟောင်းအနောက်ရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်း၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ လမ်းမတော်လမ်း၊ ဖို့မြေလမ်းမှ ကျိုက်ခေါက်စေတီတော်မြတ် လက်ယာရစ် တစ်ဖက် လှည့်လည်ကာ Star City (ကြယ်စင်အိမ်ရာ) ဝင်ပေါက်သို့ နံနက် ၇ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။

လူထုစုပေါင်းစက်ဘီးစီးနင်းပွဲများ ပြုလုပ်ခြင်းအားဖြင့် ပြည်သူများ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်ရာ ရောက်သလို လေထုညစ်ညမ်းမှုလည်း လျော့နည်းစေကြောင်း၊ ယာဉ်ကြောကျပ်တည်းမှု အကျိုးရှိလာမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းမှ အဖွဲ့လိုက် စုပေါင်းစက်ဘီးအသုံးပြုလာပါက သဘာဝပတ်ဝန်းကျင် ကောင်းမွန်လာပြီး ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သလို အသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင်ကာ စက်ဘီးစီးနင်းကြရန် တိုက်တွန်းလိုကြောင်း လူထုစုပေါင်း စက်ဘီးစီးနင်းပွဲတွင် ကိုယ်တိုင်ပါဝင်စီးနင်းခဲ့သူ သန်လျင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ပြောသည်။

**သက်ခိုင် (သန်လျင်)**

## ရေနံ့အင်ဂျင်နီယာဌာန စာကြည့်တိုက်အဆင့်မြှင့်တင်နိုင်ရေး အလှူငွေများပေးအပ်

**ရန်ကုန် မေ ၃၀**

နည်းပညာတက္ကသိုလ်(သန်လျင်) ရေနံ့အင်ဂျင်နီယာဌာန စာကြည့်တိုက် အဆင့်မြှင့်တင်နိုင်ရေးအတွက် အလှူငွေ လှူဒါန်းပွဲကို ဧပြီ ၂၇ ရက်တွင် အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပီစီ မြန်မာ (ဟောင်ကောင်) လီမိတက်မှ မစ္စတာ အမ္မရီ ဟစ်ရှမ်ဘင်ယူစွပ်ဖ်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေနံ့အင်ဂျင်နီယာဌာနမှ ဌာနမှူး ပါမောက္ခဒေါက်တာ ဇော်မင်းဦးထံ အလှူငွေများ ပေးအပ်သည်။

ရေနံ့အင်ဂျင်နီယာများကို အများဆုံး မွေးထုတ်ပေးလျက်ရှိသည့် နည်းပညာတက္ကသိုလ် (သန်လျင်) ရေနံ့အင်ဂျင်နီယာဌာနတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ကို အဆင့်မီမီ အသုံးပြုနိုင်ရန် ရဲတံခွန် CSR က ငွေကျပ် ၆၂၄၄၀၀၀ လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

## ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၀**

၂၀၁၈ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အခမ်းအနားကို နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ဧပြီ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဇော်က ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ ကျင်းပရခြင်းအကြောင်းအရာများကို လည်းကောင်း၊ နေပြည်တော် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသန်းလင်းက မွေးမြူရေးလုပ်ငန်းအပေါ် အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်းကို လည်းကောင်း၊ နေပြည်တော် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ နှင်းယုဝေက ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်နှင့်ပတ်သက်၍ ပြောကြားကာ တာဝန်ရှိသူများက အိမ်မွေးခွေးများအား ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ် ဦးကျေးရွာသို့ လည်းကောင်း၊ လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာသို့ လည်းကောင်း၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ လေသာကျေးရွာသို့ လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် သန့်ဇင်လှကျေးရွာသို့လည်းကောင်း ကွင်းဆင်းကာ ကျွဲ၊ နွားတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




## စားဖိုဆောင်သီးနှံအများစု ဈေးနှုန်း သင်္ကြန်အလွန်ကာလ ဈေးကျပြီး ဝယ်လိုအားနည်း

**ရန်ကုန် မေ ၃၀**

သင်္ကြန်အလွန် ရန်ကုန်ဈေးကွက်ရှိပွဲရုံများ ပြန်လည်ဖွင့်လှစ်အရောင်းအဝယ်ပြုလုပ်နေသည်မှာ ရက်သတ္တနှစ်ပတ်ဝန်းကျင်ရှိလာသော်လည်း ဝယ်လိုအားနည်း၍ စားဖိုဆောင်သီးနှံ လက်ကားဈေးနှုန်းများ ဈေးနှုန်းအနိမ့်တွင်သာရှိနေသည်ဟု ဘုရင့်နောင်ပွဲရုံဝင်း ရေတမာလမ်းရှိ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ကိုတူးထံမှ သိရသည်။

"ဧပြီ ၂၈ ရက်မှာ ကြက်သွန်နီနဲ့ အာလူးဈေးနှုန်း ဒိုင်ဖွင့်ဈေးထက် လျှော့ရောင်းပေးမယ့် ဝယ်လိုအားနည်းတဲ့အတွက် ပွဲရုံအများစုမှာ ကြက်သွန်၊ အာလူးအိတ်တွေ အပြည့်ရှိနေပါတယ်။ ကုန်ချမယ့် ကားအချို့ကိုလည်း ပွဲရုံရှေ့ ရပ်ထားတာကို တွေ့နေရတယ်" ဟု နယ်သို့ ကုန်ဝယ်ပို့နေသူ ကိုဇော်ထွန်းက ပြောသည်။

ဧပြီ ၂၈ ရက် ကြက်သွန်နီပိဿာချိန် ၁၈၀၀၀ သာ ဝင်သော်လည်း ဆိပ်ဖြူလက်ကားတစ်ပိဿာ ငွေကျပ် ၅၀၀-၆၂၅ -၆၂၅-၆၀၀၊ မြစ်သား တစ်ပိဿာငွေကျပ် ၆၀၀ - ၁၀၅၀ -၁၂၅၀ - ၁၁၀၀ ကျပ်နှုန်းရှိသည်။ အာလူး ကျပ် ၄၈၀ - ၅၈၀ - ၆၀၀ - ၆၀၀ နှုန်း ဈေးဖွင့်သော်လည်း ဈေးကွက်တွင် OK S1 S2' အရွယ်အစား အာလူး၊ လက်ကား တစ်ပိဿာ ဒုံးဈေးငွေကျပ် ၅၅၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်သည်။ မြစ်သား ကြက်သွန်နီမှာလည်း လတ်သန့်၊ လတ်ကြီး ရှယ်အရွယ်အစားများ ဒုံးဈေးတစ်ပိဿာ ငွေကျပ် ၁၀၀၀ သာရှိပြီး အရောင်းထိုင်းနေကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နှစ်ဆန်း ကြက်သွန်နီဈေးကွက်နှင့် လှောင်လက်ဝယ်ချိန် ယခုလပိုင်းကြက်သွန်နီဈေးကွက်တို့ကို နှိုင်းယှဉ်ပါက ဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးလျော့နည်းခြင်းသာမက ဈေးမြင့်ချိန် ပွဲရုံများတွင် ကြက်သွန်နီ မြင်တွေ့ရခြင်းနည်းသော်လည်း ယခုလ ဈေးကျချိန်ပွဲရုံအများစုတွင် ပြည့်လျှံနေသည်ကို မြင်တွေ့နေရသည်။ တစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြစ်ချိန် ဝယ်လိုသလောက် ဝယ်ခွင့်မပေး ဖွင့်ဈေးထက်အပြီး ပေးဝယ်ရခြင်းများ ရှိခဲ့သည်။ သို့သော် ယခုကာလတွင် ဝယ်သူကို စောင့်နေရပြီး ဖွင့်ဈေးထက် ဈေးလျှော့ရောင်းခြင်းများ ရှိနေသည်။

သင်္ကြန်မတိုင်မီ ဧပြီလ ဒုတိယပတ်အတွင်း ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ထိပ်စ ငွေကျပ် ၁၆၅၀ မှ ငွေကျပ် ၁၇၀၀ နှုန်း၊ ဝဲထန်း တစ်ပိဿာ ငွေကျပ် ၁၄၀၀ နှုန်းရှိခဲ့သော်လည်း ဧပြီ ၂၈ ရက်တွင် ညောင်ဦးဆေးခတ်ထန်းလျက် ထိပ်စ တစ်ပိဿာ ငွေကျပ် ၁၂၅၀ မှ ငွေကျပ် ၁၃၅၀၊ ဝဲထန်း ငွေကျပ် ၁၀၅၀၊ မလိုင်ထန်းလျက် ငွေကျပ် ၁၀၀၀ နှုန်းသာရှိပြီး ယခုရာသီတွင် ထန်းအထွက်ပိုသဖြင့် ဈေးကျသည်ဟု ထန်းလျက်ဈေးကွက်မှ သိရသည်။

ကြက်သွန်ဖြူ ကြူကုတ် အသစ်ထွက်ပေါ်ချိန်ရောက်လာ၍ အဟောင်းများ ဈေးကျလာရာ တစ်ပိဿာ ငွေကျပ် ၁၀၅၀ သာရှိသည်။ ရှမ်းကြက်သွန်၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၉၀၀ မှ ငွေကျပ် ၁၄၀၀ အတွင်း ရှိသည်။

ယခင်နှစ် ဧပြီ၂၈ ရက်တွင် ကြူကုတ်တစ်ပိဿာ ငွေကျပ် ၆၃၀၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာငွေကျပ် ၂၄၀၀ မှ ငွေကျပ် ၃၃၀၀ အတွင်း ဈေးနှုန်းမြင့်ခဲ့သည်။

ဧပြီ၂၈ရက် ရန်ကုန်ပဲ ဈေးကွက်တွင် မတ်ပဲ RC တစ်တန်ဈေးနှုန်း ငွေကျပ် ၄၁၇၀၀၀ နှုန်းသာရှိပြီး ပဲစင်းငုံမှာဈေးမဖွင့်ဟု သိရသည်။ လက်ကားဈေးနှုန်းများမှာ သင်္ကြန်မတိုင်မီကာလအပြင် ယခင်နှစ်ကာလတူများထက် သီးနှံအများစု ဈေးနှုန်းနည်းနေသော်လည်း လက်လီဈေးနှုန်းများမှာ မြင့်နေကြောင်း သိရသည်။

**ခင်ဆိုင်**

## ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေသူများနှင့် စည်ကား

**မိုင်းရှူး မေ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာရှိ ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေ အနားယူသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသည် နွေရာသီအားလပ်ရက်များ အထူးသဖြင့် ရုံးပိတ်ရက်များတွင် ပိုမို၍ ခရီးထွက်ခြင်းများနှင့် ဘုရားဖူးခြင်း ၊ ဒေသန္တရ ဗဟုသုတရရှိစေရန် မြန်မာပြည်အနှံ့ ခရီးထွက်ခြင်း၊ သဘာဝအလှ တောတောင်ရှုခင်းများ ကြည့်ရှုလေ့လာခြင်း၊ သဘာဝရေတံခွန်တည်ရှိရာအရပ်ဒေသများသို့ သွားရောက်၍ အပန်းဖြေအနားယူခြင်းများ ပြုလုပ်လာကြရာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်သို့ နေ့စဉ်ကားအစီးရေ ၁၀၀ ကျော်ခန့်၊ လူဦးရေ ၃၀၀ မှ ၅၀၀ အထိ လာရောက်အပန်းဖြေ အနားယူလျက်ရှိကြောင်း သိရသည်။ မိုင်းရှူးမြို့နယ်အတွင်းရှိ ဟိုက်ပါရေတံခွန်သည် သာယာလှပသည့် ရေတံခွန်ဖြစ်ပြီး လူသိနည်းသော ရေတံခွန်လည်း ဖြစ်သည်။



လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်သို့ လာရောက်အပန်းဖြေသူများအား ဧပြီ ၂၈ ရက်က တွေ့ရစဉ်။

ယခုအခါ မြန်မာ့ရုပ်မြင်သံကြားဌာနမှ ခရီးသွားအစီအစဉ်များကို ဧပြီ ၂၈ ရက်က လာရောက်ရိုက်ကူးလျက်ရှိကြောင်းနှင့် မကြာမီရုပ်သံအစီအစဉ်မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ခရီးသွားပြည်သူများပြားလာပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏအနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လျှပ်စစ်နှင့် သဘာဝဘေးဒဏ်

**ဝေယံ**

သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေး၊ မီးဘေး၊ ငလျင်ဘေးဒဏ်များသည် ကြိုတင်ချိန်းချက်မှုမရှိဘဲ ဝင်ရောက်လေ့ရှိရာ ယင်းတို့၏ အဖျက်စွမ်းအားပေါ် မူတည်၍ အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ရပါသည်။ သဘာဝဘေးဒဏ် ဖြစ်ပွားသောနေရာများတွင် စားနပ်ရိက္ခာပြတ်လပ်မှု၊ ရေပြတ်လပ်မှု၊ လျှပ်စစ်မီးပြတ်လပ်မှု စသည့် နေထိုင်မှုဒုက္ခဝေဒနာများကို ခံစားကြရသည်။ အထူးသဖြင့် မြို့ကြီးများတွင် နေထိုင်သော ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ပါက အလင်းရောင်အပြင် ချက်ပြုတ်စားသောက်မှုကိစ္စ၊ ရေကိစ္စ အခက်အခဲများစွာ ကြုံတွေ့ရပေသည်။

### ဓာတ်အားပြတ်တောက်မှုဖြစ်လာမည်

လက်ရှိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလိုင်းများသည် Overhead Line များဖြစ်သဖြင့် သဘာဝဘေးဒဏ်များဖြစ်ပွားပါက ဓာတ်အားလိုင်းများ၊ ဓာတ်အားလိုင်းတိုင်များ ပြိုလဲပျက်စီးမှု ဖြစ်ပွားလေ့ရှိပါသည်။ ဓာတ်အားလိုင်းများ၏ အနီးပတ်ဝန်းကျင်နှင့် အပေါ်ဘက်ရှိ သစ်ပင်သစ်ကိုင်းများ ပြိုလဲခြင်းကြောင့် ဓာတ်အားလိုင်းများအပေါ် ပိကျကာ ဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်းတိုင်များ ပျက်စီးမှုပိုမိုများပြားရခြင်းလည်း ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်မြို့အတွင်း သစ်ပင်သစ်ကိုင်းများပြိုလဲမှုကြောင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်းတိုင် အားလုံးပြိုလဲပျက်စီးခဲ့ရပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကလေးမြို့ ရေကြီးမှုဖြစ်စဉ်၌ ဓာတ်အားလိုင်းများပျက်စီးခြင်း၊ လျှပ်စစ်မီတာများ ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။ သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားလိုင်းတိုင်များ ပျက်စီးမှုများတွင် လေဘေးဒဏ်ကြောင့် ပျက်စီးမှုအကြိမ်အရေအတွက် ပျက်စီးမှုပမာဏသည် အများဆုံးပင် ဖြစ်ပါသည်။ လေဘေးဒဏ်တွင် မိုးဦး၊ မိုးနှောင်းကာလတွင် ဖြစ်ပွားလေ့ရှိသော မိုးသက်လေပြင်းသဘာဝဘေးဒဏ်သည် နှစ်စဉ်နှစ်တိုင်း မြန်မာပြည်ဒေသအနှံ့ ဖြစ်ပွားလေ့ရှိပါသည်။ အင်အားကောင်းသော လေနီကြမ်း၊ လေဆင်နှာမောင်းများ တိုက်ခတ်မှုနှင့်အတူ ကြီးမားသော မိုးသီးများကျဆင်းမှုကြောင့် စေတီပုထိုးများ၊ အဆောက်အအုံများ၊ ဓာတ်အားလိုင်းများပျက်စီးခြင်း၊ သစ်ပင်ဝါးပင်များ ပြိုလဲပျက်စီးကာ လမ်းများပိတ်ဆို့ခြင်းများ၊ အဆောက်အအုံများအပေါ် ပိမိခြင်းများ ကြုံတွေ့နေကြခြင်းပင် ဖြစ်ပါသည်။ ထို့အတူပင် သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ များပျက်စီးမှုနှင့်အတူ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

### သဘာဝဘေးဒဏ်ရိုက်ခတ်သံ

ယခု ၂၀၁၈ ခုနှစ် မတ်လကုန်မှစတင်ကာ ဧပြီလအတွင်း မြန်မာပြည်ဒေသအချို့တွင် မိုးအကြို မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်အတူ မြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်စဉ်များကြောင့် မီးသုံးစွဲသူများ၏ ခံစားရမှု၊ လျှပ်စစ်ဝန်ထမ်းများ၏ ခံစားရမှု ဝေဒနာများ စာနာခံစားကြည့်မိသည်။

- လေပြင်းတွေ တိုက်နေတယ်၊ မိုးသီးတွေကလည်း တဖြောင်းဖြောင်းနဲ့ မီးတွေပြတ်သွားပြီဗျို့၊ ထမင်းဟင်းက မချက်ရသေးဘူး၊ အပြင်လည်းထွက်လို့မရ၊ ဘယ်လိုလုပ်ရပါ့မလဲဗျို့ဟု အော်သူကအော်
- ဓာတ်အားပေးစနစ်ကို ဒီ့ထက် ကောင်းအောင် လုပ်သင့်တယ်၊ ဆင်ခြေပေးနေတာထက် သူများနိုင်ငံတွေမှာ မိုးရွာလို့ လျှပ်စီးလက်လို့ မီးပျက်တာ မကြားဖူးဘူးဟု ဆိုသူကဆို
- ဘယ်ချိန် မီးပြန်လာမယ်ဆိုတာကို ပြည်သူတွေ ဘာမှ မသိရဘူး လာမယ့်အချိန်တော့ ပြောသင့်တာပေါ့၊ ဖုန်းဆက်တာလည်း မောလိုက်တာ၊ ဗိုက်ကြီးသယ်ရယ်၊ လူမမာရယ်နဲ့ တော်တော်ဒုက္ခရောက်နေတယ်၊ ရေလည်း ပြတ်နေပြီ၊ အိမ်သာတက်ဖို့တောင် ရေမရှိတော့ဘူး ဆိုသော ဒုက္ခခံစားနေရသူအသံ
- ရေပြတ်၊ ပူအိုက်၊ ခြင်ကိုက်နဲ့ နေရထိုင်ရမလွယ်ပါလား ဖုန်းဆက်တော့လည်း မကြာမီ မီးပြန်လာမယ် ဖြေတာပဲ ၃၆ နာရီကျော်ပြီ ဖုန်းအားဘယ်လိုသွင်းရမလဲ မီးစက်ဘယ်လိုငှားရမလဲ ရေတင်ချင်လို့ အကူအညီတောင်းခံသူ
- မီးသုံးစွဲသူပေါင်းထောင်ချီတယ်လေ လူတိုင်းဖုန်းဆက်နေတော့ သူတို့အလုပ်ပျက်တယ်။ ဖုန်းဖြေတဲ့သူလည်း လုပ်ငန်းလုပ်ရာမှာ ပါနေလို့ ဖြစ်ပါမယ်၊ မီးတိုင်တွေ အများကြီးကျိုးသွားတယ်ကြားတယ် သူတို့က ကိုယ့်ထက်တောင် မီးမြန်မြန်ရစေချင်ပါတယ်၊ လူကလည်းပင်ပန်း အအော်၊ အငေါက်၊ အဆဲအဆိုပါ ခံကြရပါတယ်ဟု ဝင်ရောက်ဖြေသူ

တစ်ဖက်တွင်လည်း မိုးသက်လေပြင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသော ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ အမြန်ဆုံးပြုပြင်ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေကြသော လျှပ်စစ်ဝန်ထမ်းများ၏ ခံစားချက်ရင်ဖွင့်သံကိုလည်း ကြားနေရသည်။

- ဘဝကခါးသီးနေချက် ရက်စက်ပ့ါ သကြံန်မိုးရယ် မင်းလုပ်လို့ ငါတို့မှာ မနားမနေလုပ်နေရတဲ့အထဲ အပြောအဆိုတွေပါ ခံနေရသေး၊ ပူချက်ကလွန်၊ ရေကငတ်၊ ဗိုက်ကဆာနဲ့ ထမင်းလာပို့မယ့်သူ မရောက်သေးဘူးလားဟေ့ ဆိုသော လုပ်ငန်းခွင်လိုင်းဝန်ထမ်း၏ စကားသံ
- လူကမရှိ အလုပ်ကမနိုင်တဲ့အထဲ မိုးလေကနှိပ်စက်လိုက်သေး အိပ်တာတောင် လမ်းလျှောက်ရင်း ဓာတ်တိုင်ဖက်ရင်း အိပ်ရတဲ့ဘဝ သကြံန်ပိတ်ရက်လည်း မနားရ ဘယ်မဏ္ဍပ်က မီးပျက်မလဲလန့်နေရတယ်ဟု ဆိုသူကလည်း ရှိ၏
- မတ်လ ၃၁ ရက်နေ့ သဘာဝမိုးသက်လေပြင်းဒဏ်ကြောင့် ဓာတ်အားလိုင်းတိုင်ပေါင်း ၁၄၀ ကျော် ပြိုလဲပျက်စီးသွားပါတယ်၊ လက်ရှိမြို့နယ်က လျှပ်စစ်ဝန်ထမ်း



လူအင်အားဖြင့် တိုင်ထူရသည့် နေရာ

အားလုံးနဲ့ အခြားမြို့နယ်က လျှပ်စစ်ဝန်ထမ်းများပါ ပူးပေါင်း၍ မီးအမြန်ဆုံးပေးနိုင်ရေးအတွက် ဆောင်ရွက်လို့ ပြီးခါနီးမှာပဲ ဧပြီလ ၂ ရက်နေ့ ညနေတွင် မိုးသက်လေပြင်းထပ်မံတိုက်ခတ်၍ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထပ်မံချွတ်ယွင်းပျက်စီးသွားခဲ့ရပါတယ်၊ အဖွဲ့ ၁၄ ဖွဲ့ဖြင့် နေ့ညမအားဆောင်ရွက်နေပါတယ်၊ မီးသုံးစွဲသူများ အိမ်အတွင်း ဓာတ်အားပြတ်တောက်မှုများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးနေပါတယ်၊ မိဘပြည်သူများအနေဖြင့် ဓာတ်အားပြတ်တောက်မှုကို Post အောက်တွင် Comment ရေးခြင်းဖြင့် လည်းကောင်း၊ ဖုန်းခေါ်၍ လည်းကောင်း အကြောင်းကြားမှုဖြင့် ကူညီပေးပါရန်ဟု တာဝန်ခံအရာရှိတစ်ဦး၏ ပန်ကြားလွှာကိုလည်း ဖတ်လိုက်ရသည်

### လျှပ်စစ်အန္တရာယ် သတိပြုပါ

ဓာတ်အားလိုင်းကြိုးများ ဓာတ်အားလိုင်းတိုင်များ ယိုင်လဲခြင်း၊ ပြတ်ကျခြင်းများဖြစ်ပေါ်လေ့ရှိရာတွင် နိမ့်ကျနေသော၊ ပြတ်ကျနေသော ဆားဗစ်ကြိုး၊ လိုင်းကြိုးများ ထိမိကိုင်မိရာမှ ထိခိုက်ဒဏ်ရာရရှိမှု၊ အသက်ဆုံးရှုံးမှု ဖြစ်စဉ်များလည်း ရှိခဲ့ပါသည်။ သို့ဖြစ်ရာ လေမိုးငြိမ်သက်ချိန်များတွင် မိမိအိမ်၏ ဆားဗစ်ကြိုး အိမ်ရှေ့လမ်းပေါ်ရှိ ဓာတ်အားလိုင်းကြိုးများနိမ့်ကျခြင်း၊ ပြတ်ကျခြင်းများ ရှိ မရှိ မျက်မြင်စစ်ဆေးကြည့်ရှုခြင်းဆောင်ရွက်သင့်ပါသည်။ ဓာတ်အားလိုင်းကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများတွေ့ရှိပါက ယင်းနေရာတွင် အခြားသူများ အန္တရာယ်မဖြစ်စေရန်အတွက် အရံအတား ပြုလုပ်ထားခြင်း၊ အစောင့်ချထားခြင်းများ ဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်ရုံးသို့ ဆက်သွယ်အကြောင်းကြားခြင်းများဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကူညီဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

### အများကူက အမြန်ကောင်းမည်

လျှပ်စစ်ရုံးများရှိ ဝန်ထမ်းဖွဲ့စည်းပုံအင်အားသည် တိုးတက်နေသော ဓာတ်အားသုံးစွဲသူ၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံအရေအတွက်နှင့် နှိုင်းယှဉ်ပါက ဝန်နှင့်အား မျှတမှုမရှိဘဲ အချို့နေရာများတွင် သာမန်အချိန်တွင်ပင် Daily Duty တာဝန်ထမ်းဆောင်နေရသည်များ ရှိနေပါသည်။ သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ပျက်စီးချွတ်ယွင်းမှုအရေအတွက် များပြားသည့်အခါ မြို့နယ်လျှပ်စစ်ရုံး၏ လက်ရှိလူအင်အားဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရန် ကြာမြင့်မည် ဖြစ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပစ္စည်းအင်အား၊ ယန္တရားအင်အား၊ စီမံခန့်ခွဲမှုများသာမက လုပ်ငန်းသုံးငွေအင်အားပါ အမြန်ဆုံးကူညီပံ့ပိုးမှုများကို တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်သောနာဂစ်မုန်တိုင်းကြောင့် ရန်ကုန်မြို့ရှိ သစ်ပင်အားလုံး ပြိုလဲကာ ဓာတ်အားလိုင်းများနှင့် ဓာတ်အားလိုင်းတိုင်များ အားလုံးနီးပါးပြိုလဲခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အင်အားဖြင့် ဆောင်ရွက်နိုင်မှု အခြေအနေမရှိ၍ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးကိုယ်တိုင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို စီမံကွပ်ကဲဆောင်ရွက်ကာ လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားအင်အား၊ ရိက္ခာအင်အား၊ ငွေအင်အားဖြည့်ဆည်းဆောင်ရွက်ပေးမှု ဆောင်ရွက်ပေးခြင်း၊ ဓာတ်အားလိုင်းပေါ် ပြိုလဲကျနေသော သစ်ပင်များကို ဌာနမှ ဝန်ထမ်းများအပြင် တပ်မတော်၊ ပြည်သူ့ရဲ၊ စည်ပင်၊ မီးသတ်နှင့် ပြင်ပလျှပ်စစ်တည်ဆောက်ရေးကုမ္ပဏီများနှင့် တာဝန်သိပြည်သူများက ရှင်းလင်းပေးခဲ့မှုနှင့် ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ပေးမှုများကြောင့် တစ်လအတွင်း ရန်ကုန်မြို့တစ်မြို့လုံး မူလအနေအထားဖြင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ သဘာဝဘေးဒဏ်ကျရောက်သောနေရာများတွင် လျှပ်စစ်ဓာတ်အား အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် အများကူက အမြန်ကောင်းမည် ဖြစ်ပါသည်။

### မီးမပျက်ချင်ဆုံးသူ

လျှပ်စစ်မီးပျက်သည်နှင့် နေထိုင်စားသောက်မှုအတွက် အခက်အခဲများဖြင့် ကြုံတွေ့သည်ဖြစ်ရာ ဓာတ်အားသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ရချင်ကြပါသည်။ မီးပျက်မှုဝေဒနာကို မလိုချင်ကြပေ။ ပြည်သူများနည်းတူ



ညအမှောင်ထဲတွင် လုပ်ငန်းဆောင်ရွက်ကြရပုံ

လျှပ်စစ်ဝန်ထမ်းများသည်လည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဝေဒနာကို ခံစားကြရပါသည်။ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ပေးနိုင်ရေးအတွက် ညအချိန် မိုးသည်းထဲတွင် မြွေမကြောက်၊ ကင်းမကြောက် လုပ်ငန်းဆောင်ရွက်ရသလို နေ့အချိန် ၄၀ ဒီဂရီဖာရင်ဟိုက်ကျော် နေပူကျဲထဲတွင် ချွေးသံရဲရဲဖြင့် တိုင်ပေါ်တက်ကာ လုပ်ငန်းဆောင်ရွက်ကြရသည်။ ဓာတ်အားလိုင်းပြုပြင်ရင်း မြွေကိုက်ခံရခြင်း၊ တိုင်ပေါ်မှ ပြုတ်ကျခြင်း၊ ဓာတ်လိုက်ခြင်းများကြောင့် ဝန်ထမ်းများအသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရကာ ဘဝဆုံးရှုံးမှုဖြစ်စဉ်များလည်း ရှိခဲ့သည်။ လျင်မြန်မှုကို ဦးစားပေးရခြင်းကြောင့် လုံခြုံမှု (Safety) လျော့နည်းကြခြင်း ဖြစ်ပေသည်။

လျှပ်စစ်ဝန်ထမ်းများ၏ ဇနီးများသည် လုပ်ငန်းခွင်တွင် နေ့/ည အိမ်ပြန်ချိန်မရဘဲ တာဝန်ထမ်းဆောင်နေသော ခင်ပွန်းသည်အတွက် စိတ်ပူနေရသည့်အပြင် မိမိခင်ပွန်းသည်နှင့် အခြားသောဝန်ထမ်းများ စားသောက်ရန်အတွက် စုပေါင်းချက်ပြုတ်ဆောင်ရွက်ပေးကြရသည်။ လျှပ်စစ်ဝန်ထမ်းများ၏ လုပ်ငန်းသဘောသဘာဝကို မသိသူအချို့ကလည်း မီးကို တမင်ဖျက်နေကြတာဟု မီးပျက်မှုဒုက္ခဝေဒနာအခံဖြင့် ပြောသူလည်း ရှိပါသည်။ တကယ်တော့ မီးမပျက်ချင်ဆုံးသူမှာ လျှပ်စစ်ဝန်ထမ်းများပင် ဖြစ်ပါသည်။

### ပြန်လာချိန်ကို ပြောရန် ခက်ခဲပါသည်

လျှပ်စစ်မီးပျက်သည့်အခါ ဘယ်တော့ပြန်လာမှာလဲ၊ အခုလွှတ်ပေးလို့ မရဘူးလား၊ ပြောသူရှိသလို ဒီညအပြီးလုပ်ပေးပါ၊ မနက်ဖြန် မီးပြန်ရချင်တယ်လို့ ခိုင်းသူများလည်း ရှိကြသည်။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်မှုလုပ်ရန် ကြိုတင်စီမံမှုဖြင့် ဓာတ်အားပိတ်၍ ဆောင်ရွက်သောလုပ်ငန်းများ (ယာယီမီးပိတ်မှု) တွင်သာ လျှပ်စစ်မီးပြန်လွှတ်မည့် အချိန်ကို သိရှိနိုင်မည် ဖြစ်ပါသည်။ အခြားသော ဓာတ်အားပြတ်တောက်မှုများဖြစ်သည့် System Break ဖြစ်ခြင်း၊ ဓာတ်အားခွဲရုံ ချွတ်ယွင်းခြင်း၊ ဓာတ်အားလိုင်းများချွတ်ယွင်းခြင်း (Line Fault)၊ သဘာဝဘေးဒဏ်ဖြစ်ပွားခြင်းတို့ကြောင့် ရုတ်တရက် ဓာတ်အားပြတ်တောက်မှုများအတွက် ဓာတ်အားပြတ်တောက်ရသည့်အကြောင်းကို ရှာဖွေစစ်ဆေးရခြင်း၊ စက်ပစ္စည်း၊ လိုင်းပစ္စည်း ပျက်စီးမှုအနေအထား၊ အစားထိုးပစ္စည်းရရှိနိုင်မှုနှင့် လမ်းပန်းဆက်သွယ်မှု စသည့်အခြေအနေများပေါ် မူတည်လျက်ရှိရာ ဓာတ်အားပြန်လည်ပေးနိုင်မှု အခြေအနေကို ချက်ချင်းပြန်လည်ဖြေကြားရန် ခက်ခဲခြင်းဖြစ်ပါသည်။ လုပ်ငန်းအခြေအနေအရပ်ရပ်ကို ခြုံငုံသိရှိပြီးမှသာ ခန့်မှန်းဓာတ်အားပေးနိုင်မှု အခြေအနေကို ပြောကြားနိုင်မည် ဖြစ်သော်လည်း မမျှော်လင့်သော အခက်အခဲများ ကြုံတွေ့ရတတ်သည့်အတွက် အချိန်ကြန့်ကြာမှုများ ကြုံတွေ့ရလေ့ရှိပါသည်။

### ကြိုတင်ပြင်ဆင်ကြရပါမည်

သဘာဝဘေးဒဏ်သည် တားဆီး၍မရ အများစုသည် ကြိုတင်ခန့်မှန်းရန် ခက်ခဲပါသည်။ ကြိုတင်ပြင်ဆင်မှုဖြင့်သာ ထိခိုက်ပျက်စီးမှုနည်းအောင် အမြန်ဆုံးပြန်လည်တည်ထောင်နိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဌာနဆိုင်ရာများအနေဖြင့် သဘာဝဘေးဒဏ်ဖြစ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် စီမံချက်ချကာ လူအင်အား၊ စက်ယန္တရားအင်အား၊ ပစ္စည်းအင်အား၊ ငွေကြေးဆိုင်ရာများကို ပြင်ဆင်ဆောင်ရွက်ထားလေ့ရှိပါသည်။ လျှပ်စစ်ဌာနအနေဖြင့်လည်း အရန်ဓာတ်အားလိုင်းကြိုး၊ တိုင်၊ ထရန်စဖော်မာများကို ထားရှိကြရပါသည်။ ပြည်သူများအနေဖြင့်လည်း အရေးပေါ် စားနပ်ရိက္ခာ (ရိက္ခာခြောက် အပါအဝင်) သောက်ရေ၊ သုံးရေ၊ အရန်မီးဖို (မီးသွေး၊ Gas)၊ အလင်းရောင်သုံးပစ္စည်း ဘက်ထရီ၊ ဖယောင်းတိုင်နှင့် Emergency Light စသည့် အရေးပေါ်လိုအပ်ချက်များကို ကြိုတင်စီမံထားရပါမည်။ သဘာဝဘေးဒဏ်အလိုက် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ထားခြင်းဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

# သွေးချင်းတို့မြေ ချင်းဌာနေသို့

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ ဇေယျာထွန်း (Starling Travels)

မြန်မာနိုင်ငံအနောက်မြောက်ပိုင်းတွင် တည်ရှိသော ချင်းပြည်နယ်သည် တောင်စွယ်တောင်တန်းများ ထူထပ်လျက် ပြည်မနှင့် ဝေးလံသော ဒေသတစ်ခုဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ဖွံ့ဖြိုးမှုနောက်ကျခဲ့သော်လည်း ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် နယ်မြေတစ်ခုဖြစ်သည်။ ချင်းပြည်နယ်၏ တောင်စွယ်တောင်တန်းများ၊ ပါးရဲများထိုးထားသည့် ချင်းအမျိုးသမီးများ၊ တောင်ဇလပ်ပန်းများ၊ နွားနောက်များသည် ပြည်နယ်၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားလျက်ရှိနေပေသည်။ ထို့အတူ ချင်းပြည်နယ်ရှိ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်နှင့် နတ်မတောင်တို့သည် ခရီးသွားများ အထူးစိတ်ဝင်စားသောနေရာများ ဖြစ်ကြသည်။

ချင်းပြည်နယ်၏ အေးမြသောရာသီဥတုနှင့် လှပသာယာသော သဘာဝရှုခင်းများကို ကိုယ်တွေ့မျက်မြင်သိရှိခံစားနိုင်ရန် ပြီးခဲ့သည့် သင်္ကြန်ရုံးပိတ်ရက်များအတွင်း ချင်းတောင်တန်းဒေသသို့ သွားရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မနုဿဗေဒပညာဌာနမှ မဟာဝိဇ္ဇာနှင့် ဒီပလိုမာသင်တန်းသားများပါဝင်သည့် ချင်းတောင်တန်းလေ့လာရေး ခရီးသွားအဖွဲ့နှင့်အတူ ချင်းတောင်ဒေသသို့ လိုက်ပါခဲ့ရာ ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့မှ မြောက်ပိုင်း တီးတိန်မြို့အထိ ကားဖြင့် ခရီးကြမ်းနှင်ခဲ့ကြသည်။ ချင်းပြည်နယ်ကို ခရိုင်သုံးခု၊ မြို့နယ်ကိုးခုဖြင့် ဖွဲ့စည်းထားရာ ဟားခါးခရိုင်တွင် ဟားခါးနှင့် ထန်တလန်၊ မင်းတပ်ခရိုင်တွင် မင်းတပ်၊ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ၊ ဖလမ်းခရိုင်တွင် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့ ပါဝင်သည်။

**ကန်ပက်လက်သို့**

ကန်ပက်လက်သည် ဒေသအခေါ် ခေါ်နူးစုမ်ခေါ် ဝိတိုရိယတောင်ကြောင့် ပြည်တွင်းပြည်ပခရီးသွားများအကြား ထင်ရှားသည့် ခရီးသွားဒေသတစ်ခုဖြစ်ကာ မြန်မာနိုင်ငံအနောက်ဘက်တွင် ဆိပ်ဖြူမြို့မှ ၇၅ မိုင်၊ ဆောမြို့မှ လေးမိုင်အကွာ၌ တည်ရှိသည်။ ကန်ပက်လက်၏တည်နေရာ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၅ မိနစ်နှင့် ၂၂ ဒီဂရီ ၀၅ မိနစ် အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ်နှင့် ၉၂ ဒီဂရီ ၂၀ မိနစ်အကြားဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၅၆၀ အမြင့်တွင် တည်ရှိသည့် ကန်ပက်လက်မြို့နယ် ဧရိယာအတွင်း အမြင့်ဆုံးနေရာသည် ပေ ၁၀၂၀၀ မြင့်သည့် ဝိတိုရိယတောင်ဖြစ်သည်။ ယင်းနေရာတွင် နတ်မတောင်ဥယျာဉ်ဟု လူသိများသည့် ခေါ်နူးစုမ်အမျိုးသားဥယျာဉ်ကို ထူထောင်ထားသဖြင့် နတ်မတောင်သို့ တက်ရောက်ရန် လာရောက်ကြသူများဖြင့် စည်ကားနေလေ့ရှိသည်။

ကန်ပက်လက်မြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ၃၆ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်သည် ၂ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ နှစ်စဉ် မိုးရွာရက် ၁၀၀ ဝန်းကျင်ရှိကာ မိုးရေချိန် ၉၆ ဒသမ ၆၅ လက်မအထိ ရွာသွန်း၍ ၂၀၁၆ ခုနှစ်တွင် ၁၀၇ ရက်အတွင်း မိုးရေချိန် ၇၈ ဒသမ ၀၄ လက်မ ရွာသွန်းခဲ့သည်။ မြို့နယ်အတွင်း၌ ကျွန်း၊ ထင်းရှူး၊ ပိတောက်၊ အင်ကြင်း၊ သစ်ရာ စသည့် သစ်ဝါးများအပါအဝင် သစ်ခွနှင့် ဆေးဖက်ဝင် ဂမုန်းပင်များ ပေါက်ရောက်နေသည်။ မြို့နယ်အတွင်း တောဝက်၊ ပြောင်၊ တောကျွဲ၊ ဆတ်၊ သမင်၊ တောင်ဆိတ်၊ ဂျီ၊ တောခွေး စသည့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားလျက်ရှိသည့်အပြင် ဝိတိုရိယတောင်ဝန်းကျင်၌ ရှားပါးငှက်နှင့်လိပ်ပြာမျိုးစိတ်များစွာ ကျက်စားနေကြသည်။ ဝိတိုရိယတောင်ကို ခေါ်နူးစုမ် အမျိုးသားဥယျာဉ်က ထိန်းသိမ်းကာ ကြိုးဝိုင်း၊ ကြိုးပြင်တောများဖြင့် ကာကွယ်စောင့်ရှောက်ထားသည်။ ကန်ပက်လက်မြို့နယ်အတွင်း ကြိုးဝိုင်းသစ်တော ၉၇၃၃၀ ဧကနှင့် ကြိုးပြင်သစ်တော ၁၀၄၅၇၉ ဧကရှိသည်။

ကန်ပက်လက်မြို့နယ်သည် အရှေ့ဘက်တွင် ဆောမြို့နယ်၊ အနောက်ဘက်တွင် ပလက်ဝမြို့နယ်၊ တောင်ဘက်တွင် စေတုတ္တရာမြို့နယ်၊ မြောက်ဘက်တွင် မင်းတပ်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေကာ မြို့နယ်အကျယ်အဝန်းသည် ၈၆၃ ဒသမ ၆၂ စတုရန်းမိုင် ဖြစ်သည်။ ကန်ပက်လက်ကို ၁၈၉၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်က ထူထောင်ခဲ့ရာ မြို့တည်ထောင်ခဲ့သည့်နေရာတွင် ရှိနေသည့် ရေကန်ကြီးတွင် ပုလဲကဲ့သို့ ဖြူဖွေးသောအရာများကို မြင်တွေ့ရသဖြင့် ကန်ပုလဲဟု ခေါ်ဆိုကြရာမှ ကာလရွေ့လျောလာချိန်တွင် ကန်ပက်လက်ဟု အမည်တွင်ခဲ့သည်။ ထိုစဉ်က ကန်ပက်လက်ကို မကွေးတိုင်းမင်းကြီးရုံးက အုပ်ချုပ်ခဲ့ပြီး ချင်းတောင်တန်းဝန်ရုံးကို ပခုက္ကူမြို့၌ ဖွင့်လှစ်ခဲ့ကာ ၁၉၀၂ ခုနှစ်တွင် ပခုက္ကူမှ ကန်ပက်လက်သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ကန်ပက်လက်ကို တောင်တန်းနယ်အဆင့်မှ မြို့နယ်အဆင့်သို့ တိုးမြှင့် ဖွဲ့စည်းခဲ့သည်။

တောင်ကုန်း၊ တောင်တန်းများ ပေါများကာ သစ်တောများဖုံးလွှမ်းနေသည့် ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျောက်ဆစ်ချောင်း၊ ကတင်းချောင်း၊ ဆောချောင်း၊ ဖျံချောင်း၊ စလင်းချောင်း၊ မုန်းချောင်းတို့သည် အနောက်မှအရှေ့သို့စီးဆင်းနေကြကာ ရေစီးသန်၍ ကျောက်ဆောင်များ ထူထပ်သဖြင့် စက်တပ်ယာဉ်များ သွားလာနိုင်ခြင်းမရှိချေ။ မြို့နယ်အတွင်း ချင်းလူမျိုးများက အများဆုံးနေထိုင်ကြ၍ မြန်မာ၊ ရှမ်းနှင့် ရခိုင်လူမျိုးအနည်းငယ်လည်း နေထိုင်သည်။ မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၂၆ အုပ်စု (ကျေးရွာ ၁၂၂ ရွာ)တွင် နေထိုင်သူ လူဦးရေ ၂၃၀၀၇ ဦးအနက် ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၁၅၅၀၄ ဦး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ၇၂၀၂ ဦးနှင့်အခြားကိုးကွယ်သူ ၃၀၁ ဦးရှိရာ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူမရှိချေ။ ကန်ပက်လက်မြို့နယ်၏ အဓိကထွက်ကုန်သည် ဝဥဖြစ်ပြီး စပါး၊ နေကြာ၊ အစေ့ထုတ်ပြောင်းနှင့် ကြံတို့ကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

**မင်းတပ်သို့**

ကန်ပက်လက်မှ ၄၈ မိုင် ကွာဝေးသည့် မင်းတပ်ကို ၁၉၆၁ ခုနှစ် မေလ ၂၀ ရက်တွင် မြို့အဖြစ် သတ်မှတ်ခဲ့သည်။ ဗြိတိသျှအစိုးရ လက်ထက်တွင် မင်းတပ်တည်နေရာသည် အစိုးရတာဝန်ရှိသူများ လာရောက်စဉ် တည်းခိုသည့် ယာယီစခန်းနေရာ ဖြစ်ခဲ့သဖြင့် မင်းတဲဟု ခေါ်ဆိုခဲ့ရာမှ မင်းတပ်ဟု အမည်ပြောင်းလဲခဲ့သည်။

မင်းတပ်မြို့နယ်သည် အရှေ့မှ အနောက်သို့ ၃၃ မိုင်နှင့် မြောက်မှတောင်သို့ ၃၇ မိုင်ရှည်လျားကာ ၁၂၁၉ ဒသမ ၈၆ စတုရန်းမိုင်ကျယ်ဝန်းကာ မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၉မိနစ်နှင့် ၂၁ ဒီဂရီ ၄၀ မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၃ မိနစ်နှင့် ၉၄ ဒီဂရီ ၁၆ မိနစ်အကြား၌ တည်ရှိသည်။ မင်းတပ်မြို့နယ်သည် အရှေ့ဘက်တွင် ထီးလင်းနှင့် ဆောမြို့နယ်၊ အနောက်ဘက်တွင် မတူပီနှင့် ပလက်ဝမြို့နယ်၊ တောင်ဘက်တွင် ကန်ပက်လက်မြို့နယ်နှင့် မြောက်ဘက်တွင် မတူပီမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၈၆၀ မြင့်ပြီး တောတောင်ထူထပ်ကာ အမြဲစိမ်းသစ်တောများ ပေါက်ရောက်လျက်ရှိသည့် မင်းတပ်မြို့သည် မြေပြန့်လွင်ပြင်နည်းပါးကာ မြို့နယ်အတွင်း အမြင့်ဆုံးနေရာသည် ပေ ၉၀၀၀ ကျော်မြင့်၍ အနိမ့်ဆုံးနေရာသည် ပေ ၂၀၀၀ မြင့်သည်။ မုန်းချောင်း၊ ချီချောင်းနှင့် ယောချောင်း အပါအဝင် မြို့နယ်အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများသည် အနောက်မှ အရှေ့သို့ စီးဆင်းနေကြသည်။ မင်းတပ်မြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ၃၄ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်သည် ၁၇ ဒသမ ၇ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ နှစ်စဉ် မိုးရွာရက် ၁၀၀ ဝန်းကျင်ရှိကာ ၂၀၁၆ ခုနှစ်တွင် မိုးရွာသွန်းရက် ၉၃ ရက်၊ မိုးရေချိန် ၆၆ ဒသမ ၄၉ လက်မဖြင့် အများဆုံး ရွာသွန်းခဲ့သည်။

မြို့နယ်အတွင်း၌ ကျွန်း၊ ထင်းရှူး၊ အင်ကြင်း၊ သစ်အယ် စသည့် သစ်ဝါးများအပါအဝင် သစ်ခွနှင့် ဆေးဖက်ဝင်ဂမုန်းပင်များ ပေါက်ရောက်နေသည်။ မြို့နယ်အတွင်း ကျား၊ ကျားသစ်၊ တောဝက်၊ ဝက်ဝံ၊ ပြောင်၊ ဆတ်၊သမင်၊ တောင်ဆိတ်၊ ဂျီ၊ တောခွေး စသည့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားလျက်ရှိသည်။ မြို့နယ်၏ ၂၃ ဒသမ ၆၅ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းနေသည့်အနက် ကြိုးဝိုင်းသစ်တော ၄၀၀၀၄ ဒသမ ၅ ဧကနှင့် ကြိုးပြင် သစ်တော ၂၁၇၉၆ ဧကရှိသည်။

မင်းတပ်မြို့နယ်တွင် ချင်းလူမျိုးများ အများဆုံးနေထိုင်ကြကာ မြန်မာလူမျိုးများလည်း နေထိုင်ကြသည်။ မင်းတပ်မြို့နယ်ကို မြို့တစ်မြို့ ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၄၆ အုပ်စု (ကျေးရွာ ၂၀၂ ရွာ)ဖြင့် ဖွဲ့စည်းထားရာ နေထိုင်သူ ဦးရေ ၄၆၂၄၉ ဦးရှိသည့်အနက် ခရစ်ယာန်ဘာသာကိုးကွယ်သူ ၃၁၀၆၉ ဦး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ၁၄၅၁၃ ဦးနှင့် အခြားကိုးကွယ်သူ ၆၆၇ ဦးရှိကာ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူ မရှိချေ။

မင်းတပ်သည် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျသည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသနေသူအများစုသည် စိုက်ပျိုး၊မွေးမြူရေးကို အဓိက ပြုလုပ်ကြသည်။ ဝဥနှင့် လက်ဖက်ကို အများဆုံးစိုက်ပျိုးထုတ်လုပ်ကာ ဂျပ်ခုတ်လုပ်ငန်းကိုလည်း ဆောင်ရွက်ကြသည်။ မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ၃၇၅ ဧကကို အကျိုးပြုသည့် ထင်ချောင်း၊ လှော်ဝနှင့် ကျွန်နန်ဆည်တို့ကို တည်ဆောက်ထားသည်။ မွေးမြူရေးလုပ်ငန်းတွင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲနှင့် ငုံးကို မွေးမြူကြသည်။

**မတူပီသို့**

မတူပီမြို့သည် မင်းတပ်မြို့မှ အနောက်မြောက်ဘက် ၇၄ မိုင်အကွာတွင် တည်ရှိကာ ၁၉၄၉ ခုနှစ် မတ်လ ၂၂ ရက်တွင် မြို့နယ်စတင်ပေါ်ပေါက်ခဲ့ပြီး နယ်ပိုင်ရုံးစိုက်ခဲ့သည်။ ၁၉၇၃ ခုနှစ် မေလ ၂၅ ရက်တွင် မတူပီမြို့ဟု သတ်မှတ်ခဲ့ကာ ယင်းနှစ် စက်တင်ဘာလ ၁၇ ရက်တွင် ကျေးရွာအုပ်စုများ ဖွဲ့စည်းခဲ့သည်။

မတူပီမြို့နယ်သည် အရှေ့မှ အနောက်သို့ ၄၇ မိုင်နှင့်မြောက်မှတောင်သို့ ၆၈ မိုင်ရှည်လျားကာ ၂၃၁၆ ဒသမ ၈၁ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြေပုံအညွှန်းအရ မတူပီမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၅ မိနစ်နှင့် ၂၂ ဒီဂရီ ၁၅ မိနစ် အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ်နှင့် ၉၄ ဒီဂရီ ၁၅ မိနစ်အကြား၌ တည်ရှိကာ အရှေ့ဘက်တွင် ဂန့်ဂေါနှင့် ထီးလင်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် မင်းတပ်မြို့နယ်၊ အနောက်ဘက်တွင် ပလက်ဝမြို့နယ်၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့်မြောက်ဘက်တွင် ထန်တလန်၊ ဟားခါးမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်နေသည်။

မတူပီမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၅၀ ပေမြင့်ပြီး မြေပြန့်လွင်ပြင်နည်းပါးကာ တောတောင်ထူထပ်လျက် သစ်တောများ ဖုံးလွှမ်းနေသည်။ လုံတိန်း၊ အောတရော့၊ ကိုင်ဆီး၊ ကောင်လောင်နှင့် လုံပဲလ်တို့သည် မတူပီမြို့နယ်အတွင်း၌ရှိသည့် ထင်ရှားသော တောင်တန်းများဖြစ်ကြကာ မြို့နယ်တွင်း အမြင့်ဆုံးနေရာသည် ၈၉၆၁ ပေမြင့်သည့် လုံတိန်းတောင်ဖြစ်သည်။ ဘွေနူးချောင်းနှင့် လည်မျိုချောင်းအပါအဝင် မြို့နယ်အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများသည် ရေချိုချောင်းများဖြစ်ကြသဖြင့် ယင်းချောင်းများကို စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် သုံးစွဲကြသည်။

မတူပီမြို့နယ်၏ အမြင့်ဆုံး အပူချိန်သည် ၃၃ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံး အပူချိန်သည် ၃ ဒီဂရီ စင်တီဂရိတ် ဖြစ်သည်။ နှစ်စဉ်မိုးရွာရက်သည် ၁၂၆ ရက်မှ ၁၄၅ ရက်အထိရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် ၁၃၂ ရက် မိုးရွာသွန်းခဲ့ကာ မိုးရေချိန် ၁၀၀ ဒသမ ၁၂ လက်မ ရှိခဲ့သည်။

မြို့နယ်အတွင်း၌ ထင်းရှူး၊ ဝါးနှင့် ကြိမ်ပင်များ အပါအဝင် သစ်ခွနှင့် ဆေးဖက်ဝင် ဂမုန်းပင်များ ပေါက်ရောက်လျက် ကျား၊ ကျားသစ်၊ တောဝက်၊ ဝက်ဝံ၊ ပြောင်၊ ဆတ်၊ သမင်၊ တောင်ဆိတ်၊ ဂျီ၊ တောခွေး၊ ရေလိပ်၊ ကုန်းလိပ် စသည့် တောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားလျက်ရှိသည်။ မြို့နယ်၏ ၅၆ ဒသမ ၈၉ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေသည့်အနက် ကြိုးပြင်ကာကွယ်တောသည် ၄၃၉၀၉၇ ဧကနှင့် ကြိုးပြင်သစ်တောသည် ၁၀၄၃၆၆၂ ဧကရှိသည်။

မတူပီမြို့နယ်တွင် ချင်းလူမျိုးများ အများဆုံးနေထိုင်ကာ မြန်မာလူမျိုးများလည်း နေထိုင်ကြသည်။မင်းတပ်မြို့နယ်ကို မြို့တစ်မြို့ ရပ်ကွက်ခုနစ်ခု၊ ကျေးရွာအုပ်စု ၆၂ အုပ်စု(ကျေးရွာ ၁၅၀)ဖြင့် ဖွဲ့စည်းထားပြီး နေထိုင်သူဦးရေ ၅၆၂၈၇ ဦးရှိသည့်အနက် ခရစ်ယာန် ဘာသာကိုးကွယ်သူ ၅၆၁၇၂ ဦးနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူ ၁၁၅ ဦးရှိပြီး အခြားဘာသာကိုးကွယ်သူများမရှိချေ။

မတူပီမြို့နယ်သည်လည်း စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျသည့် မြို့နယ်တစ်ခုဖြစ်ကာ ဒေသနေသူအများစုသည် စိုက်ပျိုး၊ မွေးမြူရေးဖြင့် အသက်မွေးမြူကြသည်။ ဝဥနှင့် ဂမုန်းကို အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ပြည်မသို့ တင်ပို့ရောင်းချကြကာ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲနှင့် နွားနောက်တို့ကို မွေးမြူကြသည်။

မတူပီမြို့နယ်တွင် အထက်တန်းကျောင်းခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းနှင့် မူလတန်းကျောင်းများ၊ မူကြိုကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ထားသည်။ မတူပီမြို့နယ်ဆေးရုံ၊ လိုင်လင်းပီ၊ ရေဇွာနှင့် လုံငိုးတို့တွင် တိုက်နယ်ဆေးရုံတစ်ရုံစီနှင့် မြို့နယ်အတွင်းကျေးလက်ကျန်းမာရေးဌာန ၁၁ ခုဖွင့်ကာ ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ဘုံတလာရေတံခွန်သည် မတူပီမြို့မှ ခြောက်မိုင်အကွာတွင်တည်ရှိကာ မတူပီသို့ရောက်ရှိလာကြသူများ သွားရောက်လည်ပတ်လေ့ရှိသည့် နေရာတစ်ခုဖြစ်ပြီး လှပမြင့်မားသော ရေတံခွန်အဖြစ် ထင်ရှားသည်။

**ဟားခါးသို့**

ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးသည် မတူပီမြို့မှ ၁၀၈ မိုင်နှင့် ဖလမ်းမြို့မှ ၄၃ မိုင် ကွာဝေးကာ လိုင်မီးချင်းလူမျိုးများ ထူထောင်ခဲ့သည့်မြို့ဖြစ်သည်။ ၁၄ရာစုတွင် လက်ရှိဟားခါးမြို့မှ ဖလမ်းမြို့ဘက်သို့ သုံးမိုင်ကွာဝေးသော ဖိုင်လဲင်ဇောလ် (Phailenzawl)သို့ ချင်းမျိုးနွယ်စုများရောက်ရှိလာကြကာ ကျေးရွာတစ်ခုကိုထူထောင်ခဲ့ကြသည်။ ထိုနေရာမှတစ်ဖန် မွာလ်ဇုန်ခေါ် ရွာကို ထူထောင်ပြီး ယခုဟားခါးမြို့တည်နေရာသို့ ရွှေ့ပြောင်းခဲ့ကြသည်။ ထိုရွာမှခွဲထွက်၍ ရွာများတည်ထောင်ခဲ့ကြသူများသည် ဟားခါးမြို့ဖြစ်လာမည့်ရွာသို့ အခွန်ဆက်ကြရသည်။ သို့သော် အခွန်တောင်းခံရာတွင် ညှာတာမှုနည်းပါးသဖြင့် ယင်းတို့၏ ဘာသာစကားဖြင့် ဟားလ် (တောင်းခံခြင်း)ခါး(ချိုသာခြင်းကင်း၍ ရက်စက်ခြင်း) ဟားခါးဟု အမည်ပေးခဲ့သည်။

၁၈၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဟားခါး၌ မြို့ပြအုပ်ချုပ်ရေးရုံးဖွင့်ကာ နယ်ပိုင်ဝန်ထောက် ရုံးထိုင်ခဲ့သည်။ ဟားခါးသည် ၁၉၆၆ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် ထိုစဉ်က ချင်းဝိသေသတိုင်း၏ မြို့တော်ဖြစ်လာခဲ့ပြီးနောက် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာခြောက်ရွာဖြင့် ဟားခါးမြို့နယ်ကို ဖွဲ့စည်းခဲ့သည်။ လက်ရှိအချိန်တွင်လည်း ဟားခါးသည် ချင်းပြည်နယ်၏ မြို့တော်အဖြစ် ပြည်နယ်ရုံးများ စိုက်ကာ ချင်းပြည်နယ်တွင် အကြီးမားဆုံးမြို့ဖြစ်သည်။ မြေပုံအညွှန်းအရ ဟားခါးမြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၀၁ မိနစ်နှင့် ၂၂ ဒီဂရီ ၅၀ မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၂ မိနစ်နှင့် ၉၄ ဒီဂရီ ၄၅ မိနစ်အကြားဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ မြင့်သည်။

*(ဆက်လက်ဖော်ပြပါမည်)*




**"ချင်းပြည်နယ်၏ တောင်စွယ် တောင်တန်းများ၊ ပါးရဲများထိုးထားသည့် ချင်းအမျိုးသမီးများ၊ တောင်ဇလပ်ပန်းများ၊ နွားနောက်များသည် ပြည်နယ်၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားလျက်ရှိနေပေသည်၊ ထို့အတူ ချင်းပြည်နယ်ရှိ အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်နှင့် နတ်မတောင်တို့သည် ခရီးသွားများ အထူးစိတ်ဝင်စားသောနေရာများ ဖြစ်ကြသည်"**

# ဒလတံတားတည်ဆောက်မည့် ဧရိယာနှင့် မလွတ်ကင်းသည့် ဘုရားကြီးနှင့် သမ္ဗန်ကူးတို့ဆိပ်တို့ ပြောင်းရွှေ့တည်ဆောက်

**ရန်ကုန်  ဧပြီ ၃၀**
ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလတံတား) တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင် ဧရိယာအတွင်းရှိသည့် မလွတ်ကင်းသော ကမာကဆစ်အနောက်ကျောင်းဘုရားကြီး၊ ကမာကဆစ်ကူးတို့သမ္ဗန်ဆိပ်၊ ရေယာဉ်ရုံးနှင့် နားနေဆောင်တို့အား နေရာပြောင်းရွှေ့ပေးနိုင်ရေးအတွက် တံတားတည်ဆောက်နေချိန် ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစေရေးအတွက် ပြောင်းရွှေ့နေရာ သတ်မှတ်ပေးထားပြီး ယခုအခါ အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ အထူးအဖွဲ့(၂)မှ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တံတားစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ကမာကဆစ်အနောက်ကျောင်း ဘုရားကြီးအား ကျန်စစ်သားရပ်ကွက်၊ မြဝတီမင်းကြီးလမ်းဘေးရှိ တရားကွင်း မြေနေရာတွင် လည်းကောင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကို မင်းရဲကျော်စွာလမ်းနှင့် ဆရာစံ(၂)လမ်းထောင့်တွင် လည်းကောင်း၊ ကမာကဆစ်သမ္ဗန်ကူးတို့ဆိပ်ကို ရာဇသင်္ကြန်လမ်းမကြီးဘေး ယခင် ကူးတို့ဆိပ်နေရာဟောင်းတွင် လည်းကောင်း နေရာပြောင်းရွှေ့သတ်မှတ်ထားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကမာကဆစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဧပြီ ၂၉ ရက်က ပြောကြားခဲ့သည်။

ကမာကဆစ် သမ္ဗန်ကူးတို့ဆိပ်ကို ယခင်ကူးတို့ ဆိပ်ဟောင်းအနီးသို့ ပြောင်းရွှေ့နေရာ သတ်မှတ်ပေးထားပြီး ကူးတို့ဆိပ်၊ ရေယာဉ်ရုံးနှင့် နားနေဆောင်တို့ကိုလည်း အသစ်ပြန်လည် တည်ဆောက်ပေးသွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်မှု၏ ကုန်ကျစရိတ်များကို ဒလတံတား တည်ဆောက်ရေးမှ ကျခံပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကောင်းချို (တံတားစီမံကိန်း စီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ခေါင်းဆောင်) ထံမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# မန္တလေးမြို့၌ ရေးသူ ဖတ်သူ စာပေစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**မန္တလေး  ဧပြီ ၃၀**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၁၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရ ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက် ရေးသူ ဖတ်သူစာပေစကားဝိုင်းနှင့် စာအုပ်ပြပွဲကို ဧပြီ ၂၈ ရက်က ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းရှိ ခရိုင် Community Center စာဖတ်ခန်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးတို့က အမှာစကားနှင့် စာပေစကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

စာပေစကားဝိုင်းတွင် ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြပျားရည်စက် စာအုပ်ပါ အကြောင်းအရာများကို စာမူရှင် စာရေးဆရာ ညီပုလေးနှင့်အတူ ဆရာ သိုက်ထွန်းသက်၊ ဆရာဂျူဇော်၊ ဆရာ ဇော်ထွန်း (အင်္ဂလိပ်ဘာသာပြန်)၊ ဆရာ နီမောင်တို့က ဦးဆောင်ပြီး တက်ရောက်လာသည့် စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင် မျိုးဆက်သစ်များက အတွေး၊ အမြင်၊ ရှုထောင့်မှ ပါဝင်ဆွေးနွေးကြသည်။

စာမူရှင် စာရေးဆရာ ညီပုလေးက "ဒီစာအုပ်ရေးစဉ်မှာ နံပါတ်တစ် စာဖတ်သူရဲ့မျက်နှာကိုကြည့်ပါတယ်၊ နံပါတ်နှစ်က ကာယကံရှင် ဆရာဒေါက်တာသိန်းလှိုင်ရဲ့ မျက်နှာကို ကြည့်ပါတယ်၊ ဆရာပြောတာတွေဟာ ခံစားချက်အပြည့်နဲ့ ပြောတာဖြစ်တဲ့အတွက် အင်မတန်ပြင်းထန်ပါတယ်၊ ကျွန်တော် အဲဒါတွေကို လျှော့ချပြီးတော့ ရေးခဲ့ပါတယ်၊ လျှော့ချတဲ့အခါမှာလည်း ဆရာ့ရဲ့ အာဘော်မလွတ်အောင်လည်း ကြိုးစားရပါတယ်၊ ရေးသားရတဲ့ ရည်ရွယ်ချက်ကတော့ စာဖတ်ပရိသတ်ကို ရသပါတဲ့ ဝတ္ထုတစ်ပုဒ်ဖတ်ရစေချင်တာပါ"ဟု ပြောပြသည်။


ဓာတ်ပုံ - မင်းထက်အောင်

အဆိုပါ ရေးသူဖတ်သူ စာပေစကားဝိုင်းသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့အဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကဗျာ၊ စာပေ အနုပညာရှင်များ၊ စာပေဝါသနာရှင်များ၊ ဖိတ်ကြားထားသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**အောင်စံမောင်**

## မီးလောင်လျှင်

- ❑ ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- ❑ ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
- ❑ နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်း ကြားပါ။
- ❑ ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
- ❑ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

**ကျိုင်းတုံ  ဧပြီ ၃၀**
ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ် ၁ ရပ်ကွက် စံပြအာခါယက္ကန်းစင်ကျောင်း၌ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၈ ရက်တွင် ဖွင့်လှစ်သည်။ ထိုသင်တန်းတွင် ဦးသောင်းကျော်(ဥက္ကဋ္ဌ အာခါအမျိုးသားစာပေနှင့်ယဉ်ကျေးမှု)၊ ဦးအားချေ (စာပေဦးစီးကော်မတီ)၊ ဦးလော်ဖူ (မိုင်းလားကိုယ်စား)၊ ဦးလော်တာ (တာချီလိတ်ကိုယ်စား)၊ ဦးအားဂျို့ (ကျိုင်းတုံကိုယ်စား)၊ ဦးအားဖာရီ (မိုင်းဆတ်ကိုယ်စား) နှင့် ဦးမင်းညို (နာယက)တို့က မိတ်ဆက်စကားပြောကြားကြသည်။

သင်တန်းကိုဧပြီ ၂၈ ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကျိုင်းတုံ-တာချီလိတ်နှင့် မိုင်းဆတ်မိုင်းခတ်မြို့နယ်များမှ သင်တန်းသား ၄၇ ဦး သင်တန်းသူ ၆၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘိုကလေးမြို့၌ မုန်တိုင်းသဏ္ဌာန်တူ လေ့ကျင့်ခန်းများ ပြုလုပ်

**ဘိုကလေး  ဧပြီ ၃၀**
သဘာဝဘေး မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများကိုယ်တိုင်ပါဝင်လျက် အရေးပေါ် တုံ့ပြန်ရင်ဆိုင်နိုင်ရေးအတွက် မုန်တိုင်းသဏ္ဌာန်တူ လေ့ကျင့်ခြင်းကို မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်၍ ဧပြီ ၂၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မလော့ကျေးရွာအုပ်စု မြစ်တန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုက ဘိုကလေးမြို့က နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတစ်ခုဖြစ်နေတယ်၊ မြစ်ချောင်းတွေများတဲ့ဒေသတစ်ခုလည်း ဖြစ်တယ်၊ နာဂစ်ကာလတုန်းကလို သဘာဝဘေးကာလတုန်းက ဖြစ်သလို သဘာဝဘေးကို ကြုံသလို ခံလိုက်ရတာမျိုးမဟုတ်ဘဲ အကယ်၍ မုန်တိုင်း အန္တရာယ်ကျရောက်လာခဲ့ရင် ပြည်သူတွေကိုယ်တိုင်ပါဝင်လျက် စနစ်တကျအဆင့်လိုက် သဘာဝဘေး အသိပညာတွေကို အသုံးချပြီး တုံ့ပြန်ရင်ဆိုင်နိုင်ဖို့အတွက် ရည်ရွယ်ကာ အခုလို လူအများ ပါဝင်တဲ့ လေ့ကျင့်ခန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်သဘာဝဘေးစီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ပြောသည်။

မုန်တိုင်းသဏ္ဌာန်တူ လေ့ကျင့်ရာတွင် မြစ်တန်းကျေးရွာရှိ School Cum Shelter မှ ကျေးရွာ စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ပေးပို့အကြောင်းကြားလာသည့် မိုး/ဇလ၏ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေကြောင်း၊ သတင်းရရှိချိန်မှ စ၍ မိုး/ဇလမှ ထုတ်ပြန်ပြောကြားသည့် မုန်တိုင်းသတိပေး ချက်အဆင့် အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ အညို ရောင်၊ အစိမ်းရောင်စသည့်အဆင့်အလိုက် မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး အရေးပေါ် တုံ့ပြန်ရင်ဆိုင်နိုင်ရန် စုပေါင်းလေ့ကျင့်ခဲ့ကြသည်။



အဆိုပါ အစီအစဉ်တွင် မြို့နယ်သဘာဝဘေးန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီချိုနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထွေအထွေအုပ်ချုပ်ရေး ဦးစီးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြစ်တန်းကျေးရွာရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ခြင်း၊ လေဘေးရှောင်ပြည်သူများအား စနစ်တကျ နေရာချထားခြင်း၊ စားနပ်ရိက္ခာများ နေရာချထားခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းစသည့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ပေါင်းတည်မြို့၌ တီဘီရောဂါ စစ်တမ်းကောက်ယူ

**ပေါင်းတည်  ဧပြီ ၃၀**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းသုတေသနဆောင်ရွက်ခြင်းလုပ်ငန်းကို ဘုရားငါးဆူကျေးရွာ အလယ်တန်းကျောင်း၌ ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျေးရွာအတွင်း နေထိုင်သူဒေသခံပြည်သူ ၅၆၄ ဦးအားစစ်ဆေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအား Central Diagnostic Panel Survey Coordination Units နှင့် Surveyအဖွဲ့ခြောက်ဖွဲ့ဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၁၈ ခုနှစ် ဇွန်လအထိ ကိုးလကြာနိုင်ငံတစ်ဝန်းလုံး၌ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူရေး အဖွဲ့ ၃ မှ ဦးဆောင်သူ ခရိုင် တီဘီဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရပ်မိရပ်ဖများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုနှင့်အတူ ဖိတ်ကြားထားသူများအထဲမှ ၁၈ နှစ်အထက် မိမိဆန္ဒအလျောက် လာရောက်ပြသသူ ၅၆၄ ဦးအား ဆီးချို၊ သွေးချို ရှိ မရှိစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် သလိပ်စစ်ဆေးခြင်း ပြုလုပ်ပြီး လိုအပ်သော ဆေးဝါးများအခမဲ့ပေးအပ်ကာ ဆေးရုံတက်ရောက်ရန် လိုအပ်သည့်လူနာများကို ပေါင်းတည်ပြည်သူ့ဆေးရုံနှင့် ချိတ်ဆက်၍ ဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယခုစစ်တမ်းကောက်ယူခြင်းများကို အထက်အဖွဲ့အစည်းများသို့ ဆက်လက်ပို့ဆောင်စစ်ဆေးမည်ဖြစ်ကြောင်း၊ အဆိုပါ စစ်ဆေးမှုရလဒ်များကြောင့် တစ်ဝန်းလုံးရှိ တီဘီရောဂါဖြစ်ပွားမှုအားသိရှိရပြီး ရောဂါကာကွယ်ရေးကုသရေးနှင့် ကာကွယ်ဆေးဝါး ထုတ်လုပ်နိုင်မှုအတွက်ပါ အကျိုးရှိမည်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး။**

## သတင်းတိုများ

### ကော့မှူးမြို့နယ်တွင် နှမ်းစပါးစံကွက်ရိတ်သိမ်း

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မကျီးတန်းစနစ်ကျလယ်ယာမြေရှိ နွေစပါး စိုက်ခင်း၌ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဧပြီ ၂၅ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး နှင့် အဆိုပါဌာနများမှ ဝန်ထမ်းများ၊ မကျီးတန်း၊ လက်ခိုက်၊ လာဝတီ/ရှမ်းစု၊ ဆပုဂံ၊ မြို့ကုန်း ကျေးရွာများမှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် စံကွက် ရိတ်သိမ်းမှုအရ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀၉ ဒသမ ၃၇ တင်းနှုန်း ရှိကြောင်း သိရသည်။

**ဗထူး**

### မူးယစ်ဆေးဝါးတားဆီးရေး ... 

### မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဌာနရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၂၂ ရက်က ကျင်းပခဲ့ရာ ဟောပြောပွဲတွင် အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင် အောင်မိုးက ဒုစရိုက်မှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးမှုများနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး သတိပြုရန်အချက်များ စသည်တို့ကို ဟောပြောခဲ့ပြီး ရဲတပ်သားသစ် စုဆောင်းရေးအတွက်လည်း ဟောပြော ခဲ့ကာ အဆိုပါဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ အင်အား ၅၀ ခန့် တက်ရောက် ခဲ့ကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**

### မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဆက်သွားတောကျေးရွာ အုပ်စု ဘုန်းတော်ကြီး ကျောင်းဝင်းတွင် ကျေးရွာပြည်သူများ မှုခင်းကျဆင်းရေးဆိုင် ရာ အသိပညာများတိုးပွားစေရန်အတွက် ဟောပြောပွဲကို ဧပြီ ၂၆ ရက်က ကျင်းပခဲ့ သည်။ ဟောပြောပွဲတွင် မှော်ဘီမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်သန်းဇော်ဝင်းက လူကုန်ကူးမှုလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများ မဖြစ်ပွားစေ ရေး စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ၊ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယုမြို့မှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိုင်းယောင်း ဧပြီ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းယုမြို့နှင့် ပတ်ဝန်းကျင်ရှိ တာကြန့် ကျေးရွာအုပ်စုအတွင်းမှ ခါဆမ်မိန်း၊ နမ့်ကုတ်နှင့် ဝမ်မိုင်မိုင်းလုံးကျေးရွာများမှ ဒေသခံ ပြည်သူများနှင့် ယင်းကျေးရွာများ အနီးပတ်ဝန်းကျင်ရှိ ရွှေ့ပြောင်းအလုပ်သမား များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မိုင်းယုမြို့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဧပြီ ၂၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆရာဝန် ဒေါက်တာအောင်အောင်ဝင်းထွဋ် ဦးဆောင်သော သူနာပြုဆရာမများအဖွဲ့က ခါဆမ် မိန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေပြု၍ ပြည်သူများအား ကျန်းမာ ရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဆေးဝါးမကုသပေးမီ အချိန်အတွင်း ဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးအကြောင်းအရာ များကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူများအား နှလုံးခုန်နှုန်း စမ်းသပ်ပေးခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်း၊ သွေးတိုးရောဂါ၊ အရိုး/အကြောရောဂါ၊ နှလုံးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ် သည့် ဆေးဝါးကုသမှုများပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ဓာတ်မှန်ရိုက်ပေး ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ များအား မိုင်းယုမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးအတွက် လိုအပ်သည် များကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သွားနှင့်ခံတွင်းရောဂါများ ကွင်းဆင်းဆေးကုသပေးပြီး ခံတွင်းကင်ဆာ စစ်တမ်းကောက်ယူ

**ငါ့သရောက် ဧပြီ ၃၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော် ကျန်းမာရေးဦးစီးဌာန သွားနှင့် ခံတွင်းကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်နှင့်အဖွဲ့သည် ငါ့သရောက်မြို့ပြည်သူ့ဆေးရုံသို့ ဧပြီ ၂၈ ရက်က လာရောက်ကာ ဒေသခံပြည်သူများ အား သွားနှင့်ခံတွင်းရောဂါ ကွင်းဆင်းဆေးဝါးကုသပေးခြင်းနှင့် ခံတွင်းကင်ဆာ စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းကုသရာတွင် သွားနှင့်ခံတွင်းကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်နှင့်အတူ ညောင်ဦးမြို့ပြည်သူ့ဆေးရုံကြီးမှ သွားနှင့်ခံတွင်းအထူး ကုဆရာဝန်ကြီးဒေါက်တာအောင်လွင်တို့ ပူးပေါင်း၍ ငါ့သရောက်မြို့ပြည်သူ့ဆေးရုံ၌ ဆေးလိပ်သောက်သုံးသူများ၊ ကွမ်းစားသူများ၊ ဆေးရွက်ကြီးငုံသူများနှင့် လတ်တလော သွားနှင့်ခံတွင်းဝေဒနာခံစားနေရသူများအား ဆေးဝါးကုသ၍ စစ်တမ်းကောက်ယူခဲ့ရာ လူနာ ၅၀ ခန့်အား ကုသပေးနိုင်ခဲ့ကြောင်း ငါ့သရောက်မြို့ပြည်သူ့ဆေးရုံ(တာဝန်ခံ) ဒေါက်တာကံမင်းအောင်ထံမှ သိရသည်။

**ကိုထိန်၊ ငါ့သရောက်**

## မကွေးတိုင်းဒေသကြီးတွင် လေးလအတွင်း ရှို့မီးလောင်ကျွမ်းမှု ၁၀ ကြိမ်အထိရှိခဲ့

**မကွေး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလအတွင်း မီးလောင်ကျွမ်းမှု ၇၇ ကြိမ် ဖြစ်ပွားခဲ့သည့်အနက် ရှို့မီးလောင်ကျွမ်းမှုမှာ ၁၀ ကြိမ် အထိရှိခဲ့ရာ တစ်နိုင်ငံလုံးတွင် ရှို့မီးကြောင့် မီးလောင်မှု အများဆုံးဖြစ်ပွားခဲ့သော တိုင်းဒေသကြီးဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုပေါင်း ၇၇ ကြိမ်တွင် မီးဖိုမီး ၁၆ ကြိမ်၊ ပေါ့ဆမီး ၂၈ ကြိမ်၊ လျှပ်စစ်မီး ၁၁ ကြိမ်၊ ရှို့မီး ၁၀ ကြိမ်၊ တောမီး ၁၂ ကြိမ် ဖြစ်ခဲ့ရာ အဆိုပါမီးလောင်မှု အားလုံးတွင် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၁၅၅ သိန်းကျော် ရှိခဲ့ပြီး လူတစ်ဦးနှင့် တိရစ္ဆာန် ၄၉၃ ကောင် သေဆုံးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ မကွေးတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် တစ်နှစ်လုံးအတွင်းကလည်း ရှို့မီး ၂၅ ကြိမ် အပါအဝင် မီးလောင်မှုပေါင်း ၁၄၆ ကြိမ် ဖြစ်ပွားခဲ့ကြောင်း မကွေးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနမှသိရသည်။

ရှို့မီးဖြစ်ပွားရသည့် အကြောင်းအရင်းများမှာ အမျိုးမျိုးရှိပြီး လင်မယားချင်း ရန်ဖြစ်၍ ရှို့သောမီး၊ ကုမ္ပဏီဝန်ထမ်းက ကုမ္ပဏီကို မကျေနပ်သဖြင့် ကုမ္ပဏီရှိ ပစ္စည်း များကို ရှို့သောမီး၊ ရွာရှိနှမ်းခင်းထဲမှ နှမ်းထောင်ကိုသွားခိုး၍ ဖမ်းမိရာတွင် အလျော် ပေးရသည်ကို မကျေနပ်သဖြင့် နှမ်းထောင်ကိုရှို့သောမီး စသည်ဖြင့် ရှို့မီးအမျိုးမျိုးရှိ ကြောင်းလည်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းစိန်၏ ပြော ကြားချက်အရ သိရသည်။

"တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မီးလောင်မှု ၁၄၆ ကြိမ် ဖြစ်ပွားခဲ့ပါတယ်၊ အဲဒီထဲမှာ ရှို့မီးကြောင့်မီးလောင်မှု ၂၅ ကြိမ်အထိ လောင်ကျွမ်းခဲ့ပါတယ်၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် မကွေးတိုင်း ဒေသကြီးက ရှို့မီးကြောင့်မီးလောင်တဲ့ အကြိမ်ရေအများဆုံး ဖြစ်ခဲ့ပါတယ်"ဟုလည်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း မီးဘေးကာကွယ်ရေးအတွက် တိုင်းဒေသကြီး အစိုးရ အဖွဲ့အနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရှာဖွေကယ်ဆယ်ရေး ယာဉ်၊ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ လှေကားတင်မီးသတ်ယာဉ် အစရှိသော မီးသတ်ယာဉ် ၂၃ စီးကို မီးသတ်ဦးစီးဌာနသို့ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးထား ခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း မီးဘေးကာကွယ်ရေးကို အရှိန်မြှင့် ဆောင်ရွက် လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## စလင်းမြို့ ဝက်သည်းကန်ကြီး ယခုနှစ်နွေရာသီတွင် ရေခန်းမည်ကိုစိုးရိမ်နေရ

**စလင်း ဧပြီ ၃၀**



မကွေးတိုင်းဒေသကြီး စလင်းမြို့တွင်ရှိသော ရှေးဟောင်းသမိုင်းဝင် ရေကန်ကြီး ဖြစ်သည့် ဝက်သည်းကန်ကြီးတွင် ရေ နည်းပါးလျက်ရှိပြီး ယခုနှစ် နွေရာသီ ကာလအတွင်း ရေခန်းသွားမည်ကို စိုးရိမ်နေရကြောင်း မြို့နေပြည်သူများ ထံမှ သိရသည်။

ယခုနှစ်တွင် စလင်းမြို့သည် နွေသီးနှံ စိုက်ပျိုးခြင်းတွင် မပါ၍ ဆည်မြောင်း ဌာနမှ စိုက်ပျိုးရေ မလွှတ်ပေးသဖြင့် လယ်များမှ ပိုလျှံရေများ ကန်အတွင်းသို့ ဝင်ရောက်မှု နည်းပါးခဲ့ခြင်းကြောင့် ကန်အတွင်း ရေနည်းနေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်အတွင်း ကန်ရေထိန်းနံရံများ တည်ဆောက်ရန် အတွက် အုတ်ရိုးစီရန် မြေကျင်းတူးခဲ့စဉ် က ကန်ရေများနေ၍ ဝက်သည်းကန်ကြီး အတွင်းမှ သိုလှောင်ရေများကို ခုနစ်ရက်ခန့် ရေတံခါးဖွင့်၍ ကန်ရေလျှော့ပေးခဲ့ရ ခြင်းကြောင့်လည်း ယခုအချိန်တွင် ကန် ရေမှာ ယခင်နှစ်များထက် ပိုနည်းနေ ခြင်းဖြစ်ကြောင်း သိရသည်။

ဝက်သည်းကန်ကြီး၏ သက်တမ်းမှာ ၈၂၆ နှစ်ခန့် ရှိနေပြီဖြစ်ရာ ယခုအခါ ကန်ကြီးအတွင်း နုန်းများ ထူထပ်လာခြင်း၊ အကြီးစားပြုပြင်မှု တစ်ကြိမ်မှမရှိခြင်းတို့ကြောင့် ကန်၏ ရေလှောင်နိုင်သည့် ပမာဏမှာ နည်းပါးလာလျက်ရှိကြောင်းလည်း သိရသည်။ ထို့ကြောင့် ယခုနှစ် မိုးရွာသွန်းမှုနောက်ကျပါက ကန်ရေများ လျော့နည်း ခန်းခြောက်သွားမည်ကို စိုးရိမ်ရကြောင်းနှင့် ၂၀၁၆ ခုနှစ်ကလည်း မိုးရွာသွန်းမှု နောက်ကျခဲ့သဖြင့် ကန်ရေများသည် ရွှေမုဋ္ဌောဘုရားကြီးအခြေ အထိ ခန်းခြောက်ခဲ့ဖူးကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရေလိုအပ်သောကျေးရွာများသို့ ကျောက်ပန်းတောင်းမြို့နယ်မီးသတ်က ရေများလှူဒါန်းနေ

**ကျောက်ပန်းတောင်း ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ သောက်သုံးရေခက်ခဲ ပြတ်လပ်မှုရှိနေသော ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ် မီးသတ်ဦးစီးဌာနက ပေးပို့လှူဒါန်းလျက်ရှိရာ ဧပြီ ၂၇ ရက်က ကျေးရွာသုံးရွာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာအောင်ကျော်ဝင်း၏ စီစဉ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္ဓေတပ်ဖွဲ့များက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးဖြင့် မြို့နယ်တွင်းမှ သောက်သုံးရေအခက်အခဲရှိနေသော ကျေးရွာများဖြစ်သည့် ပေါက်သစ်ရွာ၊ ကံသာယာရွာနှင့် ပြည်တော်သာရွာများသို့ တစ်ရွာလျှင် ကားတစ်ခေါက်စီဖြင့် ရေဂါလန် ၁၆၀၀ စီ ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်သည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် နွေရာသီကာလအတွင်း မိုးရေလှောင်ကန်များ ခန်းခြောက်သည့် အချိန်တွင် ကျေးရွာအချို့၌ သောက်သုံးရေ ခက်ခဲပြတ်လပ်မှုများ ဖြစ်ပေါ်လေ့ရှိရာ မတ်လကုန်၊ ဧပြီလဆန်းမှစ၍ မြို့ပေါ်မှ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစရှိသည့် ဌာနများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြစ်သည့် Volunteer Group၊ ကျောက်ပန်းတောင်းလူငယ်ကွန်ရက်တို့အပြင် ပုဂ္ဂလိကအလှူရှင်ဖြစ်သည့် မေယုရွှေပန်းထိမ်လုပ်ငန်းတို့ကလည်း မိမိတို့ထံ ဆက်သွယ်အကူအညီတောင်းခံလာသည့် ကျေးရွာများသို့ မည်မျှပင်ဝေးစေကာမူ ရေများ သွားရောက်ပေးပို့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထို့အပြင် Volunteer Group၊ ကျောက်ပန်းတောင်းလူငယ်ကွန်ရက်နှင့် မေယုရွှေပန်းထိမ်တို့ အနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်ပြင်ပဖြစ်သည့် ရေနံချောင်း၊ ချောက်၊ ညောင်ဦး၊နတ်မောက်၊ တောင်သာ၊ မိတ္ထီလာအစရှိသည့် မြို့နယ်များရှိ ကျေးရွာများမှ အကူအညီတောင်းခံလာပါကလည်း သွားရောက်လှူဒါန်းလျက်ရှိနေကြပြီး၊ အဆိုပါ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ရေအလှူရှင်များ၏ ရေသယ်ယာဉ်များအတွက် စက်သုံးဆီဖိုးနှင့် ရေဖိုးများကို မြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက မိမိတို့နှင့် ဆက်နွယ်ရာအလိုက် ထောက်ပံ့လှူဒါန်းလျက် ရှိကြကြောင်းလည်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်း သောက်သုံးရေခက်ခဲပြတ်လပ်မှုရှိသည့် ကျေးရွာများသို့ ဇန်နဝါရီ ၂၀ ရက်မှစတင်၍ ရေများပေးဝေလှူဒါန်းလျက်ရှိရာ ယခုအချိန်အထိ ကျေးရွာပေါင်း ၁၁ ရွာသို့ ၁၇ ကြိမ် ရေပေးပို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ အဆိုပြုတောင်းခံလာသည့်ကျေးရွာများကိုလည်း ပေးပို့လှူဒါန်းသွားနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မြန်မာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့အခမ်းအနား မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် မေ ၃၀**

အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း၌ ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် ကျန်းမာစွာ အလုပ်လုပ်နိုင်ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော စက်မှုနိုင်ငံ ပေါ်ထွက်လာရေး ရည်ရွယ်လျက် မြန်မာနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မေ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မွန်ပြည်နယ် လွှတ်တော်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်နှင့် ပြည်နယ်တွင်းရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ အလုပ်သမားများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးက လုပ်ငန်းခွင် စနစ်ကျနမှုမရှိခြင်း သို့မဟုတ် လူတစ်ဦးတစ်ယောက်၏ မဆင်ခြင်မှုများကြောင့် အလုပ်လုပ်ကိုင်နေသူ တစ်ယောက် သေဆုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း ဖြစ်ပါက မိသားစုများ ဒုက္ခရောက်ရခြင်း၊ ပစ္စည်းဥစ္စာများစွာ ဆုံးရှုံးရခြင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ဆုံးရှုံးရခြင်းတို့ ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသည် စက်မှုဖွံ့ဖြိုးသော နိုင်ငံများအတွက် မရှိမဖြစ် အရေးပါကြောင်း အမှာစကားပြောကြားသည်။

နိုင်ငံတကာ အလုပ်သမားရေးရာအဖွဲ့အစည်း (ILO) မှ ထုတ်ပြန်သော စာရင်းဇယားများအရ ၁၅ စက္ကန့်တိုင်းတွင် အလုပ်သမားတစ်ဦး သေဆုံးလျက်ရှိပြီး ထိခိုက်မှုပေါင်း သန်း ၃၇၀ ခန့် ဖြစ်ပွားလျက်ရှိသည်ဟု သိရသည်။ ထို့ကြောင့် ကမ္ဘာ့တဝှမ်း လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆ ထိခိုက်မှုကို လျှော့ချနိုင်ရန်နှင့် ရောဂါခံစားရသူများအတွက် ကြိုတင်ကာကွယ်ရေးကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ၂၀၀၃ ခုနှစ်မှ စတင်ပြီး ဧပြီ ၂၈ ရက်ကို "ကမ္ဘာ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့"အဖြစ် သတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံများတွင် အခမ်းအနားများ ကျင်းပခဲ့ကြသည်ဟု ပြည်နယ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးက ပြောသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်က ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်တွင် အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန စုစုပေါင်း ၃၂၈၅ ခုရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြင်းထန်သော လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအနေဖြင့် မော်လမြိုင်ခရိုင်တွင် လေးမှုနှင့် သထုံခရိုင်တွင် သုံးမှု စုစုပေါင်း ခုနစ်မှု ရှိခဲ့ကြောင်း သိရသည်။

**ခိုင်သက်အိမ်**



# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေလမ်းပြအမှတ်အသားများ ပြန်လည်စိုက်ထူပေးနေ

**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေပေါ်အမှတ်အသားနှင့် ကမ်းပေါ် အမှတ်အသားများကို လအလိုက် တပ်ဆင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ သိရသည်။

"ရေကြောင်းပြ အမှတ်အသားတွေကို မြစ်ရေနည်းပါးချိန်ဖြစ်တဲ့ နိုဝင်ဘာလကတည်းက စလုပ်တာပါ၊ စိုက်ထူတဲ့အခါမှာလည်း ကျွန်တွေပေါ်က ယာခင်းတွေနဲ့ လွတ်ဖို့အတွက် ရေကြောင်းကိုကြည့်ပြီး စိုက်ရတယ်၊ တစ်ချို့စိုက်ခင်းတွေက မထင်ရင် မထင်သလို ဖျက်ဆီးပြီး မြစ်ထဲကို လွှင့်ပစ်တာတို့ ရှိတယ်၊ ရေထဲမှာရှိတဲ့ ရေဗော့(ရေပေါ်အမှတ်အသား)တွေကို တံငါသည်တွေက ပိုက်ချက်မလွတ်လို့ သိမ်းသွားတာလည်းရှိတယ်၊ အဲဒါမျိုးတွေကို မလုပ်ကြဖို့ ပြောချင်ပါတယ်၊ ကိုယ့်ရဲ့စိုက်ခင်း အဆင်ပြေဖို့၊ ငါးဖမ်းလုပ်ငန်းတွေ အဆင်ပြေဖို့ တစ်ခုတည်းကို မကြည့်ကြဖို့ လိုပါတယ်၊ အဲဒီ ရေပေါ် ကမ်းပေါ်အမှတ်အသားတွေကို ဖျက်ဆီးတဲ့သူတွေကို တွေ့ရှိရင်လည်း တရားစွဲဆိုပြီး အပြစ်ဒဏ်အဖြစ် ထောင်သုံးနှစ်အထိ ချမှတ်နိုင်တာဖြစ်တဲ့အတွက် တံငါသည်တွေ၊ စိုက်ခင်းသမားတွေက ဝိုင်းဝန်းထိန်းသိမ်းကြဖို့ ပြောချင်ပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြောသည်။



ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ နိုဝင်ဘာလက ရေပေါ်အမှတ်အသား ၁၅၀ ခု၊ ကမ်းပေါ် အမှတ်အသား ၃၄၀ ခု၊ ဒီဇင်ဘာလက ရေပေါ်အမှတ်အသား ၂၅၀ နှင့် ကမ်းပေါ် အမှတ်အသား ၁၅၀၊ ၂၀၁၈ ဇန်နဝါရီလက ရေပေါ်အမှတ်အသား ၂၇၀ နှင့် ကမ်းပေါ်အမှတ်အသား ၂၅၀၊ ဖေဖော်ဝါရီလက ရေပေါ်အမှတ်အသား ၂၅၀ နှင့် ကမ်းပေါ်အမှတ်အသား ၁၅၀၊ မတ်လအတွင်းက ရေပေါ်အမှတ်အသား ၂၅၀ နှင့် ကမ်းပေါ်အမှတ်အသား ၁၅၀ တို့ကို စိုက်ထူပေးခဲ့ရာ စုစုပေါင်း ရေပေါ် အမှတ်အသား ၁၁၇၀ နှင့် ကမ်းပေါ်အမှတ်အသား ၁၀၄၀ တို့ကို ပြန်လည်စိုက်ထူပေးထားခဲ့ပြီးဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဆူးပဒေါင်းကျေးရွာမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ငဖဲ မေ ၃၀**

မင်းဘူးခရိုင် ငဖဲမြို့နယ် ဆူးပဒေါင်းကျေးရွာအုပ်စုမှ ဆူးပဒေါင်းကျေးရွာနှင့် ကံပေါက်ကျေးရွာတွင် မေ ၂၇ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး လေပြင်းဒဏ်ကြောင့် ဆူးပဒေါင်းကျေးရွာတွင် လူနေအိမ် ၄၂ အိမ်၊ အလကခွဲကျောင်းဆောင် တစ်ဆောင်နှင့် ကျေးရွာမှ ဆောက်လုပ်ပေးထားသော ဆရာ ဆရာမနေအိမ်များ အမိုးလန်၊ ထရံကွာ ပျက်စီးဆုံးရှုံးခဲ့သလို ကံပေါက်ကျေးရွာတွင်လည်း လူနေအိမ် သုံးအိမ်နှင့် အမက မူလတန်းလွန်ကျောင်းဆောင် တစ်ဆောင် အမိုးလန်၊ ထရံကွာ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လေဘေးသင့်ခဲ့သော ဆူးပဒေါင်းကျေးရွာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ငဖဲမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မေ ၂၈ ရက်တွင် လာရောက်ကြည့်ရှုခဲ့ပြီး အမိုးလန်ပျက်စီးသည့် လူနေအိမ် ၄၅ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၁၈ သိန်းခွဲနှင့် လူဦးရေ ၁၅၀ အတွက် ဆန်ဖိုး ကျပ် ၃၁၅၀၀၀ တို့ကိုလည်းကောင်း၊ အိမ်ထောင်စု တစ်စုစီအတွက် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးစီကိုလည်းကောင်း လေဘေးသင့်ပြည်သူများထံ လက်ရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

"မနေ့က ညနေ ၃ နာရီမှာ လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့တယ်၊ ဒီနေ့မှာ ကျွန်မတို့ရွာက လေဘေးသင့်ပြည်သူတွေကို အမြန်ဆုံး လာရောက်ထောက်ပံ့မှုတွေပေးခဲ့တာ လက်တွေ့ မြင်တွေ့ရလို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ အထက်က စီမံပေးတဲ့ တိုင်းအစိုးရအဖွဲ့နဲ့ ထောက်ပံ့ပစ္စည်း လာရောက်ပေးပို့ခဲ့တဲ့ ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မှ အမြန်ဆုံး လာရောက်စီစဉ်ဆောင်ရွက်ပေးခဲ့ကြတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငဖဲမြို့နယ် ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေနဲ့ ပျက်စီးသွားတဲ့အိမ်တွေကို ဝိုင်းဝန်းပြုပြင်ပေးခဲ့ကြတဲ့ ရွာသူရွာသားတွေကို အထူးကျေးဇူးတင်ပါတယ်"ဟု လေဘေးသင့်ခဲ့သည့် အိမ်တစ်အိမ်မှ အိမ်ရှင်တစ်ဦးက ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လယ်မြေဧက ၁၀၀၀၀ ကျော်ကို ရေကြီးမှုမှ ကာကွယ်ပေးနေသော သုံးခွရေထိန်းတံခါး

**သုံးခွ မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်သည် ရေငန်များ ပတ်လည်ဝန်းရံနေပြီး မိုးရာသီတွင် ရေကြီးနစ်မြုပ်သော ဒေသဖြစ်သည့်အပြင် မြေပြန့်ဒေသဖြစ်၍ ရေလှောင်တမံတည်ဆောက်ခြင်း နည်းလမ်းဖြင့် ရေချိုရရှိရန် ခက်ခဲသော ဒေသတစ်ခုဖြစ်သောကြောင့် ရေထိန်းတံခါး၊ ရေနုတ်မြောင်းနှင့် ရေသွယ်မြောင်းများ တည်ဆောက်ပေးခြင်း နည်းလမ်းဖြင့်သာ ရေချိုရအောင် ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်သည်။

သို့ဖြစ်၍ သုံးခွမြို့နယ် အနောက်ဘက်ခြမ်းရှိ လယ်မြေဧက ၁၁၅၀၀ ခန့်ကို နှစ်စဉ် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေငန်နှင့် နုန်းများ ဝင်ရောက်မှုမှ ကာကွယ်ရန်တို့အတွက် သုံးခွရေထိန်းတံခါးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)က အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည်။

သုံးခွရေထိန်းတံခါး အထက်ပိုင်းရှိ တိမ်ကောနေသော ချောင်း၊ မြောင်းများကို တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ညောင်နီကျေးရွာအုပ်စုမှ တောင်သူကြီး ဦးသန်းထွန်းက "အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ညောင်နီချောင်းကွေ့ ၁၀ နေရာကို ချောင်းဖြောင့်ပေးခြင်း၊ ညောင်နီချောင်းနဲ့ နံ့ယောချောင်း အဆုံနေရာကို အကျယ်ချဲ့ပေးခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့တာကြောင့် မိုးရာသီမှာ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးတော့မှာဖြစ်သလို မိုးစပါးစိုက်ဧကများကိုလည်း ယခင်ထက် အပြည့်အဝ စိုက်ပျိုးနိုင်တော့မှာဖြစ်လို့ ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

သုံးခွရေထိန်းတံတား အထက်ဘက်ရှိ ရေပေါ်ကံကျေးရွာမှ တောင်သူ ဦးစန်းမြိုင်ကလည်း "သုံးခွရေထိန်းတံတား အထက်ဘက်က နံ့ယောချောင်း၊ မြသိန်းတန်ရိုး၊ ညောင်ပင်ခင်တန်း ကန်သုံးကန်မှာ ရိုးပြန်လည်တူးဖော်ပေးမှု၊ ရေထိန်းတံတား အဝင်မြောင်းနဲ့ အထွက်မြောင်းရဲ့ သဲနုန်းများ ပြန်လည်တူးဖော်ပေးမှုတို့ကြောင့် သုံးခွရေထိန်းတံခါး အထက်ဘက်က လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့ပါးသွားမယ့်အပြင် နွေရာသီမှာ ရေငန်နဲ့ နုန်းများဝင်ရောက်မှုကနေ အကာအကွယ်ဖြစ်စေတာကြောင့် ချောင်းမြောင်းတိမ်ကောမှုတွေလည်း လျော့နည်းသွားလို့ ဒေသခံတောင်သူတွေအတွက် များစွာအကျိုးရှိပါတယ်"ဟု ပြောသည်။

သုံးခွမြို့နယ်သည် ပထဝီမြေပြင် အနေအထားအရ ရေလှောင်တမံများတည်ဆောက်၍ မရသော်လည်း ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများနှင့် ရေသွယ်မြောင်းများ တည်ဆောက်ပေးခြင်းနှင့် ချောင်းမြောင်းများ သဲနုန်းတူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသအတွင်း ရေကြီးနစ်မြုပ်မှုများကို လျော့ပါးသက်သာစေပြီး မိုးစပါး စိုက်ဧကများကို အပြည့်အဝ စိုက်ပျိုးလာနိုင်မည့်အပြင် ရေချိုထိန်းသိမ်းသိုလှောင်ခြင်းနှင့် ရေငန်ဝင်ရောက်မှုတို့ကိုလည်း တားဆီးပေးနိုင်ခြင်းတို့ကြောင့် ဆောင်းသီးနှံနှင့် နွေစပါးများ စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်(မွန်)**



**တောင်သူများအား အကျိုးဖြစ်ထွန်းစေသော နံ့ယောချောင်းပေါ်ရှိ သုံးခွရေထိန်းတံခါး**

# ဂျပန်နိုင်ငံမှလှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ကျောင်းကုန်း မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း၏ လှူဒါန်းငွေဖြင့် ARTIC စီမံကိန်းဒါရိုက်တာ ဦးစေတနာက အကောင်အထည်ဖော် တည်ဆောက်ခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်အတွင်းမှ စာရေးခုံနှင့် ထိုင်ခုံများကို ပညာရေးဌာနသို့ မေ ၂၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျိုမိုးမြတ်မြတ်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြတ်နှင့် နိပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် နီပွန်ဖောင်ဒေးရှင်းမှ မစ္စတာ မာအဲဒါက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာရေးခုံ ၇၅ ခုံ၊ ထိုင်ခုံ ၉၃ ခုံ၊ ဆရာထိုင်ရန် စားပွဲနှင့် ကုလားထိုင်များ၊ ရေကန်နှင့် အိမ်သာများလည်း ပါဝင်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**


နှလုံးသားထဲက မြန်မာ
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
မေလ (၁) ရက်နေ့
အလုပ်သမားနေ့ကို MPT မှ
ဂုဏ်ပြုကြိုဆိုပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာကုမာရမထေရ်မြတ်၏ ဩဝါဒကိုခံယူလျက် လူပုဂ္ဂိုလ်များဆိုင်ရာ ပုံမှန်သင်တန်းများကို ၂၀၁၈ခုနှစ် မေ ၅ ရက်မှစ၍ (အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း) အောက်ဖော်ပြပါအချိန်များတွင် သင်ကြားပို့ချမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညို ပူဇော်နိုင်ပါသည်။

**သင်တန်းဖွင့်မည့်ရက်** - ၂၀၁၈ခုနှစ် မေ ၅ ရက် (စနေနေ့)

**သင်တန်းနှင့်အချိန်** - (က) **အဘိဓမ္မာရိုးရိုးသင်တန်းများ** (ပ+ဒု+တ)သုံးဆင့်
**တန်းခွဲ(၁)** နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ (တနင်္ဂနွေနေ့ တစ်ရက်တည်းသာ)
**တန်းခွဲ(၂)** နံနက် ၉း၃၀နာရီမှ ၁၁း၃၀ နာရီအထိ
**တန်းခွဲ(၃)** နံနက် ၁၂း၃၀နာရီမှ ၄း၀၀ နာရီအထိ

(ခ) **ဋီကာကျော် သင်တန်းများ** (ပ+ ဒု+တ) သုံးဆင့် မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၃၀ နာရီအထိ

(ဂ) **ဝိသုဒ္ဓိမဂ်သင်တန်းများ** (ပ+ဒု+တ) သုံးဆင့် မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၃၀ နာရီအထိ

**သင်တန်းပို့ချမည့်နေရာ** - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်အတွင်း

**အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့**
**မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဦးဦးခင် ဖုန်း-၀၉-၅၀၉၉၆၄၈၊**
**ဦးအောင်မျိုး ဖုန်း-၀၉-၇၉၇၈၀၀၆၇၇**

## သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

| | | |
|---|---|---|
| - မင်္ဂလာဒုံ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ အလျားပေ (၁၆၀)၊ အနံပေ (၅၆)၊ သုံးထပ်ဆောင် တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀၀ |
| - လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - ပြတင်းတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - အိမ်သာ၊ ရေချိုးခန်း တစ်ခန်းလျှင် | ကျပ် | ၈၀၀၀၀၀ |
| - ဆရာဝန်နားနေဆောင် | ကျပ် | ၅၀၀၀၀၀၀ |
| - ဝရန်တာတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - ပေ (၂၀×၅၀) တခန်းလျှင် | ကျပ် | ၅၀၀၀၀၀၀ |
| - အမိုးနှင့်မျက်နှာကြက်တစ်ကျင်းလျှင် | ကျပ် | ၁၅၀၀၀၀၀ |
| - လူနာ ခုတင်တစ်လုံးလျှင် | ကျပ် | ၁၅၀၀၀၀ |

**ဌာန-ရွှေပြည်ဟိန်းကျောင်း၊** ပြည်သာယာ၊ ရန်တင်း၊ ILBC အနီး၊ တာမွေလေးသံလမ်း။ ဖုန်း - ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃

**သီတဂူရွှေပြည်ဟိန်းကျောင်း၊** လှော်ကားဓာတ်အားခွဲရုံအနီး၊ ပြည်လမ်းမ၊ မင်္ဂလာဒုံ၊ ဇေတဝန်မဏ္ဍာရုံကျောင်းဘေး။ ဖုန်း - ၀၉-၄၃၀၉၆၄၈၁

ရွှေရုံတိုင်ကမ္ဘောဇဘဏ် Ashin Khemasirilinkara Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။

## မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မာသာမိ(ကျောက်ပန်းတောင်း) သဲအင်းဂူဆရာတော်၏ (၇)ရက် နေ့အထူးတရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ ဂိတ်(၂)အနီး၊ အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်ကြီးတွင် ၇-၅-၂၀၁၈ရက် (၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၈ ရက်နေ့) တနင်္လာနေ့မှ ၁၃-၅-၂၀၁၈ ရက် (၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၄ရက်နေ့) တနင်္ဂနွေနေ့အထိ ၇ ရက် တရားစခန်း(နေ့အထူး) နေ့စဉ် နံနက် ၈း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ တရားပွဲကို ကျင်းပမည်ဖြစ်ပါ၍ တရားပွဲတွင် မူလပထမ သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမူနှင့်အညီ သားတပည့်အရင်း ကျောက်ပန်းတောင်း သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက နယ်လှည့်သာသနာပြုဓမ္မကထိက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိ အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားမည်ဖြစ်၍ ယောဂီများ ကြွရောက် တရားနာယူရှုမှတ် အားထုတ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(နေ့ဆွမ်း၊ အအေးဖျော်ရည်အလှူရှင်များ ဖုန်း-၀၉-၇၇၇၇၉၈၁၆၂၊ ၀၉-၄၂၈၁၈၂၀၄၀ သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်)

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက (၅)၊ ကန်နားကျောင်း၊ နဝမတန်းအောင်မြင်ခဲ့သော မစုသဇင်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွေး ၉/ပမန(နိုင်)၀၆၂၇၇၀ ဖြစ်ပါကြောင်း။ **ဦးသန်းထွေး**

## အမည်ပြောင်း

ပဲခူးမြို့၊ စိန်ထွန်းရပ်ကွက်၊ ပေါ်ဦးလမ်း၊ အမှတ် ၄၂နေ ဦးခင်စိုး-ဒေါ်ဇင်ဇင်နိုင်တို့၏သမီး မအိမ့်ဆည်းဆာစိုင်းအား ယနေ့မှစ၍ မအိမ့်ဆည်းဆာခင်စိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

အောင်လံမြို့၊ စက်ရုံအမက-၁၊ စတုတ္ထတန်းမှ (ဘ) ဦးဝင်းအောင် ၈/မထန(နိုင်)၀၇၉၃၆၀ ၏ သား မောင်ထူးခန့်ကျော်အား မောင်ရှိုင်းမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ဦးအောင်အောင်၏သမီး မြစ်ကြီးနားမြို့၊ အထက (ပလန)၊ ပဉ္စမတန်း(A)မှ ဖြေဆိုင်အောင်မြင်ပြီးသော မရှိန်ရှိင်ဆိုင်းမွန်းမိုင်၏ အမည်မှန်မှာ မဆိုင်းမွန်းနန် ဖြစ်ပါသည်။

## အမည်မှန်နှင့် မိဘအမည်မှန်

ပူတာအိုမြို့၊ အထက(ပူတာအို)၊ နဝမတန်း(A)မှ မအိရွှေဇင်၏ အမည်မှန်မှာ မအိရွှေစင် ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးခင်မျိုးနှင့် ဒေါ်ဒန်ထော့ဒန်နန်(ခ)နန်းယုမွန် တို့ဖြစ်ပါသည်။

## (၁၃)ကြိမ်မြောက် ကုန်သွယ်-လယ်ယာမိသားစု ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

၁။ ကုန်သွယ်လယ်ယာ ဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီမှုအသင်းက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစု ဆရာကန်တော့ပွဲ အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **နေ့ရက်** - ၆-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
(ခ) **အချိန်** - နံနက် ၉ နာရီ
(ဂ) **နေရာ** - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

၂။ သို့ပါ၍ ကုန်သွယ်-လယ်ယာဌ ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများအနေဖြင့် ဆရာကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## မိဘအမည်မှန်

ပူတာအိုမြို့၊ အထက(ပူတာအို)၊ နဝမတန်း(G)မှ မဂျေမာလေး၏ မိဘအမည်မှန်မှာ ဦးခေါ်လီနီးယို နှင့် ဒေါ်ချယ်လီညီတို့ ဖြစ်ပါသည်။

## (၂၁)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ချစ်ပါပါ ဦးသန်းနိုင် (ခ) Abdul Basit နှင့် ချစ်မာမာ ဒေါ်မြသန္တာဝင်း (ခ) Shehnaz တို့၏ ၁-၅-၂၀၁၈ ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတုတိုင် သားသား၊ မီးမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်သားကြီး** - မိုဟာမက်ဒါးနစ်(ရှ်) (ခ) ပိုင်ဇင်မင်းဦး
**ချစ်သားငယ်** - မိုဟာမက်(ခ)ပိုင်ဇင်မင်းလတ်
**ချစ်သမီးငယ်** - အိုက်ရှာ(ခ)ဝင်းသီရိထိုက်

## ဖခင်အမည်မှန်

လားရှိုးမြို့ အထက(၃) ကျောင်းဝင်အမှတ် (၁၈၀၂/၀၈)ဖြစ်သူ စိုင်းလှထွန်း နဝမတန်းကို ခုံအမှတ်(န-၁၆၇)ဖြင့် အောင်မြင်သူ မွေးသက္ကရာဇ်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းများအရ ၂၅-၁၁-၂၀၀၂ ၏ ဖခင်အမည်မှန်မှာ ဦးစံမူး ၁၃/လရန(နိုင်)၁၈၃၇၁၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ အောင်ဆန်းရပ်ကွက်၊ မြေကွက်အမှတ် (၂၂-အောင်ဆန်းအရှေ့)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ ၀ဒသမ ၀၅၇ဧကရှိ ဒေါ်အေးညွန့် ဂရန်အမည်ပေါက် ဝိုင်းမြေကွက်အား ယခုလက်ရှိပိုင်ဆိုင်နေထိုင်သူ ကျွန်မ ဒေါ်ခင်လှဲ့လှဲ့ကျော် ၈/နမန(နိုင်)၀၉၃၁၄၄ ဂရန်အမည်ပေါက်သို့ လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှဲ့လှဲ့ကျော်**
**ဖုန်း-၀၉-၉၆၃၀၄၃၇၀၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6G/9899 Hyundai Santafe ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကျွဲအွန် ၁၃/မခန(နိုင်)၀၁၀၄၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5680 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၅ယ/၈၆၉၁ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ Nadi Moe Trading Co.Ltd က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး) သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၂ယ/၅၀၆၁ Honda PCX 150,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟွမ်တစ် ၁၃/ကတန(နိုင်)၀၈၈၅၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ်(၁၈/၁၇-ခ)၊ မြေကွက်ကို မူလပိုင်ရှင်ဦးထွန်းမောင်က ၂၄-၁-၂၀၁၂ ရက်တွင်လည်းကောင်း၊ ဦးပိုင်(၁၈/၁၈-ခ)မြေကွက်ကို မူလပိုင်ရှင်ဦးဆင်ရမ်က ၁၉-၃-၂၀၁၂ ရက်တွင်လည်းကောင်း၊ ဦးပိုင် (၁၈/၂၃ဃ)မြေကွက်ကို မူလပိုင်ရှင် ဦးခန်ဆာရင်ထန်က ၁၁-၁၀-၂၀၁၄ရက်တွင်လည်းကောင်း၊ ဦးပိုင်အမှတ်(၁၈/၂၄)မြေကွက်ကို မူလပိုင်ရှင် ဒေါ်နှင်းရီက ၆-၁၀-၂၀၀၉ ရက်တွင်လည်းကောင်း၊ ခရစ်တော်၏အသင်းတော် ဘုရားကျောင်းမြေအဖြစ် မေတ္တာစေတနာဖြင့် လှူဒါန်းခဲ့ကြပြီးဖြစ်သဖြင့် ဦးပိုင်အမှတ် (၁၈/၁၇-ခ+၁၈/၁၈-ခ+၁၈/၂၃ဃ+၁၈/၂၄)၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၃၂၅ ဧကရှိ မြေကွက်အတွက် ဥက္ကဋ္ဌ၊ ခရစ်တော်၏ အသင်းတော်အမည်ဖြင့် ၂၂-၁-၂၀၁၈ ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ်(၄၁/၂၀၁၈)ပြုဆိုပြီး ၂၅-၁-၂၀၁၈ ရက်စွဲပါ ကတိပြုလွှာမှတ်ပုံတင်အမှတ်(၂၇/၂၀၁၈)အဖြစ် မှတ်ပုံတင်လျက် သာသနာမြေအခွန်လွတ်ဂရန်ရရှိရေး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ သာသနာမြေ အခွန်လွတ်ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန္ဒရဝတီလူမှုရေးအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

ကယားပြည်နယ်၊ ကန္ဒရဝတီလူမှုရေးအသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန္ဒရဝတီလူမှုရေးအသင်း အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၆-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈း၃၀ နာရီ
**ကျင်းပမည့်နေရာ** - ကယားပြည်နယ် (အရဟံ) ဓမ္မာရုံ၊ စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပန်းတနော်မြို့နယ်၊ ရုံးတောကျေးရွာအုပ်စု၊ ရွာမ(၁)နေ (ဘ)ဦးသန်းအေး၏ သမီး နမ့်ဟီဟီဆန်း ၁၄/ပတန(နိုင်) ၂၀၉၃၃၇နှင့် နန့်ခီခီစိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၅-၁၉၉၆ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်လေး ၁၃/ပတယ(နိုင်)၀၀၁၅၅၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၁၀၅၅၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ အကွက် ၁၄၀-လောဓမ္မတိုးချဲ့၊ ဦးပိုင် ၉၄၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကသည် ဦးခင်အောင်အမည်ဖြင့် (၃)နှစ်မြေငှားလိုင်စင်ရရှိပြီးဖြစ်သည်။ မြေကွက်ကို ဦးခင်အောင်မှ ဦးခင်မောင်တိုးသို့ ၁၇-၁၀-၉၈ရက်တွင်လည်းကောင်း၊ ဦးခင်မောင်တိုးမှ ဒေါ်မာမာဝင်းသို့ ၇-၁-၂၀၀၀ ရက်တွင်လည်းကောင်း အဆင့်ဆင့်ရောင်းချခဲ့ရာ အရပ်စာချုပ်ဖြင့် လက်မှတ်ထိုးထားပါသည်။ မြေကွက်ကို ကျွန်မဒေါ်မာမာဝင်း တစ်ဦးတည်းသာ နေထိုင်အကျိုးခံစားကြောင်း ကျမ်းကျိန်ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားရန်ရရှိရေးလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်ပါသည်။

**ဒေါ်မာမာဝင်း ၂/လကန(နိုင်)၀၀၄၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးရုံအမှတ်(၆)၊ ဆိုင်ခန်းအမှတ် ၁၈ အား အမည်ပေါက်ပိုင်ဆိုင်သူ ကျွန်တော် ဦးတင်စိန် ၁၂/လမန(နိုင်)၁၁၈၅၇၀၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မူရင်း၊ ဆိုင်ခန်းချအမိန့်နှင့်ငွေသွင်းချလန်မူရင်းများမှာ ပျောက်ဆုံးသွားပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအားကန့်ကွက်လိုပါက မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးတာဝန်ခံရုံးသို့ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်စိန် ၁၂/လမန(နိုင်)၁၁၈၅၇၀**
**ဖုန်း-၀၉-၅၀၅၆၀၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မကြည်ကြည်ဌေး ၁၃/ကတလ(နိုင်)၀၁၄၀၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၉၂၈၉၈၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမိုးသီရိကျော် ၁၃/မပန(နိုင်)၀၁၈၈၁၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၀၀၈၀၆၁**

## ကန့်ကွက်တင်ပြနိုင်ကြောင်းကြော်ငြာခြင်း

၁။ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈/ရုံးရပ်)၊ ဦးပိုင်အမှတ်(၁၈-ဃ)၊ မြေကွက်အမှတ် (၂၇/၁၆၁)၊ မြေဧရိယာ ၀ဒသမ၀၂၉ ဧကရှိ မြေကွက်မှာ ဦးမောင်မောင်-ဒေါ်အမာအမည်ဖြင့် ရရှိထားသည့် မြေငှားဂရန်သည် လည်းကောင်း၊ ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/ရွှေကြာငုံ)၊ ဦးပိုင်အမှတ် (၂၉-က)၊ မြေကွက်အမှတ် (၈၈/၃၃၇)၊ မြေဧရိယာ ၀ဒသမ ၀၂၈ဧကရှိမြေကွက်မှာ ဦးဘဦး (အစ်မ) ဒေါ်မိမိလေးအမည်ဖြင့်ရရှိထားသည့် မြေငှားဂရန်သည်လည်းကောင်း မြေငှားဂရန်စာချုပ် (၂)ခုလုံးနှင့် အထောက်အထားများမှာ မီးဘေးအန္တရာယ်မှ တိမ်းရှောင်စဉ်က သိမ်းဆည်းရင်းပျောက်ဆုံးသွားခဲ့ပါသည်။

၂။ အဆိုပါမြေကွက်(၂)ကွက်လုံးကိုမြို့မတောင်ရပ်ကွက်၊ ရုံးရပ်နေ ကျွန်တော်ဦးဟန်တင့်မောင်မှ မြေငှားဂရန်များရရှိရေးဆောင်ရွက်လျက်ရှိပါသဖြင့်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယခုကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့လည်းကောင်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဟန်တင့်မောင် ၈/ရနခ(နိုင်)၀၉၁၈၈၇**
**မြို့မတောင်ရပ်ကွက်၊ ရေနံချောင်းမြို့**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးနေလင်း ၈/မကန (နိုင်) ၀၃၇၈၆၆ ၏ သမီး မဆွေဆွေသင်း (ခ)မစီစီသင်းသည် တစ်ဦးတည်း ဖြစ်ကြောင်းနှင့် ၁၅-၇-၁၉၉၄ သည် မွေးသက္ကရာဇ်အမှန် ဖြစ်ပါကြောင်း။

**မဆွေဆွေသင်း(ခ)မစီစီသင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၆၀၂၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိန်မြင့် ၁၃/ပလန(နိုင်) ၀၃၉၉၀၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၆၅၇၄၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၁၉၆၃ GB L.T (1) Ton P/U(4×2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၉/အမရ(နိုင်)၁၄၄၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၁၄၈၂၁ ယာဉ်မှတ်ပုံတင် အမည်ပေါက်သူ Toyomax Trading က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၇/၄)၊ လူနေရပ်ကွက်အမှတ် (ရွှေပင်လုံအိမ်ရာ)၊ ရတနာနှင်းဆီလမ်း၊ အိမ်အမှတ် (A1)၊ မြေကွက်အမှတ်(၁)၊ အကျယ်အဝန်း (၈၀ပေ× ၇၀ပေ)ရှိ ဒေါ်ခင်စောမြင့် (၁၃/လစန(နိုင်)၀၀၃၁၃၁)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးကျော်(ခ)မိုးကျော်သူ (၁၂/တမန (နိုင်) ၀၇၆၅၇၅) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၃၆)၊ ပြည်တော်သာရပ်၊ ဦးပိုင်အမှတ်၂၈၃၊ မြေယာအမှတ်၂၂၈၊ မြေဧရိယာ ၀ဒသမ၉၃ဧကရှိမြေကွက်အား ဒေါ်သိန်းရင်အမည်ဖြင့် ဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်အား ဦးပိုင်အမှတ် ၂၈၃-က၊ ၂၈၃-ခအား၊ မွေ့ကမ်းစာချုပ်အမှတ် ၂၃၀/၂၀၁၇၊ စွန့်လွှတ်စာချုပ်အမှတ် ၂၃၁/၂၀၁၇နှင့် အရောင်းအဝယ်စာချုပ် အမှတ် ၂၃၂/၂၀၁၇အရ မြေဧရိယာ ၀ဒသမ၀၄၆၅ဧကကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေ့ကမ်းစာချုပ်၊ အပြီးအပိုင်စွန့်လွှတ်စာချုပ်နှင့် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်အား ဦးပိုင်ခွဲ၊ အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ခင်ညွန့်နှင့်ဒေါ်မာမာနွယ် တို့မှဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဒေါ်ခင်ညွန့်**
**၉/မမန(နိုင်)၀၅၆၄၆၀**
**ဒေါ်မာမာနွယ်**
**၉/ပသက(နိုင်)၀၆၅၃၉၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)** **ဒေါ်ခင်မာကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂)၊ (B-4)၊ မေခလမ်း၊ (၃)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၁၈၉၃၉၉၊ ၀၉-၇၉၅၃၆၁၉၂၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5664 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/3726 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/6295 Mitsubishi Minicab V62 Van (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဟိန်းသက် ၅/ရဘန(နိုင်)၁၂၆၃၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9745 Toyota Dyna XZU 306 Van (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးထူးထူးအောင် ၉/ခအဇ(နိုင်)၀၀၇၄၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/3923 Mitsubishi Cantar FE83PE Light Truck (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၅/ခဥန(နိုင်)၀၁၅၅၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/1988 Hline Thit Light Truck (1)Ton, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးအောင်ချို ၁၂/ကမရ(နိုင်)၀၁၀၇၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွင်းအမှတ် (၇၀)၊ ဦးပိုင်အမှတ်(၁၃၇/၂)၊ ဧရိယာ ၀ ဒသမ ၄၅၀ ဧကရှိမြေကွက်အား ဒေါ်နန်းရွှေ ၁/မကန(နိုင်)၀၀၇၁၃၉ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ ကွင်း/အကွက်အမည် (၁၅/ဘောဂဝတီ)၊ ဦးပိုင်အမှတ် (၁၈-က)၊ မြေဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် (၅၇/၁၉၉၄-၁၉၉၅)ဖြင့် ဦးလှမြင့်-ဒေါ်သန်းသန်းဆွေနှင့် (မောင်)ဦးဇော်ဝင်း အမည်ပေါက် နှစ် ၃၀ ဂရန်ပိုင်းမြေကွက်ဖြစ်ပြီး ၎င်းမြေကွက်အား ဦးဇော်ဝင်းနှင့် (တူမ) ဒေါ်သီသီအောင်တို့(၂)ဦးအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက မြေငှားဂရန်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း ၉/ကဆန(နိုင်)၀၅၆၁၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၅၃၊ မြေကွက်တည်နေရာအမှတ် ၁၁၅၃၊ (၁၃)ရပ်ကွက်၊ မြေတိုင်းလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးဇော်ဝင်း ၁၂/မရက(နိုင်)၀၁၉၄၃၃ အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းရီ ၁၂/မရက(နိုင်)၀၁၉၃၆၄ မှ ဦးဇော်ဝင်းအမည်ဖြင့် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် အခြားအမွေဆက်ခံခွင့်ရှိသူတစ်စုံတစ်ရာမရှိကြောင်း တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ဦးချမ်းသာ ၁၂/မရက(နိုင်)၁၂၁၉၅၈နှင့်ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၀၆၈၇၈၁ တို့မှ ဦးဇော်ဝင်းအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ ဒေါ်စန်းစန်းရီမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်း အခြားအမွေဆက်ခံခွင့်ရှိသူတစ်စုံတစ်ရာမကျန်ရှိသည်မှာ မှန်ကန်ကြောင်း ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တစ်ထပ်အုတ်ကာ၊ သွပ်မိုးအဆောက်အအုံရှိ၍ အိမ်ငှား ဦးနေဝင်းမိသားစု နေပါသည်။ အိမ်ငှားထားရှိခြင်းနှင့်ပတ်သက်၍ ဝင်စာ ၂၅၇၂၊ ၁၄-၃-၂၀၁၈ ဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝန်ခံချက်တင်ပြလာပါသည်။ သို့ပါ၍ ဒေါ်စန်းစန်းရီမှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

# ယူဟုံကျက်(ခ)ဦးဟုန်ကြွက်

## (သုံးခွမြို့)

## စိန်မှန်ကားမှန်ကုမ္ပဏီ

## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ အမှတ် (၄၃၇/ခ)နေ ဦးစိန်ဝင်း-(ဒေါ်မော်မော်ဝင်း)၊ ဦးစိန်မြင့်-ဒေါ်ကြည်ထွေး၊ ဦးစိန်ဝင်း-ဒေါ်အေးသန်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်မောင်တင်-ဒေါ်သန်းကြူ၊ ဒေါ်ချိုချိုစမ်း၊ ဦးကျင်တိုးလွင်-ဒေါ်နုနုအေး၊ ဦးဇော်မိုးလွင်-ဒေါ်နှင်းဖြူဖြူဆန်း၊ ဒေါ်သင်းသင်းမော်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက်(အင်္ဂါနေ့)တွင် နေအိမ်မှ ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

မောင်ရဝေထွန်း (ဘ)ဦးပန်း ၁၄/ကလန(နိုင်)၁၀၄၅၇၉နှင့် မခင်သက်ဆွေ (ဘ)ဦးသင်း ၉/မခန(နိုင်)၁၅၂၇၃၇တို့သည် ၂၄-၄-၂၀၁၈ရက်တွင် မခင်သက်ဆွေ၏ တောင်းဆိုမှုများကို လိုက်လျောပေးအပ်ပြီးဖြစ်သဖြင့် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခြင်းကို မြောက်ဥက္ကလာပမြို့နယ်၊ ဒု-မြို့နယ်တရားသူကြီး (၁)ရုံးတော်၌ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်၍ နောက်နောင်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မောင်ရဝေထွန်းနှင့် ၎င်း၏မိသားစုဆွေမျိုးသားချင်းများအပေါ် ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ပြုမူပြောဆိုခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ရဝေထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်မိုးလှိုင် B.Sc(Chemas),H.G.P** **ဒေါ်စိုးစိုးနိုင် LL.B,D.I.L,WIPO**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် (၃၄၉)၊ မဥ္ဇူလမ်း၊ ၁ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ စျေးတန်းရပ်ကွက်၊ အကွက်အမှတ် ၂၇၊ စျေးတန်းကွက်၊ ဦးပိုင်အမှတ် ၈၈၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြို့မြေအမှုတွဲအမှတ် ၆/၁၉၇၅-၁၉၇၆ ဖြင့် ဦးတင်အောင်အမည်ပေါက် နှစ် ၃၀ ဂရန်ပိုင်းမြေကွက်ဖြစ်ပြီး ၎င်းမြေကွက်အား အပိုင်ဝယ်ယူသူ ဦးလှသန်းမှ မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှသန်း**
**၉/ကဆန(နိုင်)၀၄၈၅၆၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ ကွင်း/အကွက်အမည် (၁၅/ဘောဂဝတီ)၊ ဦးပိုင်အမှတ် ၈-က၊ မြေဧရိယာ ၀ဒသမ ၀၉၄ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၈၃/၁၉၉၄-၁၉၉၅ ဖြင့် ဒေါ်အေးကြည်အမည်ပေါက် နှစ် ၃၀ ဂရန်ပိုင်းမြေကွက်အား သားဖြစ်သူ ဦးဇော်ဝင်းမှ ၎င်းအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်သစ်လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက မြေငှားဂရန်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း ၉/ကဆန(နိုင်)၀၅၆၁၀၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ် BB/မြနန္ဒာရပ်၊ ဦးပိုင်အမှတ် ၁၅၈/ခ၊ မြေယာအမှတ် (158-B)၊ မြေဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ မြေကွက်အား မြေငှားဂရန် ကျန်အပိုင်းဂရန်လျှောက်ထားနိုင်ရေး ဦးပွား ၉/မမန(နိုင်)၀၈၅၂၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် ၁/ပဒေသာရပ်၊ ဦးပိုင်အမှတ် ၂၂၊ မြေယာအမှတ် 22၊ မြေဧရိယာ ၀ ဒသမ ၀၄၆ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ချိုချိုမာ ၉/မနတ(နိုင်)၀၅၁၅၆၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း

ဒေါ်ငယ်မမသန်း ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူစဉ်ကာလများအတွင်း မေတ္တာ စေတနာ ကြီးမားစွာဖြင့် ဂရုတစိုက်ကြပ်မတ်ကုသပေးကြပါသော ခုတင် -၅၀၀ အထူးကုဆေးရုံကြီးနှင့် ပင်လုံဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလုံး၊

ပင်လုံအထူးကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ်ကာလအတွင်း တရားရေအေး ဓမ္မဆေးများ တိုက်ကျွေးပေးပါသော ဆရာတော် အရှင်သူမြတ်အပေါင်းတို့အားလည်းကောင်း၊

လူကိုယ်တိုင်ဖြစ်စေ၊ Facebook နှင့် လူမှုကွန်ရက်စာမျက်နှာများမှ နေ့စဉ်ကျန်းမာရေးအခြေအနေကို စောင့်ကြည့်လျက် ဆုတောင်းမေတ္တာ ပို့ပေးခြင်းနှင့် အစစအရာရာ အကူအညီပေးကြကုန်သော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊

နာရေးသို့တက်ရောက်လာသော သံဃာတော် အရှင်သူမြတ်များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသားမျိုးဆက်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဆွေသူငယ်ချင်းများ၊

နာရေးကိစ္စအဝဝအတွက် အစစအရာရာ အဆင်ပြေ ချောမွေ့စေရန် ကူညီစောင့်ရှောက်ပေးကြသော ရန်ကင်းမြို့နယ်မှ တာဝန်ရှိသူများအားလုံး၊ ရေဝေးသုသာန်မှ စည်ပင်သာယာရေးဝန်ထမ်းများအားလုံး၊

မိသားစုနှင့်ထပ်တူ ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းခြင်းများပေးပို့ကြသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အစ်မကြီးဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ မိသားစုများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအားလည်းကောင်း၊

ရက်လည်ဆွမ်းကျွေး တရားတော် နာယူနိုင်သည်အထိ အဘက်ဘက်မှ ကူညီပံ့ပိုးကြသည့် မိတ်ဆွေသင်္ဂဟအပေါင်းအား······ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၄)ရပ်ကွက်၊ ကွင်းအမှတ် (၁၉၈/၂၂၇)၊ ဦးပိုင်အမှတ် (၁၃၊၂၅^က/၂)၊ မြေကွက်အမှတ် (၂၊ ၆၆၉/၁၃၆၈)၊ ဧရိယာ ၀ဒသမ၁၆၀၀ ဧကခန့်ရှိသောမြေကို ဦးမျိုးကျော်ဇော အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ် ၁၂/ညံတောအနောက်တောင်)၊ ဦးပိုင်အမှတ် (၄/ခ)၊ မြေယာအမှတ် (4-B)၊ မြေဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ ဂရန်မြေကွက်အား ဦးစိုးညွန့်၊ ဒေါ်စန်းစန်းရီ (၂)ဦး အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေကွက်တွင် အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် အခြားဆက်စပ်သော ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး ဦးစိုးညွန့် ပါ(၂)ဦး ၉/မမန(နိုင်)၀၁၃၆၁၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံးသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးညွန့် ၉/မမန(နိုင်)၀၁၃၆၁၁**
**ဗိုလ်ဆွန်ပက်ရိပ်သာ၊ လိုင်း(၆)၊**
**စစ်တက္ကသိုလ်၊ ပြင်ဦးလွင်မြို့**

စာအုပ်စာပေလှူ့ မိတ်ဆွေ

## ကျေးဇူးတင်လွှာ

ဦးမောင်မောင်သန်း (ဒုဥက္ကဋ္ဌ၊ အနောက်ပိုင်းခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်-၂)၏ နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ကားများကို စီစဉ်ဆောင်ရွက်ပေးသော လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အနောက်ပိုင်းခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှအဖွဲ့ဝင်များ၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတက်ဖြိုး (ငါးသိုင်းချောင်း၊ ကမ်းနီ)

**အသက်(၈၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ-ဒေါ်အေးပပမိုးတို့၏ ချစ်လှစွာသောဖခင် ဦးတက်ဖြိုး အသက်(၈၇)နှစ်သည် ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၉း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်-ဒေါ်သန်းသန်းဌေး**

**(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတက်ဖြိုး

**အသက်(၈၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ-ဒေါ်အေးပပမိုးတို့၏ဖခင် ဦးတက်ဖြိုး အသက်(၈၇)နှစ်သည် ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံကိန်းဒါရိုက်တာနှင့်**

**Project Management Unit (PMU) ဝန်ထမ်းများ**

**မအူပင်-ဖျာပုံလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှတင့် (ကျောက်ဖြူ)

**အသက်(၈၃)နှစ်**

ဗိုလ်မှူးဝင်းမြင့်ဇော်(ငြိမ်း)ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်စိုးစိုးမြင့်(ဆရက ၂/၁၀၀၀)တို့၏မိခင် ဒေါ်လှတင့်သည် ၂၇-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**

**သူငယ်ချင်းများနှင့်မိသားစုများ**

## ပါမောက္ခ ဒေါက်တာဦးမင်းဆွေ (အရေပြား)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးဘသန်း-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်ခင်ပြုံးရင်၏ခင်ပွန်း၊ ဦးကျော်မင်းဆွေ-ဒေါ်ခင်သန်းမေ၊ ဦးဝင်းမင်းဆွေ-ဒေါ်ဝါဝါမြင့်၊ ဦးရဲမင်းဆွေ-ဒေါ်ခင်မျိုးမျိုးသိန်း၊ ဦးခိုင်မင်းဆွေ-ဒေါ်ဆွေဇင်စိုး၊ ဦးလှိုင်မင်းဆွေ-ဒေါ်မြစန္ဒီထွန်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မြလေးဝေ(ခ)မီးငယ်

**အသက်(၅၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(ဂ)ရပ်ကွက်၊ ဥက္ကာ ၃လမ်း၊ အမှတ် ၅၄နေ (ဆရာဦးသိန်းဝေ-ဆရာမဒေါ်နီနီမြင့်)တို့၏သမီး၊ ဒေါ်မြစန်းကြည်၊ ဦးမောင်မောင်ကျော်ဆန်း-ဒေါ်သွယ်သွယ်လင်းတို့၏ညီမ၊ Bishop ဦးမြတ်ဆန်း(အောက်မြန်မာပြည် မက်သဒစ်အသင်းတော်)-Rev. ဒေါ်ဆိုင်းမိုင်တို့၏အစ်မ၊ မောင်မြတ်မင်းဆိုင်၊ မောင်မောင်ကောင်းမြတ်ဆိုင်၊ မောင်မိုးတိမ်ဆိုင်တို့၏အန်တီလေးသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၁း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးသန့်ဇင်မောင်(ငြိမ်း)

**တေဇ-၂၉**

**အသက်(၃၇)နှစ်**

ဒေါ်ခင်မျိုးကြည်ဝင်း၏ ခင်ပွန်းဖြစ်သူ ဦးသန့်ဇင်မောင်သည် ၂၆-၄-၂၀၁၈ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်း**

**အမှတ်စဉ်(၂၉)မှ သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါက်တာဒေါ်ခင်တင့် (မြင်းခြံ)

**M.B.,B.S (RGN), D.T.M & H (LOND) F.R.C.P (EDIN)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ မာလာလမ်းသွယ်၊ အမှတ် ၆၁၅ (D)နေ(ဆရာကြီး ဦးသာဓံ-ဒေါ်အေးမြင့်)တို့၏သမီး၊ ဦးတင်အောင်မြင့်၏အစ်၊ ဒေါက်တာသန်းဝင်း(MD,Concordia Int'L Co.,Ltd)-ဒေါ်မီမီဝင်း (Director, Concordia Int'L Co.,Ltd.)၊ ဦးလှမင်း(Australia)တို့၏မိခင်၊ Brandon Maung Coin(ခေတ္တ-USA)၊ Amy Mi Mi Win(ခေတ္တ-USA) တို့၏ဘွားဘွားကြီးသည် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၂း၅၃နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေရီမြ(ခ)ဒေါ်ပေါက်ပေါက် (ကျောက်ဖြူမြို့)

**အသက်(၇၄)နှစ်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၂၀၂၊ အခန်း ၃၂နေ ဦးဘသောင်း(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကျောက်ဖြူမြို့နေ(ဦးမြငြိမ်း-ဒေါ်ဝေမဦး)တို့၏သမီး၊ (ဦးဖိုးသန့်-ဒေါ်စိန်ရင်)တို့၏သမီးချွေးမ၊ ဦးမျိုးညွန့်အောင်(ဒုညွှန်မှူး၊ လျှပ်စစ်)-ဒေါ်နွယ်နီဦး၊ (မောင်အောင်မိုး)-မရီရီသာ၊ (မောင်အောင်သိန်းစိုး)၊ ဦးအောင်သိန်းဇော်(MITT)၊ ဒေါ်နီနီစိုးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇော်မိုးဦး၊ ဗိုလ်မှူးစိုးလင်းနောင်-မအိမ့်မွန်အောင်၊ မောင်ရဲထွဋ်ဇော်၊ မောင်နေဗလ၊မောင်သီဟဇော်မင်းတို့၏အဘွားသည် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း(ခ)အပု

**အသက်(၇၃)နှစ်**

ပြည်မြို့၊ စစ်ကဲလမ်း၊ အမှတ် ၄၂၈နေ (ဦးလှမောင်-ဒေါ်ညွန့်ခင်)တို့၏သမီး၊ ဦးမောင်မောင်၏အစ်မ၊ ဦးဉာဏ်လင်းအုန်း-ဒေါ်ခင်မျိုးမျိုးသန်း(မျိုးမျိုးကျော် ကိုရီးယားဆွဲသားဆိုင်)၊ ဒေါက်တာထိန်ဝင်း-ဒေါ်ခင်စိုးစိုးသန်း(ပြည်-ဒေါ်ဥထမင်းသုပ်ဆိုင်၊ ဗဟိုလမ်း၊ လှည်းတန်း၊ ရန်ကုန်)၊ ဦးမျိုးမင်းသန်း-ဒေါ်ဖြူဖြူကျော်၊ ဒုတိယဗိုလ်မှူးကြီးရဲရင့်သွေး(ငြိမ်း)(Biker ဆိုင်ကယ်အမျိုးမျိုးရောင်းဝယ်ရေး) - ဒေါ်ခင်မိုးမိုးသန်း(မျိုးမျိုးကျော် ပိုးထည်နှင့်ဖက်ရှင်)တို့၏ ချစ်လှစွာသောမိခင်၊ ကိုကျော်သက်ခိုင်-မအိမ့်သူမင်း၊ မောင်သန့်ဇင်မင်း၊ မောင်နေနန္ဒအောင်၊ မောင်အောင်ဘုန်းပြည့်၊ မကြည်ဖြူစင်၊ မခင်ပတ္တမြားသွေး၊ မမြယွန်းဖြူသာ၊ မောင်ဘုန်းမြတ်ရွှေသွေးတို့၏အဘွား၊ မောင်ဘုန်းသန့်မင်းထက်၏ဘွားဘွားကြီး၊ ဦးခင်မောင်သန်း (ပြည် ရွှေဆံတော်ဘုရားအုပ်ချုပ်ရေးမှူး၊ ငြိမ်း)၏ဇနီးသည် ၃၀-၄-၂၀၁၈ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ အေးငြိမ်းရာသုသာန်(ပြည်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၆နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝင်း

### ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်

**အသက်(၅၅)နှစ်**

ဒေါက်တာသန်းဝင်း (ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်) သည် ၂၈-၄-၂၀၁၈ရက်(စနေနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ**

**နှင့် မော်လမြိုင်တက္ကသိုလ်မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသန်းဝင်း

**ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်**

**အသက်(၅၅)နှစ်**

ပဲခူးတက္ကသိုလ်တွင် (၂၀၀၉မှ ၂၀၁၁)ခုနှစ်အထိ ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် မအူပင်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းသည် ၂၈-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတက္ကသိုလ်မိသားစု**

## ဦးအောင်နိုင် အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က(၄)လမ်း၊ အမှတ် ၂၆၂နေ(ဦးဘသောင်း)-ဒေါ်ခင်ခင်အေးတို့၏သား၊ ဦးဉာဏ်နိုင်(2/E Tosco)-ဒေါ်စိုးစိုးသောင်း (J.A.T-ငြိမ်း)တို့၏မောင်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်သောင်း (လက်ထောက်ညွှန်မှူး၊ ဓာတုဗေဒစစ်ဆေးရေး၊ ပြည်ထဲရေးဝန်ကြီးဌာန)၊ (ဦးသစ်လွင်ဇော်) - ဒေါ်ယဉ်ယဉ်သောင်း၊ ဦးဘိုလင်း-ဒေါ်ယဉ်မင်းသောင်း၊ ဦးထွန်းနိုင်၊ ဦးသန်းထွန်းနိုင်-မစန္ဒာမင်း၊ ကိုကျော်ကျော်နိုင်(Second Mate)-မဆန်လွန်းကြိမ်တို့၏ အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအောင်ဆန်းဦး(ခ) အောင်ဆန်းထန်

**(ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော် ရန်ကုန်၏အသင်းသား)**

**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၃) ရပ်ကွက်၊ မင်းရဲကျော်စွာ ၅လမ်းနေ ဦးပိုင်ထန်း - ဒေါ်ဘုံရိုင်း(ခ)မခင်လှတို့၏သား၊ မခင်မာဦး၏အစ်ကို၊ ဒေါ်အဲလီ၏ခင်ပွန်း၊ မောင်ဒေးဗစ်လုံထန်း၏ဖခင်သည် ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [နေအိမ်၊ အင်းစိန် ပန်းခြံလမ်း၊ သမိုင်းလမ်းဆုံ၊ မြောက်ဒဂုံကျောင်းကွေ့မှတ်တိုင်(ဗထူးလမ်း)နှင့်ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်(ရန်ကုန်)တို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်အေးအေးမြင့်

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အနောက်ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်အေးလမ်းသွယ်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက် ၁၊ အခန်း ၃၀၁နေ (ဦးဘအောင်-ဒေါ်ထု)တို့၏သမီး၊ ဦးမင်းဆွေ(ဒု-ညွှန်မှူး၊ စ·စ·စ၊ ငြိမ်း)၏ဇနီး၊ ဦးသိန်းတိုး-ဒေါ်ထားထားဦး၊ (ဦးတင်ကိုကို-ဒေါ်အေးအေးမြင့်)၊ ဦးတင်တင်ကို-ဒေါ်ပပဝင်း၊ ဦးစိုးမင်းအေး၊ ဦးမိုးမင်းအေး(Yangon Airways)-ဒေါ်ခိုင်ယဉ်မွန်တို့၏မိခင်၊ မောင်ရဲမြင့်သူ (ပထမနှစ်၊ ဒဿနိကဗေဒ)၊ မစုနန္ဒာတင် (နောက်ဆုံးနှစ်၊ ကွန်ပျူတာ)၊ ဆုအိန္ဒြာမင်း(တတိယတန်း)၊ မဆုန္ဒရီမင်း (သူငယ်တန်း)တို့၏ အဘွားသည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုရဲမှူးစိုးလွင် (ငြိမ်း)

**ကျွန်းလှမြို့**

**အသက်(၇၃)နှစ်**

ရေနံချောင်းမြို့နေ(ဦးတင့်-ဒေါ်မမ)တို့၏သား၊ (ဦးပါ)-ဒေါ်ညွန့်ခင်တို့၏မောင်၊ ဦးတင်အောင်-ဒေါ်သိန်းမြတို့၏အစ်ကို၊ ဒေါ်လီလီ၏ခင်ပွန်း၊ မကေသီ၊ မနော်ဇာ၊ (မင်းဥက္ကာလွင်)တို့၏ဖခင်သည် ၂၉-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၈ရက်တွင် ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ အမှတ် ၁၄၇၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနွယ်

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၉) ရပ်ကွက်၊ ထင်းရှူးမြိုင်လမ်း၊ အမှတ် ၁၀နေ (ဦးမောင်ရွှေ)-ဒေါ်အေးရီတို့၏သမီး၊ (ဦးစိုးမြင့်)-ဒေါ်ခင်ဝင်း၊ ဦးနုတင်-ဒေါ်အေးအေးမြင့်၊ ဦးနေဝင်း၊ ဦးသန်းနိုင်-ဒေါ်မြင့်မြင့်ခင်တို့၏ ညီမ၊ ဒေါ်ဝင်းဝင်းရီ၏အစ်မ၊ မောင်အောင်ဟိန်းဦး၊ မောင်ချမ်းမြေ့ထွန်း၊ မောင်ဉာဏ်လင်းထက်တို့၏မိခင်၊ ဦးစံအောင်၏ဇနီးသည် ၃၀-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန့်လွင်(ခ)ဂျော်နီ

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၅နေ ဦးခင်ညွန့်-ဒေါ်တင်ကြည်တို့၏သား၊ ဦးအောင်ကျော်ဦး-ဒေါ်စန်းစန်းရီ၊ ဦးနေဝင်း-ဒေါ်သူဇာအေး၊ ဦးကျော်မင်းဝင်း - ဒေါ်နုနုယဉ်တို့၏ ညီ/မောင်၊ မောင်အောင်ဇေမောင်-မဇင်မာနေဝင်း၊ မမေဇင်နေဝင်း၊ မောင်ကောင်းမင်းခန့်၊ မောင်မင်းဟိန်းခန့်၊ မောင်သန့်မင်းညို တို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၈ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မဝေနု

**စစ်တွေတက္ကသိုလ်**

**ရှာကြီးလမ်း၊ ရှာကြီးမြောက်ရပ်ကွက်**

**နာရေးကူညီမှုအသင်းဝင်(စစ်တွေ)**

**အသက်(၄၁)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှာကြီးမြောက်ရပ်ကွက်၊ရှာကြီးလမ်းနေ နာရေးကူညီမှုအသင်းဝင်(စစ်တွေ) ဒေါ်မဝေနုသည် ၂၇-၄-၂၀၁၈ရက် မွန်းလွဲ ၁း၄၅ နာရီတွင် စစ်တွေဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**တိုက်ကြပ်ဆရာတော်**

## ဘဒ္ဒန္တကောသလ္လ

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ မိုးကောင်းတိုက်၊ သာသနာလင်္ကာရကျောင်း တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်ကြီးသည် (၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၃ရက်) (သောကြာနေ့) ည ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၂ရက်) (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မိုးကောင်းတိုက် သာသနာလင်္ကာရကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

## ဦးလှမိုး

**B.A, B.L, B.C.S**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း)**

**စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက် ၃၇၊ အခန်း ၀၂၊ ရွှေအုန်းပင်အိမ်ရာ(၂)နေ ရွှေကူမြို့(ဦးညီ-ဒေါ်ရင်)တို့၏သား၊ (ဒေါ်ညွန့်ညွန့်ဝင်း၊ ပျော်ဘွယ်)၏ခင်ပွန်း၊ ဦးနိုင်ဦး-ဒေါ်ရီရီခိုင်၊ ဦးရဲအောင်-ဒေါ်ဥမ္မာထွန်း၊ (ဦးခင်မောင်မောင်စိုး-ဒေါ်ယုယုမိုး)၊ ဦးကျော်သူသန်း-ဒေါ်နုနုမိုး၊ ဒေါ်ခိုင်ခိုင်မိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝင့်ဖြိုးမောင်-မမေမြတ်ဖြူစင်၊ မကေသီကျော်သူသန်း၊ မယဉ်ဝင်းသူ၊ မောင်ဇင်မင်းထက်၊ မအေမီကျော်သူသန်း၊ မောင်ရဲဂေါင်ကျော်၊ မောင်ရန်နိုင်ဦးတို့၏အဘိုးသည် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၄-၂၀၁၈ရက် ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးပေါသိန်း

**အသက်(၈၉)နှစ်**

မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်၊ ၂၁လမ်း၊ ၈၂×၈၃လမ်းကြား၊ အမှတ် ၄၄နေ ဦးဝင်းမော်၊ ဒေါ်ဝင်းမြင့်(အထက-၂၀)၊ (ဦးမြင့်လွင်)-ဒေါ်ခင်မြင့်ရီ၊ ဒေါ်ချိုချိုမြင့်၊ ဦးကြင်စိုး-ဒေါ်ချိုချိုမြ၊ (ဦးစိန်မြင့်)-ဒေါ်အိစန္ဒာဝင်း၊ ဒေါ်နီနီခိုင် (ရတနာပုံဈေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဒေါ်သိန်းဟန်)၏ခင်ပွန်းသည် ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း (ဘိုကလေး)

**ကုန်သွယ်/လယ်ယာ (ဒိုင်မှူး၊ ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် 22-A/4 နေ (ဦးဖိုးစိန်ပု-ဒေါ်လှိုင်)တို့၏သား၊ (ဒေါ်စောကြည်)၊ (ဦးသောင်းငွေ-ဒေါ်တင်ကြည်)တို့၏မောင်၊ ဦးသန်းလှိုင်-ဒေါ်အေးသွင်တို့၏အစ်ကို၊ (ကိုဝင်းဌေး)-မကြည်ကြည်အေး၊ မခင်သန်းဌေး(ခ)ဌေးဌေး၊ ကိုအေးစိုး-မမြင့်မြင့်ဝေ၊ ကိုသက်ကိုကို၊ မသီတာတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်မြသန်း၏ခင်ပွန်းသည် ၃၀-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ဦး

**အသက်(၇၈)နှစ်**

ဗိုလ်ကြီးမြတ်ကျော်(ငြိမ်း)၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဦးသည် ၂၇-၄-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းမိသားစုများ**

## ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)

**ကြည်း-၁၉၀၇၈**

**စီးပွား/ကူးသန်း**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၉၇ (မြေညီ)နေ (ဦးသိန်း-ဒေါ်ငွေရှင်)တို့၏သား၊ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ ကိုလဗွန်လုံးဝါ-မယဉ်မင်းဖြူ၊ ကိုငြိမ်းချမ်းကိုကို၊ ကိုဇင်ကိုကိုထက်-မယမင်းခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေမျိုးအောင်(ခ)အောင်အောင် A.G.T.I (MT)

**အောင်စာပေ(ထားဝယ်)**

**အသက်(၅၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တွင်းရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၁၈နေ ဦးအောင်မင်း-ဒေါ်ရီရီတို့၏သား၊ ဦးသန်းမောင်-ဒေါ်ကြည်ဝင်းတို့၏သားသမက်၊ ဒေါ်စန်းသီတာဇော်၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်သူခင်၊ မမိုးသက်ခင်တို့၏ချစ်လှစွာသောဖခင်၊ ဦးထွန်းမင်းအောင်၊ ဦးစိုးမင်းအောင်-ဒေါ်သန်းသန်းတို့၏ညီ၊ ဦးဟန်ဝင်းအောင်၊ ဦးနေဝင်းအောင်-ဒေါ်ချိုချိုမြင့်၊ ဦးအေးမင်းအောင်တို့၏အစ်ကို၊မနေမြတ်မြတ်သွယ်၊မောင်အောင်ကိုကိုထက်၊မနေသက်နွေး၊ မယွန်းဟေမာန်အောင်၊ မောင်နေမျိုးဆက်လူတို့၏ဦးလေးသည် ၃၀-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၆း၁၅နာရီတွင် ထားဝယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ထိန်ပင်အမှိုက်ပုံမီးလောင်မှု ဇုန်အလိုက်သတ်မှတ်ငြိမ်းသတ်ရာ အောင်မြင်ထိရောက်မှုရှိ



လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက **Bio Foam** အသုံးပြု၍ ကြိုးစားငြိမ်းသတ်နေစဉ်။

**ရန်ကုန်  ဧပြီ  ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို ဇုန်အလိုက်သတ်မှတ်၍ ငြိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိပြီး ယနေ့တွင် မူလသတ်မှတ်ထားသည့် အတိုင်း (B)ဇုန်ကို အပြီးသတ်ငြိမ်းသတ်နိုင် ခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

"မနေ့တုန်းကတော့ (A)ဇုန်ကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ပါတယ်၊ ဒီနေ့မှာတော့ သတ်မှတ်ထားတဲ့အတိုင်း (B) ဇုန်ကိုငြိမ်းသတ်တာပါ၊ တကယ်ပဲ ပင်ပင်ပန်းပန်းလုပ်ရမယ်လို့ ထင်ထားတဲ့အတိုင်း လက်တွေ့မှာလည်းလုပ်ရတာ ပင်ပန်းကြပါတယ်၊ (B)ဇုန်ဟာတောင်ကုန်းလိုဖြစ်နေတဲ့ အမှိုက်ပုံအနေအထားကြောင့် Bio Foam ကို အဓိကသုံးပြီး ငြိမ်းသတ်ခဲ့ရပါတယ်၊ သတ်မှတ်ထားတဲ့ အချိန်အတိုင်း ပြီးသလောက် ဖြစ်သွားပါပြီ၊ ဒီကနေ့မှာ (B)ဇုန်ကို အပြီးသတ်ငြိမ်းမယ်ဆိုတဲ့အတိုင်းပဲ ငြိမ်းသတ်နိုင်ခဲ့ပါတယ်၊ နောက်တစ်နေ့မှာ ငြိမ်းသတ်ရမယ့် (C) ဇုန်ရဲ့ဧရိယာကို ကြည့်တဲ့အခါမှာလည်း သတ်မှတ်ထားတဲ့အတိုင်း အပြီးပြတ်ငြိမ်းသတ်နိုင်မှာပါ၊ အဲဒီလိုပဲကျန်တဲ့ (D) ဇုန်ကိုလည်း တစ်ရက်ကိုတစ်ဇုန်နှုန်းအလိုက် သတ်မှတ်အချိန်အတိုင်း အပြီးပြတ်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁*

## အာဆီယံ ယူ- ၁၆ အမျိုးသမီးပြိုင်ပွဲ အဖွင့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

**ရန်ကုန်  ဧပြီ  ၃၀**

၂၀၁၈ အာဆီယံယူ- ၁၆ အမျိုးသမီးပြိုင်ပွဲကို မေ ၁ ရက် **(ယနေ့)** တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ ယင်းပွဲကို မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် အင်အားအတောင့်တင်းဆုံးဗီယက်နမ်အသင်းနှင့် စတင်ကစားရခြင်းဖြစ်ပြီး ရလဒ်ကောင်းရရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ပြိုင်ပွဲအကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းက "ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု အချိန်က ကစားသမားတွေရဲ့စာမေးပွဲတွေနဲ့ တိုက်ဆိုင်နေတာကြောင့် ပြင်ဆင်ချိန် တိုတောင်းခဲ့ပါတယ်၊ ဒါပေမယ့် ဒီပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်မှာပါ"ဟု ပြောကြားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် မေ ၅ ရက်တွင် မလေးရှား၊ မေ ၇ ရက်တွင် စင်ကာပူ၊ မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

## နိုင်ငံကူးလက်မှတ်ပြုလုပ်ရာတွင် တန်းစီစောင့်ဆိုင်းနေရသော အခက်အခဲများ ကြုံတွေ့နေရဟုဆို

**ရန်ကုန်  ဧပြီ  ၃၀**

ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ အလုပ်သမားခေါ်ယူမှုကြောင့် သင်္ကြန်ကာလနောက်ပိုင်းတွင် ပြည်ပ၌အလုပ်လုပ်ကိုင်လိုသူ၊ ဗီဇာသက်တမ်းတိုးသူတို့ဖြင့် ရန်ကုန်မြို့ စက်မှု ၁ လမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှေ့တွင် စည်ကားလျက်ရှိရာ ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါရုံးရှေ့တွင် နိုင်ငံကူးလက်မှတ် ပြုလုပ်သူတို့ဖြင့် ပြည့်ကျပ်လျက်ရှိပြီး တန်းစီစောင့်ဆိုင်းနေရသောကြောင့် ဝင်ပေါက်နှစ်ပေါက်ပြုလုပ်ထားရှိနိုင်ပါက နိုင်ငံကူးလက်မှတ်လျှောက်ထားသူသက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း နိုင်ငံကူးလက်မှတ်လျှောက်ထားသူတို့ထံမှ သိရသည်။

*စာမျက်နှာ ၆ ကော်လံ ၁*




**မြိတ်မြို့၌ ငွေကျပ်သိန်း ၉၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ** စာ » ၁၂

**ရန်ကုန်အသင်း အဝေးကွင်း၌ ဂိုးပြတ်နိုင်ပြီး ရာသီဝက်ချန်ပီယံဖြစ်** စာ » ၁၃



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၁၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




၁၈-၃-၂၀၁၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

# နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး မျှော်မှန်းချက်ကို ဦးထိပ်ထား၍ ဆောင်ရွက်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန

ခင်ရတနာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒေါ်အောင်ဆန်းစုကြည်

**နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး မျှော်မှန်းချက်(Vision)ကို ဦးထိပ်ထား၍ ဆောင်ရွက်နေသည့် ဝန်ကြီးဌာန ဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး မူကြီးငါးရပ်အပေါ် အခြေခံလျက် "လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ" ကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိပါသည်။**

လက်ရှိအစိုးရ တာဝန်ယူပြီးချိန်မှ စတင်ကာ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးခဲ့ပြီး အကောင်အထည်ဖော်ရာတွင် ချဉ်းကပ်ဆောင်ရွက်ပုံများကို ပြောင်းလဲခဲ့ပါသည်။

ပြည်သူကိုဗဟိုပြုသည့် သံတမန်ဆက်ဆံရေးကို အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးအတွက်သာမက အနီးအဝေးတွင်ရှိသည့် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်လည်း ချစ်ကြည်ရင်းနှီးမှု ပြန်လည်တည်ဆောက်ရေး၊ အာဆီယံနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ပြီး နိုင်ငံတော်၏ အကျိုးစီးပွားသာမက ဒေသအကျိုးစီးပွားအတွက်လည်း ဆောင်ကြဉ်းပေးနိုင်ရေး၊ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ဦးစားပေး လိုအပ်ချက်များနှင့်အညီ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များစွာရှိပြီး ယခုအစိုးရ၏ ဒုတိယ တစ်နှစ်တာသည် စိန်ခေါ်မှုများစွာ၊ နိုင်ငံတကာမျက်နှာစာပေါ်တွင် ဖြေရှင်းပေးရမှုများစွာကိုလည်း ပြုလုပ်ခဲ့သည်ကို မြင်တွေ့ရသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များနှင့် မကြာသေးမီက ဖွဲ့စည်းတည်ထောင်ထားခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို သိရှိနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုလုပ်ငန်းစဉ်တွေနဲ့ ဆောင်ရွက်နေသလဲဆိုတာ သိလိုပါတယ်ရှင့်။**

ဖြေ။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ လိုအပ်တဲ့ နိုင်ငံတကာရဲ့ ကူညီထောက်ပံ့မှုတွေ ရရှိရေးနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကြိုးပမ်းဖြေရှင်းတဲ့နေရာမှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှု ရရှိရေးအတွက် နိုင်ငံတကာနဲ့ ထိတွေ့ဆက်သွယ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

သံတမန်တွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ကမ္ဘာ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကူညီပံ့ပိုးပေးနိုင်ကြဖို့နဲ့ မိမိတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ပြည်တွင်းအမြင်နဲ့သာမက ပြည်ပအမြင်ကိုလည်း ထည့်သွင်းစဉ်းစားတဲ့ပုံစံမျိုးနဲ့ ပြောင်းလဲချဉ်းကပ်ပါတယ်။

ပြည်သူ့ဗဟိုပြုသံတမန်ရေး ချဉ်းကပ်မှုနဲ့အညီ နှစ်နိုင်ငံချစ်ကြည်ရေးမြှင့်တင်ရာမှာ အစိုးရချင်းဆက်ဆံရေးသာမက ပြည်သူချင်းဆက်ဆံရေးကို မြှင့်တင်ရေး၊ ပြည်သူများအကျိုး ကာကွယ်မြှင့်တင်

*အချပ်ပို (ခ) သို့*

**သံတမန်တွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ကမ္ဘာ့နိုင်ငံတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကူညီပံ့ပိုးပေးနိုင်ကြဖို့နဲ့ မိမိတို့နိုင်ငံရဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ပြည်တွင်းအမြင်နဲ့သာမက ပြည်ပအမြင်ကိုလည်း ထည့်သွင်းစဉ်းစားတဲ့ ပုံစံမျိုးနဲ့ ပြောင်းလဲချဉ်းကပ်**

*အချပ်ပို (က) မှ*

ရေးနဲ့ မိမိတို့ ရည်မှန်းချက်များအောင်မြင်ဖို့ ကြိုးပမ်းရာမှာ ပြည်သူတွေရဲ့စုပေါင်းအင်အားကို အသုံးပြုဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ ဒုတိယတစ်နှစ်တာအတွင်းမှာ ဘယ်လိုလုပ်ငန်းတွေကို ဦးစားပေးလုပ်ငန်းတွေအဖြစ် သတ်မှတ်ဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေကနေ နည်းပညာနဲ့ ဘဏ္ဍာငွေတွေ ကူညီပံ့ပိုးမှုတွေ ရရှိစေဖို့၊ ပြည်ပကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မြှင့်တင်ဖို့၊ နိုင်ငံတကာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်ကြွစွာပါဝင်ဖို့၊ နိုင်ငံတကာမျက်နှာစာမှာ မိမိတို့နိုင်ငံနဲ့ လူမျိုးတို့ရဲ့ ပုံရိပ်တွေ ပြန်လည်မြင့်တက်လာစေဖို့၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွေမှာ တိုးမြှင့်ပါဝင်ဖို့၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံသားဟောင်းတွေရဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ဖို့ စတာတွေကို ဦးစားပေးအနေနဲ့ ဒုတိယတစ်နှစ်တာအတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။

ရည်မှန်းချက်တွေ ပြည့်ဝဖို့အတွက် ကျွမ်းကျင်တဲ့ သံတမန်တွေလိုအပ်တာမို့ သံတမန်ဝန်ထမ်းတွေကို အင်အားတိုးချဲ့ခန့်အပ်တာ၊ သံတမန်တွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်တာတွေနဲ့ ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေမှာ သံတမန်အဆင့်နဲ့ ညီတဲ့ လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ကြဖို့ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်တဲ့ ဖြည့်ဆည်းပံ့ပိုးမှုတွေကို သိသိသာသာ တိုးမြှင့်ပြုလုပ်ထားခဲ့ပါတယ်။

**အထင်အမြင်လွဲမှားမှုတွေပေါ်ပေါက်လာ**

နိုင်ငံတကာဆက်ဆံရေး ကြိုးပမ်းမှုတွေကနေ သိသာတဲ့ အောင်မြင်မှုတွေရနေတဲ့အချိန် ရခိုင်ပြည်နယ် နယ်ခြားစောင့်လုံခြုံရေးတပ်တွေကို အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားတဲ့အချိန်ကစပြီး ဒုက္ခသည်အမြောက်အမြား တိမ်းရှောင်မှုဖြစ်ပေါ်လာခဲ့ပါတယ်။ သတင်းမီဒီယာတွေကနေ ချဲ့ကားထိုးနှက်မှုတွေ လွန်လွန်ကဲကဲ လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်ပြီး အမှန်အတိုင်း ဝေဖန်သုံးသပ်ပြရမယ်ဆိုရင် အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲကာလမှာ သိသာထင်ရှားတဲ့ တိုးတက်အောင်မြင်မှုတွေ ရရှိခဲ့ပေမယ့် ဒုတိယနှစ်ဝက်ပိုင်းမှာတော့ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက စိန်ခေါ်မှုတွေ၊ ဖိအားတွေကို နိုင်ငံတကာ မျက်နှာစာတွေမှာ တုံ့ပြန်ဖြေရှင်းတာတွေအပြင် မြေပြင်မှာ လက်တွေ့တိုးတက်မှု ပြနိုင်ဖို့ ကြိုးပမ်းပြီး နိုင်ငံတကာနဲ့ ဆက်ဆံရေးကို ပိုတိုးတက်ကောင်းမွန်အောင် အထူးအာရုံစိုက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။ လက်ရှိအစိုးရလက်ထက် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အခန်းကဏ္ဍမှာရော ဘယ်လိုပြောင်းလဲမှုတွေနဲ့ စိန်ခေါ်မှုတွေ ရှိလာပါသလဲရှင့်။**

ဖြေ။ ။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို တွဲဖက်တာဝန်ယူထားတဲ့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်မှုအခန်းကဏ္ဍက ပိုပြီးမြင့်မားလာခဲ့ပါတယ်။ အရပ်သားအစိုးရသစ် တာဝန်ယူလာခဲ့တဲ့အပေါ် ကမ္ဘာ့နိုင်ငံတွေက ကြိုဆိုထောက်ခံအားပေးလာခဲ့ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေ ပိုအောင်မြင်ဖို့ အစိုးရသက်တမ်း ပထမတစ်နှစ်ခွဲကာလမှာ ပံ့ပိုးကူညီမှုတွေ၊ အကူအညီကမ်းလှမ်းမှုတွေ တစ်ဟုန်ထိုးတိုးတက်များပြားလာခဲ့တာဟာ နိုင်ငံတကာ



၂၁-၄-၂၀၁၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။

ဆက်ဆံရေးကဏ္ဍအတွက် ထူးခြားတဲ့ ပြောင်းလဲတိုးတက်မှုဖြစ်ပါတယ်။

**ကြီးမားတဲ့စိန်ခေါ်မှု**

ဒုတိယနှစ်မှာလည်း စိန်ခေါ်မှုတွေ ကြီးကြီးမားမား ကြုံတွေ့နေရသည့်တိုင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှု အောင်မြင်ဖို့ ဆက်လက်အားပေးကူညီတာတွေကို ကမ္ဘာ့နိုင်ငံအများအပြားရဲ့ ကတိကဝတ်တွေ ရှင်သန်နေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း တာဝန်သိ နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့ လျော်ညီအောင် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့သဘောထားအမြင်တွေကို အလေးထားဆောင်ရွက်ဖို့ရှိပါတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းအခြေအနေ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် လုပ်ဆောင်ဖို့ရှိနေတဲ့အတွက် ဟန်ချက်ညီညီနဲ့ ဖြေရှင်းနိုင်ဖို့ဆိုတာ ကျွန်တော်တို့ဌာနရဲ့ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။

**မေး။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေးအနေအထား တိုးတက်ပြောင်းလဲမှုတွေ အကြောင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့နိုင်ငံတကာဆက်ဆံရေး အခြေအနေဟာ အစိုးရသစ်တက်ပြီးကာစကနေ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု စတင်ပေါ်ပေါက်တဲ့ အချိန်ကာလနဲ့ အဲဒီကာလနောက်ပိုင်းအခြေအနေဆိုပြီး နှစ်ပိုင်းခွဲရှုမြင်ဖို့တော့ လိုအပ်ပါတယ်။

**နားလည်ယုံကြည်မှုတည်ဆောက်**

ပထမအနေအထားကတော့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေကို ဆက်လက်ခိုင်မာစေဖို့ တိုးမြှင့်တည်ဆောက်နိုင်ခဲ့တဲ့အပြင် ဖွံ့ဖြိုးရေး မိတ်ဖက်သစ်နိုင်ငံတွေဖြစ်တဲ့ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပြန်လည်မြှင့်တင် တည်ဆောက်နိုင်ခဲ့ပါတယ်။ ပထမနှစ်အတွင်း အမေရိကန်ပြည်ထောင်စုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှုတွေအားလုံးကို ဖယ်ရှားနိုင်ခဲ့ပါတယ်။ အလားတူပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို ပိုမိုခိုင်မာစေနိုင်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုအပြင် အပြန်အလှန်နားလည်ယုံကြည်မှုကိုလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။

**ထူးခြားတဲ့အောင်မြင်တိုးတက်မှု**

ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့တဲ့ အကျိုးဆက်အနေနဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဥရောပသမဂ္ဂက ၁၉၉၁ ခုနှစ်ကစတင်ပြီး နှစ်စဉ်တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းတင်သွင်းမှုကို ၂၀၁၆ ခုနှစ်မှာ အဆုံးသတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တာဟာ ပထမနှစ်အတွင်း ထူးခြားတဲ့အောင်မြင်တိုးတက်မှုလို့ ဆိုနိုင်ပါတယ်။

**ဆက်လက်ထိန်းသိမ်းထားနိုင်**

ဒါပေမယ့် အစိုးရသက်တမ်း ဒုတိယနှစ်အတွင်းမှာတော့ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးတွေ ပိုပြီးခိုင်မာအောင် တိုးမြှင့်နိုင်ခဲ့ပေမယ့် ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် လူတွေအများအပြား တိမ်းရှောင်မှုတွေ ဖြစ်လာခဲ့ရတဲ့အတွက် အထင်အမြင်လွဲမှားမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးမှာ နွေးထွေးမှုတွေ လျော့ကျလာခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအရေးကို အစဉ်တစိုက် အားပေးထောက်ခံခဲ့ကြတဲ့ နိုင်ငံတွေ အနက်ကနေ စိန်ခေါ်မှုတွေနဲ့ ရှုပ်ထွေးနက်နဲမှုတွေကို နားလည်မှုပေးနိုင်တဲ့ နိုင်ငံတွေနဲ့တော့ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်နေတာတွေ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။

**ဘက်ညီမျှတစေဖို့စနစ်တကျဆောင်ရွက်**

ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ချစ်ကြည်ရင်းနှီးမှုတွေ မြှင့်တင်နိုင်ဖို့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ နှစ်နိုင်ငံအကြား နိုင်ငံတော်အကြီးအကဲတွေ၊ အဆင့်မြင့်ကိုယ်စားလှယ်တွေရဲ့ ချစ်ကြည်ရေးခရီးတွေ အပြန်အလှန်သွားရောက်ရေးအတွက် ဝန်ကြီးဌာနက သံတမန်ဆက်သွယ်ရေးအတွက်ရော၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုတွေအတွက်ပါ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ပြီး ချစ်ကြည်ရေးခရီးစဉ်တွေ ဘက်ညီမျှတစေဖို့ စနစ်တကျနဲ့ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ အစိုးရသက်တမ်း နှစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ သွားရောက်ခဲ့တဲ့ ခရီးစဉ်တွေကို ပြောပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတော်သမ္မတအနေနဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်တဲ့ လာအိုနိုင်ငံအပြင် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံတွေကို ချစ်ကြည်ရေးခရီးစဉ်တွေ သွားရောက်ခဲ့ပါတယ်။ အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေး တက်ရောက်ဖို့အတွက် ရုရှားနိုင်ငံနဲ့ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး တက်ရောက်ဖို့အတွက် မွန်ဂိုလီးယားနိုင်ငံ၊ နတ်ရှာစံ ထိုင်းဘုရင်မင်းမြတ်ရဲ့ တော်ဝင်ဈာပနအခမ်းအနား တက်ရောက်ဖို့ ထိုင်းနိုင်ငံကိုလည်း သွားရောက်ခဲ့ပါတယ်။

**တရားဝင်ခရီးစဉ်အဖြစ်သွားရောက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုရင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အီတလီနိုင်ငံနဲ့ ဗာတီကန်မြို့ပြနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဥရောပသမဂ္ဂဌာနချုပ်တည်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံတွေကို တရားဝင်ခရီးစဉ်တွေအဖြစ် သွားရောက်ခဲ့ပါတယ်။

**တက်ရောက်**

ဒါ့အပြင် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ လာအိုနိုင်ငံမှာ ကျင်းပတဲ့ (၂၈)ကြိမ်မြောက်နဲ့ (၂၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ၊ အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့တဲ့ Outreach Summit Between BRICS and BIM-STEC Partners ၊ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဘရူနိုင်းဘုရင်ရဲ့ နန်းစံသက် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား၊ ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပတဲ့ အကြိမ်(၃၀)မြောက်နဲ့ (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများနဲ့ ဆက်စပ်အစည်းအဝေးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ ဗီယက်နမ်နိုင်ငံမှာ ပြုလုပ်တဲ့ APEC ခေါင်းဆောင်များနှင့် ASEAN ခေါင်းဆောင်များအကြား အလွတ်သဘော ဆွေးနွေးပွဲ၊ အိန္ဒိယနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်ပြည့် ထိပ်သီးအစည်းအဝေးနဲ့ အိန္ဒိယနိုင်ငံရဲ့ (၆၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား၊ ဩစတြေးလျနိုင်ငံမှာ ကျင်းပတဲ့ အာဆီယံ-ဩစတြေးလျ အထူး ထိပ်သီးအစည်းအဝေး စတာတွေကို တက်ရောက်ခဲ့ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ဧည့်သည်တော်တွေနဲ့ လာရောက်မှုအခြေအနေတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံကို စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့က နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis တို့ရဲ့ချစ်ကြည်ရေးခရီးစဉ်တွေ၊ တရုတ်၊ အီတလီ၊ ကနေဒါ၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗြိတိန်၊ ဟန်ဂေရီ၊ အမေရိကန်၊ နော်ဝေ၊ ယူကရိန်း၊ လူဇင်ဘတ်၊ နယ်သာလန်၊ ပြင်သစ်၊ ချက်၊ တူရကီနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးအဆင့် ချစ်ကြည်ရေးခရီးစဉ်တွေနဲ့ တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဥရောပသမဂ္ဂ၊ ဘူတန်၊ သီရိလင်္ကာနိုင်ငံတို့က အဆင့်မြင့် ကိုယ်စားလှယ်တွေရဲ့ ခရီးစဉ်တွေအပါအဝင် ပြည်ပကနေ တရားဝင်လာရောက်တဲ့ ခရီးစဉ် ၅၀ ကျော်ကို အောင်မြင်စွာနဲ့ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတွေ မြှင့်တင်ပေးဖို့ စီစဉ်ပေးခဲ့ပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ ချစ်ကြည်ရေးခရီးစဉ်တွေကနေ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ချစ်ကြည်ရေး ခရီးစဉ်တွေကနေ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအတွက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေ၊ ချေးငွေတွေ၊ နည်းပညာနဲ့ ဘဏ္ဍာငွေ အကူအညီတွေ ရရှိလာခဲ့ပါတယ်။ အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်တစ်ကြိမ်နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ခရီးစဉ် သုံးကြိမ်တိုင်သွားရောက်



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

ခဲ့ပြီး ချစ်ကြည်ရေးအလေးထားမှုကို ပြသနိုင်ခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ပေကျင်းမြို့မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းက ကျင်းပခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီနဲ့ ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲကိုလည်း တရုတ်အစိုးရရဲ့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ခြင်းအားဖြင့် နှစ်နိုင်ငံ ခေါင်းဆောင်တွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေခဲ့ပါတယ်။ မြန်မာပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးဖို့နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံဘက်က တရုတ်ယွမ်သန်း ၁၀၀၀ အကူအညီပေးအပ်ဖို့ သဘောတူခဲ့ကြတာဟာ ချစ်ကြည်ရေးခရီးစဉ်တွေကနေ ရရှိတဲ့ အကျိုး ရလဒ်တစ်ခု ဖြစ်ပါတယ်။

*အချပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးတွဲဦးဆောင်တဲ့ (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ ယန္တရားကိုလည်း သုံးကြိမ်တိုင် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလိုဆွေးနွေးခဲ့မှုကြောင့် နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းရေးနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တရုတ်နိုင်ငံက အပြုသဘောဆောင်တဲ့ အကူအညီတွေပေးအပ်ဖို့နဲ့ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်တွေ ပူးတွဲဖြေရှင်းဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

**ပူးပေါင်းဆောင်ရွက်မှုတွေမြှင့်တင်**

တစ်ချိန်တည်းမှာပဲ အရေးပါတဲ့ အိမ်နီးချင်းနိုင်ငံ အိန္ဒိယကိုလည်း နိုင်ငံတော်သမ္မတက အာဆီယံပြင်ပ ပထမဆုံးချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အစိုးရသက်တမ်းနှစ်နှစ်တာအတွင်း နှစ်ကြိမ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုနီးကပ်ခိုင်မာစေခဲ့သလို အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ခဲ့ပါတယ်။

**သဘောတူညီမှု**

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဆိုရင် အစိုးရသစ်လက်ထက်မှာ ပထမဆုံးလာရောက်တဲ့ နိုင်ငံ့အကြီးအကဲဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စင်ကာပူနိုင်ငံကို ချစ်ကြည်ရေးသွားရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံသို့လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပထမဆုံးတရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေရဲ့အကျိုး ပိုမိုကာကွယ်မြှင့်တင်ရန် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံနဲ့လည်း နိုင်ငံ့ခေါင်းဆောင်တွေ ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန်သွားရောက်ခဲ့ပြီး ဘက်စုံမဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘရူနိုင်းနိုင်ငံနဲ့လည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးနိုင်ခဲ့ပြီး ဂျပန်နိုင်ငံကိုလည်း နိုင်ငံတော်သမ္မတရော၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပါ တရားဝင်ခရီးတွေ သွားရောက်လို့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်နိုင်ခဲ့တဲ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အတွက် ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၄၀ အကူအညီပေးဖို့၊ မြို့ပြနဲ့ ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရရဲ့ အထောက်အပံ့တွေနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေ အားလုံးပေါင်းပြီး ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၈၀၀ ပေးအပ်သွားဖို့ သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ဒီမိုကရေစီရေးမှာ အစဉ်တစိုက် အားပေးထောက်ခံခဲ့ကြတဲ့ မိတ်ဖက်သစ် နိုင်ငံတွေနဲ့လည်း ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်တာတွေကို တိုးမြှင့်နိုင်ဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ၂၀၁၇ မေလမှာ ဥရောပသမဂ္ဂဌာနချုပ်တည်ရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနဲ့ ဗြိတိန်နိုင်ငံတွေကို တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါတယ်။

**သမိုင်းဝင်ထူးခြားမှုတစ်ရပ်ဖြစ်**

ခရီးစဉ်တွေမှာ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ရခိုင်ပြည်နယ် အရေးကိစ္စအပေါ် ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေတာတွေကို ရှင်းလင်းပြောကြားခွင့်ရခဲ့တဲ့အတွက် မြန်မာနိုင်ငံအပေါ် နားလည်မှုမြှင့်တင်နိုင်ခဲ့ပါတယ်။ အီတလီခရီးစဉ်အတွင်း မြန်မာနိုင်ငံနဲ့ ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန် အဆက်အသွယ် ထူထောင်နိုင်ခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့



၂၇-၄-၂၀၁၈ ရက်က အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။

ကတော့ ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံကို ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက အောင်မြင်စွာ လာရောက်ခဲ့ခြင်းဟာ သမိုင်းဝင်ထူးခြားမှုတစ်ရပ်လည်း ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတကာဆက်ဆံရေး တိုးတက်စေဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ ကမ္ဘာ့နိုင်ငံတွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့နိုင်ဖို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးချင်း ဆွေးနွေးမှု ယန္တရားတွေ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။ နှစ်နှစ်တာအတွင်း မော်လ်တာနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ မာရှယ်ကျွန်းစုနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဂီနီနိုင်ငံတွေနဲ့ ဆေးရှဲလ်နိုင်ငံ၊ Holy See (ဗာတီကန်မြို့ပြနိုင်ငံ)တွေနဲ့ သံတမန်ဆက်သွယ်မှုတွေ တိုးချဲ့ထူထောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် သံတမန်အဆက်အသွယ် ထူထောင်ပြီးတဲ့နိုင်ငံ ၁၂၁ နိုင်ငံအထိ ရှိလာခဲ့ပါတယ်။ လာမယ့်နှစ်တွေမှာ ကာရေဗီယံနိုင်ငံတွေ၊ လက်တင်အမေရိကနိုင်ငံတွေနဲ့လည်း ပိုမိုခင်မင်ရင်းနှီးမှုရရှိလာအောင် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး မြင့်မားအောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

**အများကြီးအကျိုးရှိစေမယ်လို့ယုံကြည်**

ချစ်ကြည်ရင်းနှီးပြီးဖြစ်တဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ အစိုးရအနေနဲ့ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ အက်စ်တိုးနီးယား၊ နယူးဇီလန်၊ ကိုလံဘီယာစတဲ့ နိုင်ငံတွေနဲ့ နိုင်ငံခြားရေးဆွေးနွေးမှု ယန္တရားတွေ (Foreign Office Consultations) ကို ထူထောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဂျပန်၊ ဥရောပသမဂ္ဂတို့နဲ့လည်း လူ့အခွင့်အရေးဆွေးနွေးမှုတွေ နှစ်စဉ်ကျင်းပနိုင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့လည်း နှစ်နိုင်ငံအကြား မိတ်ဖက်ဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ဒီလို နိုင်ငံခြားရေးဆွေးနွေးမှုတွေ နှစ်စဉ်ပြုလုပ်ခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နိုင်ဖို့ အများကြီးအကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာ မျက်နှာစာတွေမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအပေါ်မှာရော ဘယ်လိုတုံ့ပြန်မှုတွေကို ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ အစိုးရတာဝန် စတင်ယူရစဉ်ကတည်းက နိုင်ငံခြားရေးဝန်ကြီးဌာနဟာ ရခိုင်အရေးကိစ္စကြောင့် နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဦးစားပေး ကိုင်တွယ်ခဲ့ပါတယ်။ ပြည်တွင်းအမြင်သာမက နိုင်ငံတကာအမြင်နဲ့ ပေါင်းစပ်သုံးသပ်ပြီး ရေရှည်တည်တံ့မယ့် ဖြေရှင်းမှုမျိုးရရှိစေနိုင်ဖို့အတွက် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီတိုးတက်မှုတွေအတွက် အီးယူကနေ နှစ်စဉ်တင်သွင်းနေတဲ့ မြန်မာ့လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းကို အဆုံးသတ်ခဲ့တဲ့အပြင် အမေရိကန်ပြည်ထောင်စုကလည်း ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှုတွေ အားလုံးကို ဖယ်ရှားပေးခဲ့ပါတယ်။

**အချုပ်အခြာအာဏာကိုထိပါးလာနိုင်**

ဒီလိုနိုင်ငံတကာဆက်ဆံရေးတွေ အခြေအနေ ကောင်းမွန်လာချိန်မှာ ရခိုင်ပြဿနာကို ကမ္ဘာက အာရုံစိုက်လာစေဖို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ တစ်ကြိမ် ARSA အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် နေရပ်တိမ်းရှောင်ထွက်ပြေးမှုတွေ ဖြစ်လာပြီး နိုင်ငံတကာက အထင်အမြင်လွဲမှားမှုတွေ၊ ဖိအားပေးဝေဖန်မှုတွေ တစ်ကျော့ပြန်ခံစားခဲ့ရပြီး နိုင်ငံတော်အကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာကို ထိပါးလာနိုင်တဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်လာခဲ့ရပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ပြည်တွင်းပြည်ပမျက်နှာစာ အသီးသီးမှာ ကာကွယ်တုံ့ပြန်ရှင်းလင်းတာ၊ ဖြစ်ရပ်မှန်အခြေအနေတွေ အသိပေးကာ ချဉ်းကပ်စည်းရုံးတာတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ရပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှာ နေပြည်တော်ကို သံတမန်တွေ ဖိတ်ကြားပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်လို့ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တက်ရောက်ခဲ့ပြီး မူဝါဒရေးရာမိန့်ခွန်းပြောကြားခဲ့တဲ့အပြင် လုံခြုံရေးကောင်စီမှာလည်း ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ စပ်လျဉ်းလို့ ဆုံးဖြတ်ချက်အဆိုတင်သွင်းဖို့ ကြိုးပမ်းခဲ့ခြင်းကို အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနဲ့ နယူးယောက်မြို့မှာရှိတဲ့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်တို့က တုံ့ပြန်ရှင်းလင်းပြောကြားမှုတွေကို လုံခြုံရေးကောင်စီမှာ လုပ်ဆောင်ခဲ့ပါတယ်။ လုံခြုံရေးကောင်စီကနေ အဆိုမူကြမ်းဆုံးဖြတ်ချက်ချမှတ်ဖို့ ကြိုးပမ်းမှုကို တားဆီးနိုင်ခဲ့ပါတယ်။

**မဲခွဲဆုံးဖြတ်ဖို့ကြိုးပမ်း**

၂၀၁၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမှာလည်း အိုအိုင်စီ ကနေ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းတင်သွင်းခဲ့ရာမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က တုံ့ပြန်ပြောကြား ကန့်ကွက်ခြင်း၊ တူညီဆန္ဒဖြင့် အတည်မပြုနိုင်စေရန် မဲခွဲရန် တောင်းဆိုခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ဂျီနီဗာမြို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှာလည်း အိုအိုင်စီ က မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေး ခေါ်ယူပြီး ရခိုင်ပြည်နယ်ကိစ္စအပေါ် အဆိုမူကြမ်းတင်သွင်းခဲ့ရာမှာလည်း တူညီဆန္ဒဖြင့် အတည်မပြုနိုင်စေရန် မြန်မာနိုင်ငံရဲ့မိတ်ဖက်နိုင်ငံတွေကို ချဉ်းကပ်စည်းရုံးပြီး မဲခွဲဆုံးဖြတ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်လည်း လူ့အခွင့်အရေးကောင်စီ နှစ်စဉ်ပုံမှန်အစည်းအဝေး၏ အဆင့်မြင့်ဆွေးနွေးမှုကဏ္ဍသို့ တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်လို့ ရှင်းလင်း ပြောကြားခဲ့ပါတယ်။ ဒီနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်တဲ့ အဖွဲ့ကလည်း အစည်းအဝေးကာလအတွင်း Side Event တစ်ခုကျင်းပ၍ မြန်မာနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိစေရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီမှာ အီးယူကနေ တင်သွင်းတဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက် အဆိုမူကြမ်းအပေါ်ဆွေးနွေးရာမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုမူကြမ်းပါ အချုပ်အခြာအာဏာကို တိုက်ရိုက်ခြိမ်းခြောက်ရာ ရောက်တဲ့ စာပိုဒ်တွေကို ထောက်ပြခဲ့ပြီး မူကြမ်းကို လက်မခံနိုင်ကြောင်း ပြတ်သားစွာနဲ့ ပယ်ချခဲ့ရပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ဒေသတွင်းမျက်နှာစာမှာရော ဘယ်လို ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသလဲ။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဒေါက်တာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ဖွဲ့စည်းခဲ့တဲ့ Dr. Surakiart Sathirathai ခေါင်းဆောင်တဲ့ အကြံပေးအဖွဲ့နဲ့လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်တွေအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဆက်ဆံရေးဆိုင်ရာကိစ္စများနဲ့ အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးဆိုင်ရာ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင် ရွက်နေပါတယ်။

**လက်မှတ်ရေးထိုးနိုင်**

ရခိုင်ပြည်နယ်ကနေ တိမ်းရှောင်သွားသူတွေကို ပြန်လည်စိစစ်လက်ခံရေး အစီအစဉ်တစ်ရပ် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီနောက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဖို့ Terms of Reference ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ နဲ့ တိမ်းရှောင်သွားသူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပြန်လည်ခေါ်ယူရေးအတွက် လက်တွေ့အစီအစဉ် (Physical Arrangement)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**ပါဝင်ကူညီပံ့ပိုးဖို့ဆွေးနွေး**

ဒေသတွင်းအဆင့်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၇ ခုနှစ် နိုဝင်ဘာလက မနီလာမြို့မှာ ကျင်းပတဲ့ အာဆီယံထိပ်သီး အစည်းအဝေးမှာ လည်းကောင်း၊ ၂၀၁၈ ခုနှစ် မတ်လမှာ ဆစ်ဒနီမြို့မှာ ကျင်းပတဲ့ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီး အစည်းအဝေးမှာ လည်းကောင်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနဲ့ ရခိုင်ပြည်နယ် ကိစ္စအပါအဝင် စိန်ခေါ်မှုများရဲ့ သိမ်မွေ့နက်နဲမှုတွေကို ရှင်းလင်း ပြောကြားခဲ့ပါတယ်။ စိန်ခေါ်မှုတွေ ဖြေရှင်းနိုင်ဖို့ မြန်မာအစိုးရရဲ့ ဦးဆောင်ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်တွေ အောင်မြင်ဖို့နဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စတွေမှာ အပြုသဘောပါဝင်ကူညီပံ့ပိုးဖို့ ဆွေးနွေးခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ ဗြိတိန်နိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ အခြားပြည်ပနိုင်ငံတွေက အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ခံတွေ့ဆုံခဲ့စဉ်မှာလည်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတွေအတွက် ဆက်လက်ကူညီပံ့ပိုးရေးနဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ အခြေအနေတွေကို ရှင်းပြခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးကိုယ်တိုင်လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စင်ကာပူမှာကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ သီးသန့်အစည်းအဝေးမှာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေနဲ့ နေရပ်စွန့်ခွာသူတွေ ပြန်လည်စိစစ်လက်ခံရေး အတွက် လုပ်ငန်းစဉ်တွေကို အလွတ်သဘော ပြောကြားခဲ့ပါတယ်။ အစည်းအဝေးအပြီးမှာ အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်မှာ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးနဲ့ ပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းချက်များကိုလည်း အာဆီယံဝန်ကြီးတွေက ထောက်ခံကြောင်း အပြုသဘော ထည့်သွင်းဖော်ပြခဲ့ပါတယ်။

**ရှင်းလင်းပြောကြားတာတွေပြုလုပ်**

ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး အဖြစ်မှန်အခြေအနေမှန်တွေသိနိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့တရားဝင် ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက်တို့ကို တည်ထောင်ပြီး စဉ်ဆက်မပြတ် သတင်းအချက်အလက်တွေ ထုတ်လွှင့်ပေးနေသလို ပြည်ပမှာရှိတဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေလည်း တာဝန်ကျရာနိုင်ငံတွေမှာ ထပ်ဆင့်ဖြန့်ဝေတာ၊ သံရုံးအကြီးအကဲတွေက ရှင်းလင်းပြောကြားတာတွေ ပြုလုပ်နေပါတယ်။

**မေး။ ။ ပြည်ပရောက်မြန်မာနိုင်ငံသား အကျိုးစီးပွားတွေကို ကာကွယ်ရေးကိစ္စရပ်တွေမှာရော အစိုးရလက်ထက်အတွင်း ဘယ်လိုဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးခဲ့ပါသလဲ။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေကနေ ပြည်သူကို ဗဟိုပြုတဲ့ သံတမန်ရေးနည်းလမ်းကို အသုံးပြုပြောင်းလဲခဲ့ပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားဟောင်းတွေ အကျိုးစီးပွားကာကွယ် စောင့်ရှောက်ရေးကို အလေးထားလုပ်ဆောင်ပေးခဲ့ပါတယ်။ ပြည်ပရောက် မြန်မာတွေ ဘက်ကလည်း မိမိနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်နိုင်စေဖို့ ပြည်ပြန်ဝင်ခွင့် ပိုမိုလွယ်ကူချောမွေ့စေရေး အပါအဝင် လိုအပ်တဲ့ အကူအညီတွေကိုပေးနေပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းတွေ ပြည်ပြန်ဝင်နိုင်ဖို့ လူမှုရေးဗီဇာတွေနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေလည်း လုပ်ပေးခဲ့ပါတယ်။

**ထိုင်းအစိုးရနဲ့ညှိနှိုင်းနေ**

မြန်မာသံရုံးတွေဟာ ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေအင်အား အကန့်အသတ်တွေကြားကနေ ပြည်ပရောက် မြန်မာအလုပ်သမားတွေ အကျိုးခံစားခွင့်၊ တရားမဝင်အလုပ်သမားတွေ တရားဝင်လုပ်ကိုင်ခွင့်စတာတွေအတွက် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်နေပါတယ်။ ထိုင်းနိုင်ငံမှာ အလုပ်သမားအရေး ပိုမိုကူညီနိုင်ဖို့ သံရုံးရဲ့ဝန်ထမ်းအင်အားတွေ တိုးမြှင့်ပြီး သက်သေခံလက်မှတ်ထုတ်ပေးရေး စခန်းတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြည်ပမှာ သေဆုံးတာနဲ့ ထိခိုက်ဒဏ်ရာရတာတွေ ကြုံလာရင်လည်း လျော်ကြေးရရှိအောင်၊ လေယာဉ်စရိတ် ခက်ခဲနေရင်လည်း နိုင်ငံသို့ပြန်လာနိုင်အောင်စသည်ဖြင့် လုပ်ဆောင်ပေးခဲ့သလို အကြောင်းကြောင်းနဲ့ ပြစ်ဒဏ်ကျခံပြီး လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံသား ရေလုပ်သားတွေကို ပြန်လည်ခေါ်ယူတာ၊ အင်ဒိုနီးရှားကျွန်းတွေပေါ်ရောက်နေတဲ့ လူကုန်ကူးခံရသူ မြန်မာရေလုပ်သားတွေကို ပြန်လည်ခေါ်ယူပေးတာတွေအပြင် နစ်နာခဲ့ရတဲ့ လုပ်အားခတွေ ပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်တာတွေကိုလည်း ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံသားတွေကို ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီစခန်းတွေကနေ မိမိတို့ ဆန္ဒအလျောက် ပြန်လာလိုသူတွေကို ခေါ်ဆောင်ပေးခဲ့တဲ့အပြင် ပြန်လည်ဝင်ရောက်လိုသူတွေကို စိစစ်လက်ခံပြီး နေရာချထားဖို့ ထိုင်းအစိုးရနဲ့ ညှိနှိုင်းနေပါတယ်။

**မေး။ ။ နိုင်ငံခြားရေး ဝန်ကြီးဌာနကနေ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်**




၈-၄-၂၀၁၈ ရက်က အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်စဉ်။

**သတ်မှတ်ရေးကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အရင်အစိုးရ အဆက်ဆက်ကနေ ဆောင်ရွက်နေခဲ့ပြီး မပြီးပြတ်သေးတဲ့ နယ်နိမိတ်ကိစ္စတွေကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းမှသည် နောင်လာနောက်သားများအတွက် ကောင်းမွန်တဲ့ အမွေအနှစ်တွေ ပေးလိုပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေး အကောင်းဆုံးအချိန် ရောက်ရှိနေချိန်မှာ နယ်နိမိတ်တိုင်းတာသတ်မှတ်တဲ့ကိစ္စဟာ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စအဖြစ် လမ်းညွှန်ထားတာ ရှိပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၆ ခုနှစ် ဇွန်လက သွားရောက်ခဲ့တဲ့ ထိုင်းနိုင်ငံခရီးစဉ်မှာ နှစ်နိုင်ငံအကြား ရပ်တန့်နေတဲ့ နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်တွေကို ဆောလျင်စွာ စတင်ဆောင်ရွက်ဖို့နှစ်ဖက်သဘော တူညီခဲ့ပါတယ်။

**သဘောတူလက်မှတ်ရေးထိုး**

မြန်မာ-အိန္ဒိယ နယ်နိမိတ် နာဂဒေသမှာ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နဲ့ ၁၄၆ အကြား နယ်နိမိတ်သွယ်တန်းမှု မထင်ရှားတဲ့အတွက် ပြဿနာဖြစ်ပွားနေတာကို တားဆီးရန်နဲ့ ပိုမိုရှင်းလင်းထင်ရှားစေဖို့ ထပ်တိုးမှတ်တိုင်တွေ စိုက်ထူတာကို ၂၀၁၇ ခုနှစ် မတ်လမှာ နှစ်နိုင်ငံပူးတွဲဆောင်ရွက်ခဲ့ပါတယ်။ မပြီးပြတ်သေးတဲ့ ကဘော်ချိုင့်ဝှမ်း နယ်နိမိတ်မှတ်တိုင် ကိုးတိုင်ကိစ္စကိုလည်း ဖြေရှင်းဖို့ အိန္ဒိယဘက်က အဆိုပြုချက်ကို ပူးတွဲကွင်းဆင်း တိုင်းတာနေပြီး နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုတွေ စတင်တော့မှာ ဖြစ်ပါတယ်။

မြန်မာ-လာအို နယ်နိမိတ်မြစ်ကူးတဲ့ ချစ်ကြည်ရေး တံတားတည်ဆောက်ခဲ့ပြီး မြစ်အတွင်း နယ်နိမိတ်အမှတ်အသားကို တံတားပေါ်မှာ မှတ်တမ်းတင်ဖို့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးမှာ သဘောတူညီမှုရရှိခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်မြောက်ဘက်ကုန်းပိုင်း နယ်နိမိတ်စာချုပ် ၁၉၉၈ ကို အတည်ပြုတဲ့ စာချွန်လွှာနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ်ဖြည့်စွက် အခြေပြစာချုပ် ၂၀၀၇ ကိုလည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဘင်္ဂလားဒေ့ရှ်နဲ့ နှစ်ဖက်သဘောတူလက်မှတ် ရေးထိုးထားပါတယ်။

**မေး။ ။ နိုင်ငံခြားရေးဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံခြားရေးမူဝါဒတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ စွမ်းရည်ထက်မြက်တဲ့ သံတမန်ကောင်းတွေ လိုအပ်တဲ့အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ ဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနက အရာထမ်း၊ အမှုထမ်းတွေကို သင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ပေးအပ်နေပါတယ်။ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း၊ အင်္ဂလိပ်စာနဲ့ နိုင်ငံခြားရေးရာ ကျွမ်းကျင်မှုသင်တန်းတွေကို ပြည်တွင်း ပြည်ပက ကျွမ်းကျင်သူတွေ ဖိတ်ကြားပြီး သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲ ၁၂ ခု ကျင်းပပေးခဲ့ပါတယ်။ အရာထမ်းသစ် ၅၀ အတွက် အဆင့်မြင့်သံတမန်ရေးရာနဲ့ နိုင်ငံတကာရေးရာ ဘာသာရပ်တွေ လေ့ကျင့်ပေးခဲ့ပြီး အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းသုံးကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၀၃ ဦး ပို့ချပေးခဲ့ပါတယ်။

**မေး။ ။ မြန်မာသံတမန် ဝန်ထမ်းတွေရဲ့ လုပ်ငန်းတာဝန်တွေကို ပိုပြီးထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ အစီအစဉ်တွေ လုပ်ဆောင်ခဲ့တာရှိပါသလားရှင့်။**

ဖြေ။ ။ မြန်မာသံတမန်ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေကို အပြည့်အဝ အလေးထား အာရုံစိုက်ဆောင်ရွက်ကြဖို့နဲ့ လုပ်ငန်းခွင်အဆင်ပြေချောမွေ့စေဖို့ ပြည်ပမှာရှိတဲ့ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံး ၁၃ ရုံးမှာ သံရုံးဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအာမခံထားရှိခွင့်တွေ လုပ်ဆောင်ပေးခဲ့လို့ စုစုပေါင်း ၄၄ ရုံးရှိတဲ့နေရာမှာ ၁၉ ရုံးက ဝန်ထမ်းတွေနဲ့ မိသားစုတွေအတွက် ကျန်းမာရေး အာမခံတွေ ထားရှိပေးနိုင်ခဲ့ပါတယ်။ သံရုံးဝန်ထမ်း သားသမီးတွေအတွက် ပညာသင်စရိတ်ကို ပံ့ပိုးပေးဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့တဲ့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့အသက်ငါးနှစ်ကနေ ၁၈ နှစ်အထိ သားသမီးတွေရဲ့ ပညာသင်စရိတ်အတွက် ကျောင်းလခရဲ့ သုံးပုံနှစ်ပုံကို ထောက်ပံ့ပေးနိုင်ခဲ့တာဟာလည်း ထူးခြားတဲ့ တိုးတက်မှုတစ်ခုဖြစ်ပါတယ်။

**အသစ်ပြန်လည်တည်ဆောက်**

ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေကို သံတမန်ဂုဏ်သိက္ခာအဆင့်နဲ့အညီ တင့်တယ်လှပစေဖို့ သက်တမ်းကြာမြင့်နေတဲ့ နိုင်ငံတော်ပိုင် သံရုံး၊ အဖွဲ့ရုံး အဆောက်အအုံတွေကို မွမ်းမံထိန်းသိမ်းတာ၊ အသစ်ပြန်လည် တည်ဆောက်တာတွေ ပြုလုပ်နေပါတယ်။

**မေး။ ။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ တိုးချဲ့ဖွဲ့စည်းဖြစ်ခဲ့ရတဲ့ အကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အရပ်သားအစိုးရ တက်လာပြီးတဲ့နောက် နိုင်ငံတကာအသိုက်အဝန်းက ကူညီပံ့ပိုးမှုတွေ တိုးမြှင့်ဖို့ စိတ်ဝင်စားလာပါတယ်။ ပြည်ပက ကိုယ်စားလှယ်အဖွဲ့တွေ အပြန်အလှန်လာရောက်မှုကလည်း တစ်ရှိန်ထိုး များပြားလာပါတယ်။ ဒါကြောင့် နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းတာဝန်တွေ များလာခဲ့ပါတယ်။ နိုင်ငံတကာမျက်နှာစာတိုင်းမှာလည်း ဖိအားပေးဝေဖန်မှုတွေကို အမြင့်ဆုံး ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်နေပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ အားဖြည့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းပြီး နိုင်ငံတကာရေးရာ ကိစ္စရပ်တွေကို နိုင်ငံရေးရှုထောင့်အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရှုထောင့်ကလည်း ခြုံငုံသုံးသပ် ညှိနှိုင်းဆောင်ရွက်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ တိုးချဲ့တည်ထောင်ခဲ့ပါတယ်။

**အလေးပေးညှိနှိုင်းဆောင်ရွက်လျက်ရှိ**

သို့ပေမယ့် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အမိုးအကာတစ်ခုတည်းအောက်မှာ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေတဲ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနဘတ်ဂျက်နဲ့ ဝန်ထမ်းဖွဲ့စည်းပုံအင်အားကနေ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာနဟာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ စီးပွားရေးဦးစီးဌာန လုပ်ငန်းတွေအပြင်၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် အစရှိတဲ့ ဒေသတွင်းနဲ့ ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများဆိုင်ရာ ကိစ္စရပ်တွေ၊ ပြည်ပနိုင်ငံတွေနဲ့ စီးပွားရေးဆက်ဆံရေး ကိစ္စတွေကို အလေးပေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေမှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပါဝင်လှုပ်ရှားမှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံဟာ အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးဆောင်ရွက်မှု မဟာဗျူဟာ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ မဲခေါင်-ဂျပန်၊ မဲခေါင်- ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေမှာ တက်ကြွစွာ ပါဝင်လျက်ရှိပါတယ်။ ပူးပေါင်းပါဝင်တဲ့နေရာမှာလည်း မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးစီးပွားသာမက ဒေသတွင်း အကျိုးစီးပွားမြှင့်တင်ရေး အတွက်လည်း ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

**ဒေါ်လာ ၂ ဒသမ ၄ သန်းရရှိခဲ့**

ဖနောင်ပင်မြို့မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ကျင်းပခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ရဲ့ ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အကျိုးဆက်အနေနဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှာ ၂၀၁၇ ခုနှစ် အတွက် မြန်မာနိုင်ငံက စီမံကိန်း ၁၀ ခုကို အကောင်အထည်ဖော်ဖို့ အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ သန်း လက်ခံရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အဖွဲ့ဝင် ခုနစ်နိုင်ငံပါတဲ့ ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဘောင်အောက်မှာလည်း တက်ကြွစွာနဲ့ ပါဝင်နေပါတယ်။ အိန္ဒိယနိုင်ငံ ဂိုအာမြို့မှာ ၂၀၁၆ ခုနှစ် က ကျင်းပတဲ့ BIMSTEC-BRICS Outreach Summit နဲ့ ဘင်းမ်စတက်ခေါင်းဆောင်တွေ သီးသန့်ဆွေးနွေးပွဲတွေကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး တက်ရောက်ခဲ့ပါတယ်။ နီပေါနိုင်ငံမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လက ကျင်းပတဲ့ (၁၅) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။

**အောင်မြင်စွာလက်ခံကျင်းပ**

ဝန်ကြီးဌာနဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံနဲ့ အဖွဲ့အစည်းနှစ်ခုပါဝင်တဲ့ အာရှ-ဥရောပ(ASEM) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်အောင်မြင်မြင်နဲ့ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာသံတမန်တွေရဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီး အလွတ်သဘော အစည်းအဝေးတစ်ရပ် ကျင်းပပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရှုပ်ထွေးသိမ်မွေ့တဲ့ စိန်ခေါ်မှုတွေအပေါ် နိုင်ငံတကာရဲ့ နားလည်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ဒေသတွင်းက နိုင်ငံပေါင်း ၄၈ နိုင်ငံ ပါဝင်တက်ရောက်ခဲ့တဲ့ တတိယ အကြိမ်မြောက် အာရှ-ပစိဖိတ် ရေညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါတယ်။

**မေး။ ။နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်ပြီး ရှေ့ဆက်မယ့် လုပ်ငန်းစဉ်တွေနဲ့ ဖြည့်စွက်ပြောကြားလိုတာတွေကိုလည်း နိဂုံးချုပ်အနေနဲ့ ပြောကြားပေးပါရှင့်။**

ဖြေ။ ။ ရခိုင်ပြဿနာနဲ့ ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ဝေဖန်ပြစ်တင်ရှုတ်ချခြင်းနဲ့ အမုန်းတရားပွားစေမယ့် ပြောဆိုမှုတွေထက် ပြဿနာဖြေရှင်းရာမှာ ကူညီပံ့ပိုးပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုတွေနဲ့ ဆောင်ရွက်ကြဖို့နဲ့ ပြဿနာကို ပိုမိုဆိုးရွားလာစေမယ့် လုပ်ရပ်တွေကို ရှောင်ရှားပြီး ပြဿနာဖြေရှင်းရေးကို အာရုံစိုက်ကြ ဖို့ ပိုမိုလိုအပ်ပါတယ်လို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းပြောကြားလျက်ရှိပါတယ်။

**စုပေါင်းအင်အား**

နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖြေရှင်းနိုင်ဖို့အတွက် မြေပြင်မှာ လက်တွေ့တိုးတက်မှုကို ပြသနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းသာမက ကျွန်တော်တို့နိုင်ငံရဲ့ စိန်ခေါ်မှုနဲ့ အကန့်အသတ်တွေ၊ သိမ်မွေ့နက်နဲမှုတွေကို နားလည်မှုရှိတဲ့ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီပံ့ပိုးမှုတွေ၊ ပြည်တွင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ စုပေါင်းအင်အားတွေကို အသုံးချခြင်းအားဖြင့် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ်တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

# ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတား၊ အိမ်ရာနှင့် ကျေးလက်လမ်းများ အားသွန်ခွန်စိုက် အကောင်အထည်ဖော်နေ

နိုင်လင်းကြည်

**ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အစိုးရသစ်၏ ဒုတိယ (၁) နှစ်တာကာလအတွင်း ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးကို ရှေးရှုကာ လမ်း၊ တံတား၊ အိမ်ရာနှင့် ကျေးလက်လမ်းလုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မူဝါဒ၊ ရည်မှန်းချက်နှင့် တာဝန် ဝတ္တရားများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**ယင်းသို့ ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား တွေ့ဆုံမေးမြန်းထားပါသည်-**

**ဦးဟန်ဇော်**
**ပြည်ထောင်စုဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ဒုတိယ (၁)နှစ်တာ ကာလအတွင်းမှာ ဘယ်လိုမူဝါဒတွေ၊ ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်ခဲ့သလဲဆိုတာ ပြောပြ ပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ။ ။ မူဝါဒတွေကတော့ ပြည်ထောင်စု မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရန် အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လမ်း၊ တံတားနှင့် မြို့ပြဒေသများ အချိုးညီဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ GDP တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေး စရိတ်ကို အနည်းဆုံးလျှော့ချနိုင်ရန် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် အတားအဆီးများဖယ်ရှားရန်၊ နိုင်ငံသားများအားလုံး လူနေမှုဘဝမြင့်တက်စေမည့် သင့်လျော်ကောင်းမွန်သော အိမ်ရာများတွင် နေထိုင်နိုင်ရန်၊ ကျေးလက်လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်တို့ ဖြစ်ပါတယ်။

**အိမ်ခန်းပေါင်းတစ်သန်း**
**တည်ဆောက်ပြီးစီးရေး**

ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေကတော့ ၂၀၃၀ ပြည့်နှစ်မှာ လက်ရှိ ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းများကို ASEAN Class III (၁၈ ပေ အကျယ် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) အဆင့် အနည်းဆုံးရောက်ရှိရေး၊ ၂၀၃၀ ပြည့်နှစ်မှာ တံတားများအားလုံး ၂၄ ပေ အကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား၊ PC ကြိုတင်အားဖြည့်ကွန်ကရစ်တံတား၊ သံပေါင်တံတား အဆင့် အနည်းဆုံးရောက်ရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်သည် စနစ်ကျသော မြို့ပြ (Urban Planning) အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါ မြို့များအားလုံးတွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းပေါင်းတစ်သန်း တည်ဆောက်ပြီးစီးရေး၊ ၂၀၃၀ ပြည့်နှစ် မြန်မာနိုင်ငံရှိ ကျေးရွာများ အားလုံးရဲ့၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ရေး၊ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်လမ်းမိုင်စုစုပေါင်း ၅၅၅၀၀ ကျော်တွင် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေ အကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ၊ Class B အဆင့်ရှိလမ်းမိုင် ၁၇၃၀၀ ကျော် ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်လမ်း၊ Class C အဆင့်ရှိ လမ်းမိုင် ၁၂၅၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

မဟာဗျူဟာ၊ နည်းဗျူဟာအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လုပ်ငန်းတွေမှ ဖြစ်နိုင်ခြေရှိတဲ့လုပ်ငန်းအချို့ကို Public Private Partnership (PPP) Program စနစ်ဖြစ်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ Development Partner များဖြစ်သည့် JICA, ADB, WB, KOICA, TICA စသည့် အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ကူညီထောက်ပံ့ငွေ (Grant)၊ ချေးငွေ (Loan)များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

**အဂတိကင်းရှင်းစွာဖြင့်**
**လုပ်ငန်းဆောင်ရွက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ နောက်ပိုင်းမှာ လုပ်ငန်းတွေကို ကိုယ်တိုင် မဆောင်ရွက်တော့ဘဲ ထိန်းသိမ်းကွပ်ကဲသောအဖွဲ့ (Regulatory Body) ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေမှာ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ပြီး အဂတိကင်းရှင်းစွာဖြင့် လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး နဲ့ ပြည်နယ်တွေက တာဝန်ယူ ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက် ထားရှိပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

*အချပ်ပို(စ)သို့*



ရန်ကုန်မြို့သာကေတတံတားသစ်တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(င)မှ*

**ဦးကျော်လင်း**
**ဒုတိယဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**



**မေး။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဒုတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုတွေကို ပြောကြားပေးပါဦး။**

ဖြေ။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှာ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဆိုပြီး ဦးစီးဌာန ငါးခုရှိပါတယ်။

အဲဒီအထဲမှာ အဆောက်အဦ ဦးစီးဌာနဟာ ဆိုရင် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က အဆောက်အအုံတွေကို တည်ဆောက်ခဲ့တာရှိပါတယ်။ မူလတာဝန်ယူရမယ့် Construction Industry Development အတွက် လိုအပ်တဲ့ Construction Manual တွေ ရေးဆွဲထုတ်ပြန်ခဲ့တာ ရှိပါတယ်။ Myanmar National Building Code ကို ဒီနှစ်ထဲမှာ မြန်မာဘာသာပြန်ဆိုပြီး တစ်နိုင်ငံလုံး ဖြန့်ဝေသွားဖို့ ရှိပါတယ်။ ဧပြီလ ၁ ရက်နေ့မှ စတင်ကာ အဆောက်အဦ ဦးစီးဌာန အနေနဲ့ အဆောက်အအုံတွေကို ကိုယ်တိုင်ဆောက်လုပ်တော့မှာမဟုတ်ဘဲ ထိန်းသိမ်းကွပ်ကဲသော အဖွဲ့ အနေနဲ့ ပြောင်းလဲဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒီအခါကျရင် Regulation တွေနဲ့ Standard and Specification တွေကိုပဲ ရေးဆွဲသွားဖို့ ရှိပါတယ်။

**နေ့ချင်းပြန်သွားလာနိုင်ပြီ**

အဓိက လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်မှုတွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့လမ်း၊ တံတားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နှစ်နှစ်တာကာလမှာ ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခင်က လမ်းလုံးဝမပေါက်တဲ့ ဒေသတွေမှာ လမ်းဖောက်လုပ်နိုင်ခြင်းကြောင့် သိသိသာသာ တိုးတက်မှုတွေ ရှိခဲ့ပါတယ်။ ဥပမာပြောရရင် ကချင်ပြည်နယ်မှာဆို ငြိမ်းချမ်းတဲ့ဒေသတွေဖြစ်တဲ့ ပူတာအိုအထက်ပိုင်းဒေသတွေမှာ အရင်က နောင်မွန်းမှ ပူတာအို၊ ပန်းနန်းဒင်မှ ပူတာအိုကို လေးညအိပ် ငါးရက်ခရီးကို ယခု နောင်မွန်းမှ ပူတာအို၊ ပန်းနန်းဒင်အထိ ကားလမ်းဖောက်ပေးနိုင်ခဲ့တဲ့အတွက် နေ့ချင်းပြန်သွားလာနိုင်ပြီ ဖြစ်ပါတယ်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းမိုင် ၂၂၀ လောက်ရှိတဲ့ လမ်းမကြီးကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လမ်းချဲ့ပြီး ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းတွေ ဆောင်ရွက်နိုင်ခဲ့တဲ့နေရာမှာ ယခင်က တစ်ညအိပ် နှစ်ညအိပ် သွားရတဲ့လမ်းကို ယခု နေ့ချင်းပေါက် သွားနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်လလောက်က အဲဒီနားမှာရှိတဲ့ တံတားငါးစင်း ဖျက်ဆီးခံရတာရှိပါတယ်။ ဒါတွေအားလုံးကို တစ်လအတွင်းမှာ ပြန်လည်ပြင်ဆင်ပြီး ဖြစ်ပါတယ်။



၁၉-၄-၂၀၁၈ ရက်က တစ်နိုင်ငံလုံးရှိ ကြိုးတံတား ၂၉ စင်းကို အသေးစိတ်စစ်ဆေးရန်နှင့် ပြန်လည်ပြုပြင်နိုင်ရန် ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများ၊ **China Highway Construction Association** မှ ပညာရှင်များ ညှိနှိုင်းဆွေးနွေးစဉ်။

**သိသိသာသာတိုးတက်**

မြစ်ကြီးနားမှ ပူတာအိုကို ကားငယ်လေးတွေဟာ နေ့ချင်းပေါက် သွားလာနိုင်ပြီး ကားကြီးတွေဆိုရင် ဆွမ်ပရာဘွမ်မှာ တစ်ညအိပ်သွားလာနိုင်ပြီ ဖြစ်ပါတယ်။ ကယားပြည်နယ်ကို ကြည့်မယ်ဆိုရင်လည်း ကယားပြည်နယ်ရဲ့လမ်းဦးစီးဌာနပိုင် လမ်းတွေကို ၉၅ ရာခိုင်နှုန်း ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ကယားပြည်နယ်နဲ့ ထိုင်းနိုင်ငံကို ဆက်သွယ်တဲ့ BP 13 မယ်စဲ့ ကုန်သွယ်ရေး လမ်းကြောင်းတစ်ခုလုံးကိုလည်း ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ BP ၁၀ နဲ့ ဖောက်လုပ်မယ့်လမ်းကြောင်းတွေ ရှိပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့မှာဆိုလျှင် သိသိသာသာ တိုးတက်မှုတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

**စီးပွားရေးတိုးတက်နိုင်တဲ့ အလားအလာတွေရှိ**

ကရင်ပြည်နယ်ရဲ့ရပ်တည်မှု အခြေအနေအရ East – West Corridor လို့ခေါ်တဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းကနေစပြီး လာအိုနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကိုဖြတ်ပြီး မြန်မာနိုင်ငံထဲကို မြဝတီကနေဝင်လာပြီးတော့ ကော့ကရိတ် - ဘားအံ အဲဒီကမှတစ်ဆင့် ရန်ကုန် -ပုသိမ်-ငရုတ်ကောင်းတို့ကို ဖြတ်မယ့် East – West Corridor ပေါ်မှာရှိနေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အလားအလာတွေ ရှိပါတယ်။ နှစ်နှစ်တာကာလအတွင်းမှာ ကော့ကရိတ်-မြဝတီလမ်းကတော့ AC လမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ပါတယ်။

**အများကြီးဖွံ့ဖြိုးတိုးတက်လာ**

ADB ရဲ့ အကူအညီနဲ့ အိန္ဒူ-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်လျက် ရှိပါတယ်။ ဆက်လက်ပြီး Secondary လမ်းတွေကို နိုင်ငံတော်ဘတ်ဂျက်နဲ့ AC လမ်းအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဆက်တည်းမှာ ကရင်ပြည်နယ်ရဲ့ ကျေးလက်လမ်းတွေကို Pilot Project နဲ့ ဆောင်ရွက်ထားတဲ့အတွက် ကရင်ပြည်နယ်ဟာ အများကြီးဖွံ့ဖြိုးတိုးတက်လာပြီး အလားအလာကောင်းတဲ့ပြည်နယ် ဖြစ်လာပါတယ်။

*စာမျက်နှာ (ဆ)သို့*




နန့်စလိန်ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ ဆွေးနွေးစဉ်။

◆ **အဓိက လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်မှုတွေကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လမ်း၊ တံတားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နှစ်နှစ်တာကာလမှာ ဦးစားပေး ဆောင်ရွက်နိုင်ခဲ့**

◆ **ယခင်က လမ်းလုံးဝမပေါက်တဲ့ ဒေသတွေမှာ လမ်းဖောက်လုပ်နိုင်ခြင်းကြောင့် သိသိသာသာ တိုးတက်မှုတွေရှိခဲ့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(စ)မှ*

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ဟာ မိမိတို့ အစိုးရသစ်လက်ထက်မှာ နံပါတ်(၁) ဦးစားပေး ပြည်နယ်တွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မြောက်ဘက် အစွန်ဆုံးဖြစ်တဲ့ ကျီခါး-တွန်းဇံ အဲဒီကမှ တီးတိန်-ဖလမ်း-ဟားခါး-မတူပီ-အစွန်ဆုံး ဖြစ်တဲ့ ပလက်ဝ၊ ကျီခါးကနေပြီး ပလက်ဝထိ တောင်မြောက်လမ်းမကြီးကို ငါးနှစ်အတွင်း ဖောက်လုပ်ရန် သတ်မှတ်ထားပြီး စတင်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ယခုအခါ ကျီခါးနဲ့ တွန်းဇံ၊ တွန်းဇံနဲ့တီးတိန်ကြားမှာ လိုအပ်တဲ့ လမ်း၊ တံတားတွေ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။

**မတူပီ - ပလက်ဝလမ်းပိုင်း**

နတ်ဇန်တံတားကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဟားခါးနဲ့ မတူပီလမ်းပိုင်းကိုလည်း အချို့နေရာတွေမှာ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း စသည်ဖြင့် နှစ်နှစ်တာအတွင်း သိသာထင်ရှားစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မတူပီ - ပလက်ဝ လမ်းပိုင်းကို နှစ်နှစ်တာအတွင်းမှာ မြေသားလမ်း အဆင့်ပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်းတွေကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး လာမယ့်နှစ်တွေမှာလည်း တိုးတက်အောင် ဆောင်ရွက်ဖို့ ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက် ကျေးလက်လမ်းတွေကို နှစ်နှစ်အတွင်းမှာ သိသာတဲ့ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်ကို World Bank အကူအညီ ဒေါ်လာ သန်း ၆၀ နဲ့ အဆင့်မြှင့်တင်သွားဖို့ရှိပါတယ်။ ဂျပန်နိုင်ငံ JICA ဖွံ့ဖြိုးရေး အေဂျင်စီ အကူအညီနဲ့လည်း ဟားခါး-ဂန့်ဂေါလမ်းပိုင်း မိုင် ၈၀ ကို အဆင့်မြှင့်တင်လျက်ရှိပါတယ်။ ချင်းပြည်နယ်ရဲ့လမ်း၊ တံတားကဏ္ဍတွေဟာ နှစ်နှစ်တာအတွင်းမှာ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်သလို လာမယ့်နှစ်တွေမှာလည်း ဦးစားပေး ဆောင်ရွက်မှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နဲ့ ဆက်သွယ်မယ့် ဆာဆီချောက်-ထန်တလန်လမ်းမကြီးကို နှစ်နှစ်တာအတွင်း ဖောက်လုပ်နိုင်ခဲ့ပြီး ဆက်လက်အဆင့်မြှင့်တင်သွားဖို့ရှိပါတယ်။

မွန်ပြည်နယ်မှာရှိတဲ့ လမ်းဦးစီးဌာနပိုင် လမ်းတွေကို ၉၀ ရာခိုင်နှုန်းကျော် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယင်းနဲ့ ဆက်သွယ်ထားတဲ့ Secondary လမ်းတွေကိုလည်း ကတ္တရာလမ်းအဆင့်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ရသေ့တောင်-ဘူးသီးတောင်လမ်းပိုင်း**

ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောအထိ ၉၄ မိုင်ရှည်တဲ့လမ်းမကြီးကို ယခင်က မောင်တောသွားမယ်ဆိုရင် စက်လှေနဲ့ပဲ သွားရပါတယ်။ မတ်လ ၃၁ ရက်နေ့က ဒီလမ်းမကြီးပေါ်မှာရှိတဲ့ ရသေ့တောင်တံတားအပါအဝင် တံတားငါးစင်းကို ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် စစ်တွေကနေ မောင်တောကို ကားနဲ့ လေးနာရီကျော်လောက်နဲ့ သွားလာနိုင်ပြီ ဖြစ်ပါတယ်။ ကျန်နေသေးတဲ့ ရသေ့တောင်-ဘူးသီးတောင်လမ်းပိုင်း မြေသားလမ်းကိုလည်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားဖို့ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့အဓိကဝင်ပေါက်ကြီးဖြစ်တဲ့ မင်းဘူး - အမ်း-စစ်တွေ လမ်းပိုင်းဟာ ယခင်က ဆိုရင် ၁၅ နာရီ၊ ၁၆ နာရီသွားခဲ့ရပြီး ယခုဆိုရင် ၁၁ နာရီလောက်နဲ့ မင်းဘူးကနေ စစ်တွေအထိ သက်သောင့်သက်သာ သွားလာနိုင်ပြီ ဖြစ်ပါတယ်။




ကွမ်းလုံတံတားသစ်တည်ဆောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့ လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဒိုက်ဦး-စစ်တောင်းလမ်းပိုင်းရှိ တံတားတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း အဆင့်မြှင့်တင်ထားမှု အခြေအနေ။

ဒီလမ်းပေါ်မှာရှိတဲ့ တံတားတွေအားလုံးကို ကွန်ကရစ်တံတားအဖြစ် သုံးနှစ်အတွင်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီလမ်းမကြီးပေါ်မှာရှိတဲ့ လမ်းအကွေ့အကောက်တွေကို ဖြေမယ်ဆိုရင် သုံးနှစ်အတွင်းမှာ မင်းဘူးကနေ အမ်းအထိ မောင်းချိန် ကိုးနာရီလောက်ရအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ရန်ကုန်-သံတွဲ ခုနစ်နာရီလောက်နဲ့ သွားလာနိုင်**

JICA အကူအညီနဲ့ တောင်ကုတ်-သံတွဲ၊ တောင်ကုတ်-ကျောက်ဖြူလမ်းပိုင်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့တဲ့အပြင် World Bank အကူအညီနဲ့ ငသိုင်းချောင်း - ဂွလမ်းကို ဒေါ်လာသန်း ၂၀နဲ့ အဆင့်မြှင့်တင် ဆောင်ရွက်ဖို့ရှိပါတယ်။ ရန်ကုန်ကနေ သံတွဲ-ငပလီကို မောင်းချိန် ကိုးနာရီနဲ့ သွားလာနိုင်အောင် နှစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်သုံးနှစ်တာအတွင်းမှာ ဆက်လက် အဆင့်မြှင့်တင်လိုက်မယ်ဆိုရင် ရန်ကုန်-သံတွဲအထိ ခုနစ်နာရီလောက်နဲ့ သွားလာနိုင်မှာ ဖြစ်ပါတယ်။

နှစ်နှစ်တာကာလအတွင်းမှာ ရှမ်းပြည်နယ်မှာဆိုရင် ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်းကို ဆက်သွယ်တဲ့လမ်းတွေကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တော်တော်များများ ဖောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ အချို့နေရာတွေမှာဆို ၁၂ ပေ အကျယ် ကတ္တရာလမ်း ဖောက်လုပ်ပေးနိုင်ခဲ့တဲ့အတွက်

*အချပ်ပို(ဇ)သို့*



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဝဝန်တံတား(လေးမျက်နှာ) တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

*အချပ်ပို(ဆ)မှ*

ရှမ်းပြည်နယ်အတွင်းရှိ လမ်းတွေဟာ အများကြီး တိုးတက်လာခဲ့ပါတယ်။ ဆက်လက်ပြီး ဂျာမနီနိုင်ငံ KfW အထောက်အပံ့နဲ့ ရှမ်းပြည်နယ်အတွင်း လမ်းကိုးလမ်း စုစုပေါင်း ၉၀ ကီလိုမီတာကို ကျေးလက်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျေးလက်လမ်းတွေမှာဆို Pilot Project နဲ့ လမ်း ၁၈ လမ်း ဖောက်လုပ်ပေးခဲ့ပါတယ်။

ကျန်တိုင်းဒေသကြီး ခုနစ်ခုမှာတော့ နှစ်နှစ်တာကာလအတွင်း တံတားပေါင်း ၂၈ စင်း၊ ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းမှာ ကွန်ကရစ်လမ်း ၄၀၅ မိုင်၊ ကတ္တရာလမ်း ၁၀၁၂ မိုင်၊ နိုင်လွန်ကတ္တရာ ၅၄၄ မိုင်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြောရရင် တနင်္သာရီတိုင်းဒေသကြီးမှာ မလွဲတောင်ကိုကျော်ပြီး ထားဝယ်-မြိတ်-ကော့သောင်းထိ နေ့ချင်းပေါက်သွားနိုင်ပါပြီ။ တချို့လမ်းတွေကိုတော့ AC လမ်းတွေအထိ အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ် ။

**မေး။ ။ BOT စနစ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ လမ်းပိုင်းတွေရဲ့ တိုးတက်မှုကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ BOT လမ်းပိုင်းတွေကို ယခင်တုန်းကတော့ ဝန်ကြီးဌာနက ကြီးကြပ်မှု အားနည်းတဲ့အတွက် BOT လမ်းပိုင်းတွေဟာ ပြည်သူတွေရဲ့ငြိုငြင်မှုတွေရှိခဲ့ပါတယ်။ ဒါကြောင့် နှစ်နှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနက BOT Task Force ဖွဲ့စည်းပြီး BOT လမ်းဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ အခု BOT လမ်းတွေဟာ အချို့နေရာတွေမှာ လေးလမ်းသွားအထိ အဆင့်မြှင့်တင်ပြီး ရန်ကုန် - မန္တလေးလမ်းမကြီးကိုလည်း လေးလမ်းသွားအထိ အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

**ကမ္ဘာကျော်ဂုတ်ထိပ်တံတား**

ဒေါ့အပြင် ဘုရားကြီး -ကျိုက်ထို၊ ကျိုက်ထို - သထုံတို့တွင် AC လေးလမ်းသွားအဖြစ် လည်းကောင်း၊ မန္တလေး - လားရှိုးလမ်း ဖြစ်တဲ့ ဂုတ်တွင်းမှာ မော်တော်ကားတစ်စီး ပျက်သွားရင် ကားတွေဟာ တော်တော်စောင့်ဆိုင်းရတဲ့အတွက် ကမ္ဘာကျော် ဂုတ်ထိပ်တံတားနဲ့ အပြိုင် Cable Stayed တံတားကြီးအား BOT ကုမ္ပဏီကို တည်ဆောက်ရန် တာဝန်ပေးထားပြီး ယင်းကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုဒေါ်လာ သန်း ၁၀၀ ကျော်နဲ့ မကြာခင် ဆောက်လုပ်တော့မှာ ဖြစ်ပါတယ်။ ဒီတံတားကြီးပြီးသွားရင် ဂုတ်တွင်းထဲကို ဝင်ထွက်သွားလာရတဲ့ အချိန် ၄၅ မိနစ်လောက် သက်သာသွားမှာ ဖြစ်ပါတယ်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၃ မြို့ကို Urban Planning အပြီးသတ်ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ Urban Planning နဲ့ပတ်သက်ပြီး ပြန်လည်ပြုပြင်ရေးဆွဲရမယ့် မြို့တွေကိုလည်း လက်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဝန်ကြီးချုပ်တွေနဲ့ ညှိနှိုင်းပြီး ပြန်လည်ရေးဆွဲလျက်ရှိပါတယ်။

**အိမ်ရာတစ်သန်း ဆောင်ရွက်ဖို့ရှိ**

ဂျပန်နိုင်ငံ JICA၊ ကိုရီးယားနိုင်ငံ KOICA တို့နဲ့ပူးပေါင်းပြီး ရန်ကုန် - ဟံသာဝတီ - ပဲခူးစကြံနဲ့ ရန်ကုန်အနောက်တောင်ပိုင်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲခြင်းနဲ့ Yangon Region Master Plan ရေးဆွဲခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အိမ်ရာကဏ္ဍအနေနဲ့ ၂၀၃၀ ပြည့်နှစ်ထိ အိမ်ရာတစ်သန်း ဆောင်ရွက်ဖို့ရှိပြီး နှစ်နှစ်တာအတွင်းမှာ စုစုပေါင်းအိမ်ရာကဏ္ဍ ၁၀၉၂၄ ခန်း ဆောင်ရွက်ခဲ့ကာ ရာနှုန်းပြည့် ပြီးစီးသည့် အခန်းပေါင်း ၅၇၄၈ ခန်းဖြစ်ပြီး ၅၁၇၆ ခန်းကျော်ကတော့ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီး မတ်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးသည့် အခန်းပေါင်း ၁၅၇၀ ရှိမှာ ဖြစ်ပါတယ်။

သုံးနှစ်အတွင်း အခန်းပေါင်း ၈၀၀၀ ကျော် ဆောက်လုပ်ဖို့ ရှိပါတယ်။ PPP စနစ်ဖြင့် ဌာနမှ အခန်းပေါင်း ၄၀၀၀ ကျော်၊ ကုမ္ပဏီများဘက်မှ အခန်းပေါင်း ၆၀၀၀ ကျော် စုစုပေါင်း အခန်းပေါင်း ၁၀၀၀၀ ကျော် ဆောင်ရွက်ဖို့ ရှိပါတယ်။

**ကာလရှည်၊ ကာလတိုသင်တန်း**

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ အဆင့်မီ အမြန်လမ်းမကြီးတည်ဆောက်ရန် Median Shoulder တိုးချဲ့ခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲ၍ ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝန်ထမ်းတွေ အရည်အသွေးတိုးတက်မြင့်မားစေဖို့ သုဝဏ္ဏ သင်တန်းကျောင်းမှာ သင်တန်းပေးတာတွေလည်း ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပမှာ ကာလရှည်၊ ကာလတိုသင်တန်းတွေကိုလည်း တက်ရောက်စေခဲ့ပါတယ်။ ကျွန်တော်တို့မှာရှိတဲ့ ဓာတ်ခွဲခန်းသုံးခုမှာ သုတေသနလုပ်တာတွေ၊ Construction Material တွေကို ဓာတ်ခွဲစမ်းသပ်တာတွေကို ပြုလုပ်ပြီး Construction Industry တစ်ခုလုံးကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာနဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေဖြစ်တဲ့ ထားဝယ်ကနေ ကချာနာပူရီထိ ထားဝယ်ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် သုံးနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ကုန်စည်ပို့ဆောင်နိုင်မယ့်လမ်းကြောင်းများ**

ကချင်ပြည်နယ်မှာ ဗန်းမော်-လွယ်ဂျယ်လမ်း၊ မြစ်ကြီးနား-ကန်ပိုက်တီး လမ်းတွေကို အဆင့်မြှင့်တင်ပြီး တရုတ်နိုင်ငံနဲ့ စီးပွားရေးကုန်သွယ်မှု တိုးတက်လာအောင် ဆောင်ရွက်ဖို့ရှိပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေဖြစ်တဲ့ ကလေး-တမူးလမ်း၊ ရိဒ်-တီးတိန်လမ်းကို လမ်းအူကြောင်းအသစ် ဖောက်လုပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်မယ့်လမ်းတွေကတော့ ရိဒ်-တီးတိန်လမ်း၊ ဆာဆီချောက်-ထန်တလန်-ဟားခါးလမ်း၊ ဘွေနူးမြစ်ကူးတံတားကြီးပြီးပါက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖောက်လုပ်နိုင်ဖို့ အိန္ဒိယအစိုးရနဲ့ ညှိနှိုင်းနေပါတယ်။ လက်ရှိဆောင်ရွက်ဆဲ ပလက်ဝ-ကလက်ဝ မြစ်ဝကနေ စစ်တွေရေနက်ဆိပ်ကမ်းထိ အဲဒီကနေတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ကုန်စည်ပို့ဆောင်နိုင်မယ့်လမ်းကြောင်းများကိုလည်း ဖောက်လုပ်လျက်ရှိပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနဟာ Public Housing တွေ ဖွံ့ဖြိုးတိုးတက်ဖို့ နှစ်နှစ်တာအတွင်း ဆောင်ရွက်နိုင်ခဲ့သလို သုံးနှစ်တာမှာလည်း ကျေးလက်လမ်းတွေကို ဦးစားပေးဆောင်ရွက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

အခုလိုပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

**ရန်ကုန် ကနေ သံတွဲ-ငပလီကို မောင်းချိန် ကိုးနာရီနဲ့ သွားလာနိုင်အောင် နှစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့။**

**နောင် သုံးနှစ်တာ အတွင်းမှာ ဆက်လက် အဆင့်မြှင့်တင်လိုက်မယ်ဆိုရင် ရန်ကုန်-သံတွဲအထိ ခုနစ်နာရီ လောက်နဲ့ သွားလာ နိုင်မှာဖြစ်။**



ကဆန်ချချောင်းကူး ရပ်ဘော့တံတား။